www.burmeseclassic.com

သင့်ဘဝတိုးတက်ကြီးပွားရေးအတွက်
လောက၏အမြတ်ဆုံးရတနာကိုဦးထိပ်ပန်ဆင်ပါ

မြတ်စွာဘုရားကိုဘာကြောင့်ကိုးကွယ်ထိုက်သလဲ

BURMESE CLASSIC

# မြတ်ဗုဒ္ဓ

တတိယအကြိမ်

ဒေါက်တာမင်းတင်မွန်

မြတ်ဗုဒ္ဓ ဒေါက်တာမင်းတင်မွန်

www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဗုဒ္ဓ

- လောကမှာ အမွန်မြတ်ဆုံးရတနာက ဘာလဲ။
- ဘယ်ရတနာကို ပန်ဆင်ရင် အတင့်တယ်ဆုံး ဖြစ်မှာလဲ။
- သင့်ဘဝ ကြီးပွား တိုးတက်ရေး အတွက် ဘယ်သူ့ကို အားကိုးမလဲ။
- ပညာအရှိဆုံး သီလဂုဏ် သမာဓိဂုဏ် အကြီးဆုံးပုဂ္ဂိုလ်ကို မဆည်းကပ်ထိုက်ဘူးလား။
- ဗုဒ္ဓမြတ်စွာဟာ ပညာအရှိဆုံး၊ အမြင့်မြတ်ဆုံး၊ အရဲရင့်ဆုံး ဘုန်းတန်ခိုးအကြီးဆုံးဆိုတာ သင်သိသလား။
- မြတ်ဗုဒ္ဓကို ကိုးကွယ်ရင် ဘာအကျိုးရမှာလဲ။
- မြတ်ဗုဒ္ဓဟာ ဘေးရန်အန္တရာယ်တွေကို ကာကွယ်ပေးနိုင်သလား။
- မြတ်ဗုဒ္ဓကို ကြည်ညိုစိတ်ဖြစ်ရုံနဲ့ အဖိုးမဖြတ်နိုင်တဲ့ စည်းစိမ်ချမ်းသာ ရနိုင်တာကို သင် သိသလား။
- ဗုဒ္ဓဘာသာဟာ ရုပ်ပုံရုပ်တုကို ကိုးကွယ်တာလား။
- မြတ်ဗုဒ္ဓဟာ သတ္တဝါများချမ်းသာဖို့ ပွင့်ပေါ်လာတယ်။ မြတ်စွာဘုရား ပွင့်ပေါ်တာ သင့်အတွက် ဖြစ်ပြီလား။

ဒေါက်တာမင်းတင်မွန်

design:mehmthitsa,296057

www.burmeseclassic.com

www.burmeseclassic.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအပေါင်းကို တရားအလှူက အောင်နိုင်၏။

သို့

.............................................

.............................................

အမှတ်တရ အမြတ်ဆုံးဓမ္မလက်ဆောင်ကို ပေးပို့ပါ၏။

ဘုရားရှင့်ကျေးဇူးဖြင့် မင်္ဂလာအပေါင်း ခညောင်းပါစေ။

မှ

.............................................

.............................................

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၂၅၄/၂၀၀၂) (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၁၆၃/၂၀၀၃) (၃)

●

၂၀၀၃ ခုနှစ်၊ ဧပြီလ၊ တတိယအကြိမ်၊ အုပ်ရေ-၅၀၀

●

**ထုတ်ဝေသူ**
မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်သူ**
ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**ဖြန့်ချိရေး**
မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၂၈၆၆၁၀၊ ၀၉၈၀-၂၂၅၁၆

●

တန်ဖိုး - **၄၀၀ကျပ်**

www.burmeseclassic.com

www.burmeseclassic.com

မြတ်နိုးယုယ ပန်ဆင်ကြသူတို့အား
အကန့်အသတ်မရှိ လှပတင့်တယ် မြင့်မြတ်စေသော
လောကရဲ့ အဖိုးအတန်ဆုံး အမြင့်မြတ်ဆုံး ရတနာ...

# မြတ်ဗုဒ္ဓ

## မြတ်စွာဘုရားကို ဘာကြောင့် ကိုးကွယ်ထိုက်သလဲ

(တတိယအကြိမ်)

ဒေါက်တာမင်းတင်မွန်

သင့်ဘဝ ကြီးပွားချမ်းသာရေးအတွက်
ကိုယ်ပိုင်ရတနာ အမှတ်(၁)

www.burmeseclassic.com

www.burmeseclassic.com

## ပဏာမရှိခိုးခြင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အရဟတော – ကိလေသာအပူခပ်သိမ်း ကင်းငြိမ်းစင်ဖြူ၍
နတ်လူဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊

သမ္မာသမ္ဗုဒ္ဓဿ – သိစရာမှန်သမျှကို တစ်စမချန် မကြွင်းကျန်ဘဲ
သယမ္ဘုဉာဏ်ဖြင့်
မိမိအလိုလို ကိုယ်တော်တိုင် သိမြင်တော်မူထသော၊

တဿ ဘဂဝတော – ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ
ဘုန်းတန်ခိုးကျက်သရေ တင့်ဖြိုးလျှံဝေတော်မူထသော
ထိုမြတ်စွာဘုရားကို၊

မယံ – အကျွန်ုပ်တို့သည်၊ နမော – ရိုသေမြတ်နိုး လက်စုံမိုး၍
ရှိခိုးကန်တော့ကြပါ၏ အရှင်ဘုရား။

## မြတ်ဗုဒ္ဓ

မြတ်ဗုဒ္ဓကို ဆည်းကပ်ကိုးကွယ်ခြင်းဟာ
လောကမှာအမြတ်ဆုံး ရတနာကို ရရှိခြင်းပဲ ဖြစ်တယ်။
သင့်ရဲ့ စိတ်တန်ခိုး တိုးတက်ပြီး
သင့်ရဲ့ ကောင်းကျိုးချမ်းသာ တိုးပွားမှာ ဧကန်ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# သင် ကြီးပွားချမ်းသာဖို့

**"ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ"**

ခပ်သိမ်းသော သတ္တဝါတွေ
ချမ်းသာကြီးပွား အကျိုးများစေဖို့အတွက်
ဗုဒ္ဓမြတ်စွာဟာ လောကမှာ ပွင့်ပေါ်လာခြင်းဖြစ်တယ်။

**"ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာ"**

ဘုရားပွင့်ပေါ်ဖို့ အလွန်တရာခက်ခဲသလို
ဘုရားပွင့်ပေါ်တဲ့အခါနဲ့ ကြုံကြိုက်ဖို့ကလည်း
အလွန်တရာ ခက်ခဲလှတယ်။

**"မနုဿတ္တ ဘာဝ ဒုလ္လဘာ"**

လူ့ဘဝကို ရရှိဖို့ကလည်း အလွန်တရာခက်ခဲလှတယ်။
ဒီဒုလ္လဘတရားတွေကို သင် ရရှိနေတဲ့ အခါသမယကောင်းမှာ
သင် ကြီးပွားချမ်းသာအောင် ကြိုးဆောင်ပါလော့။

**သောတာပန်နှင့် တူတယ်**

"ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ မယိအဝေစ္စ ပသန္နာ
သဗ္ဗေတေ သောတာပန္နာ"

**(အင်္ဂုတ္တိုရ်ပါဠိတော်)**

အကြင်သူတို့သည် ငါဘုရား၌
မတုန်မလှုပ် သက်ဝင်ယုံကြည်ကြကုန်၏။
ထိုသူအားလုံးသည် သောတာပန်တို့သာတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မလက်ဆောင်

အမြို့မြို့ အနယ်နယ်မှာ
ဗုဒ္ဓအဘိဓမ္မာ အထူးရက်တိုသင်တန်း ပို့ချရင်း
ညဥ့်တရားပွဲများအဖြစ်
ဒေါက်တာမင်းတင်မွန် ဟောကြားခဲ့တဲ့
ဗုဒ္ဓ ဓမ္မ အကြောင်းအရာများကို
စာရှုပရိသတ်တို့အား
ကိုယ်ပိုင်ရတနာစာစဥ်အဖြစ် တင်ဆက်သွားပါမယ်။

**ဤစာအုပ်ဟာ ကိုယ်ပိုင်ရတနာအမှတ်(၁)ဖြစ်ပါတယ်။**

၁

## အဖိုးတန်ဆုံး ဘဝပညာ

ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ် ဆိုတဲ့ သင်္ဂြိုဟ်ကိုးပိုင်းဟာ
လူတိုင်း သိသင့်တဲ့ ဗုဒ္ဓတရားတော်ရဲ့ လိုရင်းအနှစ် ဖြစ်ပါတယ်။
အဖိုးတန်ဆုံး ဘဝပညာလည်း ဖြစ်ပါတယ်။

သင်္ဂြိုဟ်ကိုးပိုင်းကို လေးရက်တည်းဖြင့်
ရှင်းရှင်းလင်းလင်း သိနားလည်စေတဲ့
ဗုဒ္ဓအဘိဓမ္မာ အထူးရက်တိုသင်တန်းကို
**ဒေါက်တာမင်းတင်မွန် ကိုယ်တိုင်**
ပို့ချပေးနေပါတယ်။

အဘိဓမ္မာသင်တန်းနဲ့ တရားပွဲ ကျင်းပလိုကြတဲ့ မြို့နယ်များက
ဖုန်း – ၂၈၆၆၁၀ ကို ဆက်သွယ်နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


ချမ်းသာကြီးပွားရေး ... ၁၂
ဘုရားပွင့်တာ သင့်အတွက်ဖြစ်ပြီလား ... ၁၃
ကြည်ညိုစိတ်နဲ့ နတ်ဖြစ် ... ၁၅
ဘေးရန်ကင်းဝေး ... ၁၇
မြတ်ဗုဒ္ဓရဲ့ ခံတပ်တော် ... ၁၈
ငွေထောင်ထုပ်တွေ ... ၂၀
ဘာကြောင့် အကျိုးကြီးမားရသလဲ ... ၂၂
ဉာဏ်ပညာအကြီးဆုံးပုဂ္ဂိုလ် ... ၂၄
အကျင့်တရားနဲ့ အသိတရား စွယ်စုံသူ ... ၂၅
ဝစီသစ္စာပိုင်ရှင် ... ၂၈
လောကအလုံးစုံကို သိသူ ... ၂၉
ယဉ်ကျေးအောင် ဆုံးမတတ်သူ ... ၃၀
အာဋ္ဌာဝကနဲ့ မြတ်ဗုဒ္ဓ ... ၃၅
နတ်လူပြဟ္မာတို့၏ ဆရာ ... ၄၀


www.burmeseclassic.com

www.burmeseclassic.com



သစ္စာတရားကို ဖြန့်ချိသူ ... ၄၃
ဘုန်းတော်အနန္တ ... ၄၄
ကိုးပါးဂုဏ်အင် မှတ်ကျောက်တင် ... ၄၈
သဗ္ဗညုတဉာဏ်တော်ကို ဘယ်လိုရသလဲ ... ၅၁
ပါရမီအထောက်အထား ... ၅၅
သိဒ္ဓတ္ထမင်းသားဘဝ ... ၅၇
တောမထွက်အောင် မတားနိုင် ... ၆၀
ဒုက္ကရစရိယာအကျင့် ... ၆၂
ဘုရားဖြစ်တော်မူခြင်း ... ၆၅
သာသနာပြုပုဂ္ဂိုလ်အကျော် ... ၆၉
သစ္စာတရားရဲ့ လိုရင်း ... ၇၇
ပုဂ္ဂိုလ်လေးမျိုး ... ၈၀
သာသနာတော်စည်ပင်လာပြီ ... ၈၁
အရဲရင့်ဆုံး ပုဂ္ဂိုလ် ... ၈၅
မဟာကရုဏာရှင် ... ၈၆
ကယ်တင်ရှင်အစစ် ... ၉၀
ဆင်းတုရှိခိုးတာ အကျိုးရှိသလား ... ၉၄
နိုင်ငံခြားပါမောက္ခများ အရိုက်မိပြီ ... ၉၇
ဗုဒ္ဓအောင်လံတော် ... ၁၀၀
ဗုဒ္ဓါနုဿတိ ... ၁၀၄
ဘုရားဂုဏ်တော်အဖွင့် ... ၁၀၆

www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဗုဒ္ဓ

**အရှားပါးဆုံးနဲ့ အဖိုးတန်ဆုံး ရတနာ**

သိန်းတန် စိန်တစ်လုံးဟာ ဓာတုဗေဒသဘောအရ ကာဗွန်ဒြပ်စင်ဖြစ်တဲ့အတွက် မီးသွေးနဲ့ တစ်မျိုးတစ်စားတည်း ဖြစ်တယ်။

ဖြူစင်လှပတဲ့ ပုလဲရတနာဆိုတာ ကယ်လဆီယမ်ကာဗွန်နိတ်သာဖြစ်လို့ ထုံးကျောက်ခဲနဲ့ တစ်တန်းတစ်စားတည်း ဖြစ်တယ်။

ပြည်တန်ပတ္တမြားဆိုတာလည်း တွင်းထွက်သတ္တုရိုင်းတစ်ခုမျှသာ ဖြစ်တယ်။

ဒီကျောက်မျက်ရတနာတွေက ရှားပါးလှပလို့ လူတွေက တန်ဖိုးကြီးရတနာလို့ သတ်မှတ်ထားကြတယ်။ ဒီပညတ်ထားချက်ကို လူအများက လက်ခံထားကြလို့ ဒီရတနာတွေကို ဝတ်ဆင်ရင် ဂုဏ်တင့်တယ်လို့ ထင်နေကြတာ။

အမှန်က ဒီကျောက်မျက်တွေဟာ ဝတ်ဆင်သူတို့ကို ပိုပြီးမလှပလာစေပါဘူး၊ ပိုပြီးမမြင့်မြတ်စေဘူး၊ ဘာဂုဏ်သရေကိုမှ မတိုးပွားလာစေပါဘူး၊ တဏှာလောဘကိုသာ တက်ကြွပွားစီးစေပြီး ဘေးအန္တရာယ်ကိုတိုးပွားစေပါတယ်။

အပါယ်ကျအောင် လောဆော်ပေးနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ– ဘုရားအဖြစ်ကို အလွန်တရာရခဲပါတယ်။

အနည်းဆုံး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီးမှ ဘုရားဖြစ်နိုင်လို့ ဘုရားရတနာကသာ တကယ်ရှားပါးတဲ့ ရတနာဖြစ်တယ်။ ဘုရားသာသနာနဲ့ ကြုံကြိုက်နေတယ်ဆိုတာ အလွန်တရာရနိုင်ခဲတဲ့ ဘုရားရတနာကို မြတ်နိုးပန်ဆင်ခွင့် ဆည်းကပ်ခွင့် ရနေတဲ့ အခါသမယပါပဲ။

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားဟာ သိသင့်သိထိုက်တဲ့ အကြောင်းအရာ မှန်သမျှကို သိမြင်တော်မူလို့ လောကသုံးပါးမှာ ဉာဏ်ပညာ အကြီးဆုံးပုဂ္ဂိုလ်ဖြစ်တယ်။ ကိလေသာအညစ်အကြေးများကို ဝါသနာ အထုံအငွေ့မျှ မကျန်ကြွင်းရအောင် ပယ်ရှင်းနုတ်ဖြတ်ထားပြီးသူဖြစ်လို့ သုံးလောကမှာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူတယ်။ သူမတူအောင် ဖြည့်ကျင့်ထားတဲ့ ပါရမီအဟုန်အစွမ်းကြောင့် သုံးလောကမှာ တန်ခိုးအကြီးဆုံးပုဂ္ဂိုလ်လည်း ဖြစ်တော်မူတယ်။

လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ရဲ့ ကောင်းကျိုးချမ်းသာကို အများဆုံးသယ်ပိုးထမ်းရွက်ခဲ့တဲ့ ပုဂ္ဂိုလ်လည်း ဖြစ်တော်မူတယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာဟာ လောကသုံးပါးမှာ အဖိုးတန်ဆုံး အရှားပါးဆုံး အမြင့်မြတ်ဆုံးရတနာဖြစ်တော်မူပါတယ်။ လူ့ပြည်၊ နတ်ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်တို့မှာ ရှိကြတဲ့ ရတနာအပေါင်းတို့ထက် အဆပေါင်း ကုဋေကုဋာ မနှိုင်းသာအောင် ကဲလွန်မြင့်မောက် ဂုဏ်ဝင်မြောက်တဲ့ ရတနာအစစ်လည်း ဖြစ်တော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရတနာအစစ်အမှန်ဖြစ်တဲ့ မြတ်ဗုဒ္ဓရတနာကို မြတ်နိုးယုယ ပန်ဆင်ဆည်းကပ်ကြတဲ့လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ဟာ ကိလေသာမြူအညစ်အကြေး လျော့ပါးကင်းစင်ပြီး ချက်ချင်းအေးမြကြည်လင် ချမ်းသာလာကြတဲ့အပြင် မြင့်မြတ်တဲ့ ဂုဏ်အင်အဝဝ ကုံလုံပြည့်ဝလာလို့ လူထက်လူ ယဉ်ထက်ယဉ် ပဘုရင်ခေါင်မှူးအသွင် လောကတွင် အတင့်တယ်ဆုံး ကျက်သရေမင်္ဂလာအရှိဆုံးပုဂ္ဂိုလ်များ ဖြစ်လာကြတော့တယ်။

*မြတ်နိုးယုယ ပန်ဆင်ကြ ဗုဒ္ဓမြတ်ရတနာ။*
*ကောင်းဂုဏ်ပြည့်ဝ မြင့်မြတ်ရ သုခတိုးပွားမှာ။*
*ချမ်းသာစစ်မှန် မြတ်နိဗ္ဗာန် ကေန်ရောက်မည်သာ။*

၀

www.burmeseclassic.com

www.burmeseclassic.com

# ချမ်းသာကြီးပွားရေး

သင် ချမ်းသာကြီးပွားလိုတယ် မဟုတ်လား။

ချမ်းသာကြီးပွားချင်ရင် ဘာမှမလုပ်ဘဲနဲ့တော့ မဖြစ်မြောက်လာနိုင်ဘူး။ တစ်ခုခုတော့ လုပ်ရလိမ့်မယ်၊ ဘာလုပ်မလဲ။

ဗဟုသုတ ကုံလုံကြွယ်ဝပြီး သူတစ်ပါးကိုကူညီတတ်တဲ့ လူတစ်ယောက်ထံမှာ အကြံကောင်းဉာဏ်ကောင်း တောင်းခံရရင် မကောင်းဘူးလား။ ကောင်းတာပေါ့။

လူဆိုတာ မိမိအလိုလို တော်လာတတ်လာကြတာမှမဟုတ်ဘဲ။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့ထံက ပညာဆည်းပူးလေ့လာပြီးမှ တဖြည်းဖြည်းတတ်လာ တော်လာကြတာ။ ဗဟုသုတ ပေးနိုင်တဲ့ စာအုပ်ကောင်းတွေကိုလည်း ဖတ်ရှုသင့်ပါတယ်။

ဒါနဲ့ လောကမှာ အသိဆုံး အတော်ဆုံး အမြတ်ဆုံး ပုဂ္ဂိုလ်ဆိုတာ မရှိဘူးလား။ ရှိရင် အဲဒီပုဂ္ဂိုလ်ကို ဆည်းကပ်ပြီး သူ့ထံက နည်းနာနိဿယတွေ ခံယူရရင် မကောင်းဘူးလား။

လောကမှာ အသိဆုံး အတော်ဆုံး အမြတ်ဆုံးပုဂ္ဂိုလ်ဆိုတာ မြတ်ဗုဒ္ဓပါပဲ။ သူ့ကို ဆည်းကပ်ရင် သင် ချက်ချင်း ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့အဆုံးအမတွေကို သင်လိုက်နာကျင့်သုံးရင် ဒီဘဝမှာလည်း သင် ကြီးပွားချမ်းသာမယ်၊ နောင်ဘဝအဆက်ဆက်မှာလည်း သင် ကြီးပွားချမ်းသာမယ်။

ဘာဖြစ်လို့လဲ။ မြတ်ဗုဒ္ဓဟာ အတုမရှိမြင့်မြတ်ပြီး အလုံးစုံကို သိမြင်တော်မူတဲ့ပုဂ္ဂိုလ် ဖြစ်လို့ပါပဲ။

ဗုဒ္ဓမြတ်စွာရဲ့ ဂုဏ်တော်ကိုးပါးကို သင် သိနားလည်ရင် ဗုဒ္ဓမြတ်စွာကို သင် မဆည်းကပ်ဘဲ မနေနိုင်ပါဘူး။ မြတ်ဗုဒ္ဓ ဟောကြားတော်မူတဲ့ တရားတော်များကို သင်အသင့်အတင့်နားလည်သဘောပေါက်ရင် မြတ်ဗုဒ္ဓကို သင် မကြည်ညိုဘဲ မနေနိုင်ပါဘူး။ ဗုဒ္ဓမြတ်စွာရဲ့ သတ္တဝါအများ ချမ်းသာရေးလုပ်ငန်းကို သင် တစေ့တစောင်းနားလည်ရင်ပဲ မြတ်ဗုဒ္ဓကို သင် မလေးစားဘဲ မနေနိုင်ပါဘူး။

မြတ်ဗုဒ္ဓဟာ သတ္တဝါအပေါင်းကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်ပြီး မအိုရာ၊ မနာရာ၊ မသေရာ၊ ထာဝရအေးချမ်းရာဖြစ်တဲ့ နိဗ္ဗာန်ခေမာသောင်သို့ ပို့ဆောင်ဖို့အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပြုနိုင်ခဲ့တဲ့ ပါရမီတော်များကို ဖြည့်ဆည်းခဲ့ပါတယ်။

## ဘုရားပွင့်တာ သင့်အတွက်ဖြစ်ပြီလား

**ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ**

ခပ်သိမ်းသော သတ္တဝါတို့ ချမ်းသာကြီးပွား အကျိုးများကြစေခြင်း အကျိုးငှာ ဗုဒ္ဓမြတ်စွာသည် လောကဥ္စပွင့်ထွန်းတော်မူလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါဟာ မြတ်ဗုဒ္ဓရဲ့ သာသနာတော်ထွန်းကားနေဆဲ အခါ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမဖြစ်တဲ့ တရားတော်များဟာ ပြတ်ပြတ်သားသားတည်ရှိနေပါသေးတယ်။

မြတ်ဗုဒ္ဓရဲ့ကိုယ်စားတော်အဖြစ် ထားရှိခဲ့တဲ့ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒေသစေတီ၊ ပရိဘောဂစေတီတို့ကလည်း အထင်အရှား တည်ရှိနေကြပါသေးတယ်။

ဤစေတီမြတ်များကို သင် ဆည်းကပ်ကိုးကွယ်တတ်ရင် သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးတွေ့ရသလိုပဲ အကျိုးကျေးဇူး အလွန်များနိုင်ပါတယ်။

ပီပီပြင်ပြင် ထင်ထင်ရှားရှားရှိနေကြတဲ့ မြတ်ဗုဒ္ဓရဲ့တရား အဆုံးအမများကို သင်လိုက်နာကျင့်သုံးတတ်မယ်ဆိုရင် လူ့ချမ်းသာ နတ်ချမ်းသာလောက်ကို အလွယ်ကလေး ရနိုင်ပါတယ်။ အမြင့်မြတ်ဆုံးချမ်းသာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကိုလည်း ဤဘဝတွင်ပင် သင်မျက်မှောက်ပြုနိုင်ပါတယ်။

အဲဒီတော့ သတ္တဝါအများ ကြီးပွားချမ်းသာဖို့အတွက် ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းလာတာဟာ သင့်အတွက်ကော ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတာ ဖြစ်ပြီလား။

ဒီလို အခွင့်ကောင်း အခါကောင်းဆိုတာ ဘဝ တစ်ကုဋေ နေလို့မှ တစ်ကြိမ်ကြုံတွေ့ဖို့ မလွယ်ဘူး။ ကျောက်သံပတ္တမြားတွေကို အလိုရှိသလောက် ကောက်ယူနိုင်တဲ့ ရတနာတောင်ထိပ်ကို သင် ရောက်နေတာထက် အဆကုဋေကုဋာမက ပိုပြီး အကျိုးကျေးဇူး များနိုင်တဲ့ အခွင့်အခါကောင်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



သင် လက် ရှိရင် ပြည် တန် ကျောက် မျက် ရ တ နာ များ ကို ကောက်ယူနိုင်သလို သင့်မှာ ဘုရား တရား သံဃာကို ယုံကြည်တဲ့ သဒ္ဓါရှိရင် တန်ဖိုးမဖြတ်နိုင်တဲ့ ကုသိုလ်တရားတို့ကို အလွယ်တကူ ရယူနိုင်မှာပဲ။

ပြည်တန် ကျောက်မျက်ရတနာတွေက ဒီတစ်ဘဝမှာသာ အကျိုးပြုနိုင်ပါတယ်။ ရတနာမြတ်သုံးပါးကိုအခြေခံတဲ့ကုသိုလ်တရားတွေက ဘဝကုဋေကုဋာ ကောင်းစားအောင် အကျိုးပြုနိုင်တဲ့အပြင် အပါယ်ဘဝများသို့ မကျရောက်အောင်လည်း တားဆီးပေးနိုင်တယ်။

## ကြည်ညိုစိတ်နဲ့ နတ်ဖြစ်

သာဝတ္ထိပြည်က **မဋ္ဌကုဏ္ဍလီ** သတို့သားဟာ သေရာ ညောင်စောင်းမှာ လဲလျောင်းနေရပြီ။ သူကြွယ်ပုဏ္ဏားရဲ့ တစ်ဦးတည်းသောသား ဖြစ်ပေမယ့် မိစ္ဆာဒိဋ္ဌိအယူများကြောင့် ဘာကုသိုလ်ကောင်းမှုမှ မပြုထားခဲ့ရဘူး။ ဒါကြောင့် သူသေရင် အပါယ် ကျရောက်ရမှာကို ဗုဒ္ဓမြတ်စွာက မြင်သိတော်မူတယ်။

မြတ်ဗုဒ္ဓက ကယ်မတော်မူလိုတဲ့အတွက် မြို့တွင်းသို့ ဆွမ်းခံကြွရင်း မဋ္ဌကုဏ္ဍလီရဲ့ အိမ်ရှေ့လမ်းမှာ ခေတ္တရပ်တော်မူတယ်။ ဘုရားရှင်က ရောင်ခြည်တော်လွှတ်တော်မူလို့ မဋ္ဌကုဏ္ဍလီက လဲလျောင်းရာမှ ကိုယ်ခန္ဓာကို စောင်းငဲ့ပြီး ဗုဒ္ဓမြတ်စွာကို ကြည့်လိုက်တယ်။ အတုမရှိတဲ့ ဣန္ဒြေတော်နဲ့ ကြည်ညိုဖွယ်ကောင်းတဲ့ ဘုရားရှင်ကို ဖူးမြင်ရတော့ မဋ္ဌကုဏ္ဍလီဟာ ကြည်နူး ဝမ်းမြောက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ကို ဖူးမြင်ရလို့ ကြည်နူးဝမ်းမြောက်တယ်ဆိုတာ မဟာကုသိုလ်စိတ်တွေ ဖြစ်လို့ပဲ။ စိတ်ဟာ လက်ဖျစ်တစ်တွက်မှာ ကုဋေတစ်သိန်းကျော် ဖြစ်သွားနိုင်တဲ့အတွက် မြတ်စွာဘုရားကို ကြည်ညိုနေတဲ့ခဏမှာ မဟာကုသိုလ်စိတ်တွေ ကုဋေ သိန်းပေါင်းများစွာ ဖြစ်သွားနိုင်တယ်။ မဟာကုသိုလ်စိတ်တစ်ခုစီမှ ကုသိုလ်ကံမျိုးစေ့ တစ်ခုစီ ကျန်ရစ်ပြီး ကုသိုလ်ကံမျိုးစေ့ တစ်ခုစီကလည်း ချမ်းသာတဲ့ လူ့ဘဝ သို့မဟုတ် နတ်ဘဝတစ်ခု ဖြစ်ပေါ်လာအောင် အကျိုးပေးနိုင်တယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာကို တစ်ခဏမျှ ကြည်ညိုမိတဲ့အကျိုးအဖြစ် ချမ်းသာတဲ့ လူ့ဘဝ နတ်ဘဝ မြောက်မြားစွာကို ရနိုင်တာပေါ့။

ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ရဲ့ အကျိုးပေးပုံဟာ သိပ္ပံပညာထက်တောင် တိကျမှန်ကန်သေးတယ်။ ဗုဒ္ဓမြတ်စွာက ယထာကမ္မူပဂ အဘိညာဉ်တန်ခိုးနဲ့ ကံအကျိုးပေးပုံတွေကို အသေးစိတ် မြင်သိတော်မူလို့ သတ္တဝါတွေ အကျိုးများစေခြင်းငှာ ကံကံရဲ့အကျိုးရှိတာကို ဟောကြားတော်မူခြင်းဖြစ်ပေတယ်။

မဋ္ဌကုဏ္ဍလီဟာ ဘုရားရှင်မှာ ခေတ္တမျှ ကြည်ညိုစိတ် ဖြစ်လိုက်ရုံနဲ့ မကြာမီ သေလွန်တဲ့အခါ အပါယ်မလားရဘဲ တာဝတိံသာ နတ်ပြည်မှာ စည်းစိမ်ကြီးမားတဲ့ နတ်သားတစ်ပါး ဖြစ်သွားရပါတယ်။

ယခု လူ့လောကမှာ အလုပ်မည်မည်ရရမလုပ်ဘဲနဲ့ ချမ်းသာကြွယ်ဝနေတဲ့လူတွေ အမြောက်အမြားရှိတယ်။ အမေရိကန်ပြည်ထောင်စုမှာ ဒေါ်လာ သန်း ၁၀၀၀ ကျော် ချမ်းသာတဲ့ **'ဘီလျံနာ'** သူဌေးစာရင်းကို ကောက်ယူကြည့်တဲ့အခါ အများစုက

www.burmeseclassic.com

www.burmeseclassic.com



မိဘရဲ့အမွေကို ခံစားရလို့ ချမ်းသာနေတာကို တွေ့ရတယ်။ ဒါတွေဟာ အတိတ်က ကုသိုလ်ကံတွေရဲ့ အကျိုးကြောင့်ပါပဲ။

ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာမြတ်သုံးပါးကို ကြည်ညို လေးမြတ်ရတဲ့ ကုသိုလ်ကံဟာ အလွန်တရာကြီးကျယ်တဲ့ စီးပွားချမ်းသာတွေကို ရရှိစေနိုင်ပါတယ်။

## ဘေးရန်ကင်းဝေး

ညဥ့်အခါ လူပြတ်တဲ့နေရာ သစ်ပင်အုံ့အုံ့ဆိုင်းဆိုင်းတွေ အောက်က သင်ဖြတ်သွားရရင် သင်ကျောမချမ်းဘူးလား၊ ညဥ့်အခါမှာ သင်္ချိုင်းကို သင်ဖြတ်သွားဝံ့မလား။ 'ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ...' စတဲ့ဗုဒ္ဓဂုဏ်တော်ပြဂါထာကို သင် အေးအေးဆေးဆေးရွတ်ဆိုသွားရင် ဘေးအန္တရာယ်မရှိဘူး။ သင် 'ဣသောပိတိ...ဣသောပိတိ...' စသည်ဖြင့် ကြောက်ကြောက်လန့်လန့်နဲ့ အမြီးခေါင်း တည့်အောင်မဆိုနိုင်ရင် တစ္ဆေခြောက်ခံရချင် ခံရမှာပေါ့။

တောထဲသွားကြရမယ့်ရဟန်းတော်များကို မြတ်ဗုဒ္ဓက **ဓဇဂ္ဂသုတ်တော်**မှာ ဒီလိုမှာကြားတော်မူတယ်။

"ရဟန်းတို့...သိကြားမင်းက အသူရာနတ်တို့နဲ့ စစ်ခင်းတဲ့ အချိန်မှာ သူ့ရဲ့နတ်စစ်သည်များကို သူ့ရဲ့ ရထားတံခွန်ကို ဖြစ်စေ၊ သူ့တပ်မှူးများရဲ့ ရထားတံခွန်တို့ကိုဖြစ်စေ ကြည့်ကြဖို့ မှာတယ်၊ ဒီတံခွန်တွေကိုမြင်ရင် ကြောက်စိတ်တွေ ပြေပျောက်သွားလိမ့်မယ်တဲ့။

"မှန်တယ်၊ ခေါင်းဆောင်တွေက ရှေ့ကနေပြီး ရှုပ်ရှုပ်ရှဲ့ရှဲ့

www.burmeseclassic.com



တိုက်ရင် ငယ်သားများကလဲ သေသေကျေကျေတိုက်ကြမှာပဲ၊ ဒါပေမဲ့ သိကြားမင်းနဲ့ သူ့တပ်မှူးများဟာ ကိလေသာတွေ မကင်းကြသေးတော့ သေဘေးနဲ့ကြုံလာရင် ကြောက်ရွံ့တုန်လှုပ်ကြလိမ့်မယ်၊ သူတို့တုန်လှုပ်တာကို မြင်ရင် ငယ်သားများကလဲ ကြောက်ရွံ့တုန်လှုပ်ကြလိမ့်မယ်။

"ငါဘုရားနဲ့ ငါ့ရဲ့တပ်မှူးများဖြစ်ကြတဲ့ ရဟန္တာအရှင်မြတ်များက ကိလေသာတွေ လုံးဝကင်းစင်ပြီးဖြစ်ကြလို့ ဘယ်တော့မှ ကြောက်ရွံ့စိတ်ဖြစ်ပေါ်ကြမှာမဟုတ်ဘူး၊ ဒါကြောင့် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကို သင်တို့နှလုံးသွင်းကြလျှင် သင်တို့မှာ ကြောက်စိတ် ဘယ်တော့မှ မဖြစ်ပေါ်တော့ဘူးတဲ့"

ကိလေသာ မကင်းသူတွေက ကြောက်တတ်တယ်။ ကိလေသာကင်းရှင်းပြီးတဲ့ ဘုရားနဲ့ ရဟန္တာများက ဘယ်တော့မှ မကြောက်ကြဘူး။ ဒါကြောင့် သိကြားမင်းရဲ့ တံခွန်အောင်လံက လဲချင်လဲမယ်၊ မြတ်ဗုဒ္ဓရဲ့ တံခွန်အောင်လံက ဘယ်တော့မှ မလဲဘူး။

## မြတ်ဗုဒ္ဓရဲ့ ခံတပ်တော်

ရာဇဂြိုဟ်ပြည်က သူငယ်လေးတစ်ယောက်ဟာ 'နမော ဗုဒ္ဓဿ' (မြတ်စွာဘုရားကို ရှိခိုးပါ၏) ဆိုတာကို ရွတ်ဆိုပြီး ထွေပစ်ကစားတာ အမြဲနိုင်တယ်။ တစ်နေ့ကျတော့ သူ့ဖခင်နဲ့ အတူ တောထဲ ထင်းသွားခုတ်တယ်။ ညနေစောင်းမှ ထင်းခုတ်တာပြီးလို့ လွှတ်ထားတဲ့ နွားတွေကို လိုက်ရှာတော့ မတွေ့ရဘူး။

F-2-B www.burmeseclassic.com

www.burmeseclassic.com



ဖခင်က မြို့ထဲကို ဝင်ပြီး ပြန်မထွက်လာနိုင်ခင်မှာ မြို့တံခါးပိတ်သွားတယ်။

ဒါကြောင့် သူငယ်ကလေးဟာ ဆာဆာလောင်လောင်နဲ့ လှည်းအောက်မှာ အိပ်နေရှာတယ်။ ညဥ့်ရောက်တော့ အစာရှာထွက်တဲ့ ဘီလူးနှစ်ကောင်အနက် တစ်ကောင်က ကလေးကို စားဖို့ ခြေထောက်ကို ဆွဲလိုက်တယ်။ ကလေးက လန့်နိုးပြီး 'နမောဗုဒ္ဓဿ' လို့ ရွတ်ဆိုလိုက်တယ်။

အဲဒီအခါ အပူလုံးကြီးက ဘီလူးရဲ့ရင်ဘတ်ကို ဆောင့်တွန်းလိုက်သလို ဘီလူးနောက်လန်သွားတယ်။ သူ့ရဲ့တစ်ကိုယ်လုံးဟာလည်း မနေနိုင်အောင် ပူလောင်လာတယ်။

ဒီတော့ အဖော်ဘီလူးက "မင်း ဘုရားသားကို ပြစ်မှားမိပြီ၊ ကလေးကို ဗိမ္ဗိသာရမင်းကြီးရဲ့ ပွဲတော်အုပ်ကို ဆက်သပြီး တောင်းပန်လိုက်" လို့ အကြံပေးတယ်။ ဒီအကြံအတိုင်း ဆောင်ရွက်တော့မှ ဘီလူးက ချမ်းသာသွားတယ်။

ပိုမှတ်သားစရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုက ပခုက္ကူ **ဗုဒ္ဓခံတပ်** အကြောင်းပဲ။ အင်္ဂလိပ် -မြန်မာ တတိယစစ်ပွဲတုန်းက အင်္ဂလိပ်စစ်သင်္ဘောများက ဧရာဝတီမြစ်ကို ဆန်တက်လာကြတယ်။ ပခုက္ကူဗုဒ္ဓခံတပ်က မြန်မာလုပ် အမြောက်တစ်လက်နဲ့ ရှေ့ထိုးသေနတ်များနဲ့ ခုခံတယ်။ မြန်မာစစ်သားတွေက ၂၀ လောက်ပဲ ရှိတာ။ အင်္ဂလိပ်ရေတပ်ကြီးက သုံးကြိမ်တိုင်တိုင် တပ်လန်သွားတယ်။ ချီးကျူးစရာမကောင်းဘူးလား။

အဲ...အင်္ဂလိပ်ရေတပ်မှူးက မကျေမချမ်းနဲ့ သူ့တပ်ကို စည်းရုံးပြီး ချီတက်လာပြန်တယ်။ ဒီတစ်ခါ မြန်မာတပ်သားတွေ

www.burmeseclassic.com

www.burmeseclassic.com



အငိုက်မိကြတယ်။ ဗိုလ်လုပ်တဲ့သူက မောက်တို (ဦးထုပ်) ကို ချွတ်ပြီး မြစ်ထဲမှာ ရေဆင်းချိုးနေတာကိုး။ တပ်သားအချို့က လည်း လမ်းလျှောက်ထွက်နေကြတယ်။ အင်္ဂလိပ် ရေတပ်ကို တွေ့တော့မှ ခံတပ်ပေါ်သို့ ကမန်းကတန်း ပြေးတက်ပြီး ခုခံကြ တယ်။ ဒီတော့ စစ်ဗိုလ်က မောက်တိုကို ပြန်ဆောင်းဖို့ အချိန် မရလိုက်ဘူး။

အင်္ဂလိပ်ရေတပ်က တရကြမ်းပစ်ခတ်ပြီး ချီတက်လာကြ တယ်။ ကံဆိုးချင်တော့ အင်္ဂလိပ်စိန်ပြောင်း ကျည်တစ်လုံးဟာ မြန်မာ့အမြောက်ပြောင်းဝမှာ ပေါက်ကွဲတဲ့အတွက် မြန်မာခံတပ် ကျဆုံးသွားတယ်။

အင်္ဂလိပ်ရေတပ် ကျော်လွန်သွားပြီးတဲ့နောက် ခံတပ်ကို လူ တွေ လာကြည့်ကြတော့ စစ်ဗိုလ်ရဲ့ မောက်တိုပတ်ပတ်လည်မှာ ဗုဒ္ဓရဲ့ အောင်ခြင်းရှစ်ပါး ပါဠိများကို အစအဆုံး ရေးထိုးထား တာကို တွေ့ကြရတယ်။

အင်္ဂလိပ်ရေတပ်ကို သုံးကြိမ် နောက်လန်သွားစေတာ ဒီ အောင်ခြင်းရှစ်ပါးရဲ့ အစွမ်းကြောင့်ပဲလို့ ပခုက္ကူမြို့ အရှေ့တိုက် ဆရာတော်ဦးစန္ဒက မှတ်ချက်ချခဲ့တယ်။ နောက်ဆုံးအကြိမ် မှာ စစ်ဗိုလ်က မောက်တိုကို မဆောင်းမိလို့ရှုံးနိမ့်သွားရတာ။

လောကမှာ သိပ္ပံပညာက စမ်းသပ်လို့မရသေးတဲ့ လျှို့ဝှက် စွမ်းအင်တွေ အများကြီးရှိသေးတယ်။ ဗုဒ္ဓဂုဏ်တော်ရဲ့စွမ်းအင် ကိုလည်း သိပ္ပံက မစမ်းသပ်နိုင်သေးဘူး။ မစမ်းသပ်နိုင်သေး ပေမယ့် ဒီဂုဏ်တော်ရဲ့ စွမ်းအင် တကယ်ရှိတယ်ဆိုတာ ယုံမှား စရာ မရှိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



## ငွေထောင်ထုပ်တွေ

ကျေးဇူးရှင် **ဝေဘူဆရာတော်** ဘုရားကြီးက တစ်ခါက တရားပွဲမှာ မေးတော်မူတယ်။

"ဒကာတို့…ခုတရားပွဲက အပြန်လမ်းမှာငွေကျပ်တစ်ထောင် အထုပ်တစ်ထုပ်ကိုတွေ့ရင် ကျော်လျှောက်သွားမှာလား၊ ကောက်ယူမှာလား"

"ကောက်ယူမှာပါ ဘုရား"

"အဲဒီငွေထုပ်ကို ပိုင်ဆိုင်သူမပေါ်ရင် ဘာလုပ်မလဲ"

"ယူထားလိုက်မယ် ဘုရား"

"နောက်ထပ် ကျပ်တစ်ထောင်ထုပ်တစ်ထုပ် တွေ့ရင်ကော ယူဦးမှာလား"

"ယူမှာပေါ့ ဘုရား"

"နောက်ထပ်တစ်ထုပ် တွေ့ပြန်ရင်ကော"

"ယူဦးမှာပဲဘုရား"

"ဒကာတို့ဟာက သူများကောက်ဖို့အတွက်ကော ချန်မထားတော့ဘူးလား"

"မချန်ဘူး ဆရာတော်၊ တွေ့သမျှ ကောက်ယူမှာပဲ"

"ဟုတ်ပြီ၊ အဲဒီလို ငွေတစ်ထောင်ထုပ်တွေ များများလိုချင်ရင် ဒကာတို့ အိမ်ရောက်တဲ့အခါ ဘုရားစင်ရှေ့မှာ ရိုရိုသေသေ ထိုင်ပြီး ရှိခိုးပါ၊ တစ်ကြိမ် ဦးချရင် ကျပ်တစ်ထောင်ထုပ် တစ်ထုပ် ရပြီ၊ နောက်တစ်ကြိမ်ဦးချရင် နောက်တစ်ထုပ်၊ ဒကာတို့ ငွေထုပ်တွေ အလိုရှိသလောက် ဦးချပေါ့"

ဒါဟာ အင်မတန်ကောင်းတဲ့ ဥပမာတစ်ခုပဲ။ ဘုရားကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ဦးချတာ အမှန်က ငွေကျပ်တစ်ထောင်မက တန်ပါတယ်။ လူတွေက လက်ငင်း ငွေအကျိုးအမြတ်ရတဲ့ ဥပမာနဲ့ ပုံနှိုင်းပြမှ သဘောပေါက်လွယ်ကြတာကိုး။

ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်က တန်ဆောင်းတစ်ခုမှာ ဒီလိုစာတန်းရေးထိုးထားတယ်။

*ရှင်တော်မြတ်ဘုရားကို အဖိုးများစွာမထိုက်တဲ့ ပန်း တစ်ပွင့်ဖြင့်သော်လည်းကောင်း၊ ရေတစ်ခွက်ဖြင့်သော်လည်းကောင်း၊ တစ်ကြိမ်မျှသော်လည်း ပူဇော်မိသောသူသည် ဘဝများစွာ စီးပွား ချမ်းသာခြင်းသို့ ရောက်၏။*

ပါဠိတော်မှာလည်း ဒီလို လာရှိပါတယ်။

**"ကေပုပ္ဖံ ကောဒကံ၊ ပူဇေနာမိ သုခံလဘော၊**
**တသ္မာဟိ ဒါနမေသန္တု၊ မစ္စုရာဇေ အနာဂတေ"**

"သူတော်ကောင်းတို့...ပန်းတစ်ပွင့်မျှကို ဖြစ်စေ၊ ရေတစ်ပေါက်မျှကို ဖြစ်စေ လှူဒါန်းပူဇော်ရသူဟာ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို မုချပိုင်ပိုင် ရနိုင်ပေတယ်၊ များပြားတဲ့ အလှူဒါနတွေက အဘယ်ဆိုဖွယ်ရာရှိပါတော့မလဲ၊ ဒါကြောင့် သင် သူတော်ကောင်းတို့ဟာ မိမိထံမှောက်သို့ သေမင်းယုတ် မရောက်လာမီ သံသရာတစ်လျှောက်လုံး မှီဝဲစားသုံးနိုင်ဖို့ အတွက် ဒါနကောင်းမှုကို ပြုကြပါကုန်လော့"

## ဘာကြောင့်အကျိုးကြီးမားရသလဲ

မြတ်ဗုဒ္ဓကိုကြည်ညိုစိတ်ဖြစ်ရုံနဲ့ အနည်းငယ် လှူဒါန်းပူဇော်ရုံနဲ့ ဘာကြောင့် အကျိုးကျေးဇူး ကြီးမားရသလဲ၊ မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်တွေဟာ ဘာကြောင့် အစွမ်းထက်မြက်ရသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာဟာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့် ပါပဲ။

ဗုဒ္ဓမြတ်စွာဟာ လူသားတစ်ယောက်ဖြစ်လျက်နဲ့ ဘာကြောင့် နတ်တွေ ဗြဟ္မာတွေထက်တောင် ပိုပြီးမြင့်မြတ်ရသလဲ။

မြင့်မြတ်တာကို ရာထူးဌာနန္တရ၊ ဓနဥစ္စာတို့နဲ့ တိုင်းတာလို့ မရဘူး၊ တန်ခိုးတေဇော်အာနုဘော်တို့နဲ့လည်း တိုင်းတာလို့ မရဘူး၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နဲ့ တိုင်းတာရတယ်။ သတ္တဝါတွေကို ယုတ်ညံ့နိမ့်ကျစေတာက လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာတွေပဲ။ ဒီကိလေသာတွေကို သီလ၊ သမာဓိ၊ ပညာတို့နဲ့ အဆင့်ဆင့်ပယ်သတ်ရတယ်။ ကိလေသာ လုံးဝကင်းစင်သွားတဲ့ ပုဂ္ဂိုလ်ဟာ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်လာတယ်။ ကိလေသာကင်းတဲ့လူတစ်ယောက်ဟာ ကိလေသာ မကင်းစင်သေးတဲ့ နတ်တွေ၊ ဗြဟ္မာတွေထက် ပိုပြီးမြင့်မြတ်တယ်။

ဗုဒ္ဓမြတ်စွာဟာ လူနတ်ဗြဟ္မာတွေ အားလုံးထက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးမားတယ်။ ကိလေသာတွေကိုလည်း ဝါသနာအထုံအငွေ့မျှမကြွင်းကျန်ရစ်အောင် ပယ်သတ်ထားပြီး ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာဟာ လူနတ်ဗြဟ္မာတို့အထဲမှာ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူတယ်။

နတ်တွေ၊ ဗြဟ္မာတွေဟာ မြတ်စွာဘုရားက သူတို့ထက် မြင့်မြတ်နေတာ သိကြလို့ ဘုရားကို ရှိခိုးပူဇော်ကြတာပဲ။ ဘီလူးတစ္ဆေ၊ သရဲ စသည်တွေက သူတို့ထက် များစွာတန်ခိုးပိုကြီးတဲ့ နတ်ဗြဟ္မာတွေကတောင် ဘုရားကို ရိုသေလေးမြတ်ကြတာကို

www.burmeseclassic.com

www.burmeseclassic.com



မြင်လို့ သူတို့လည်း မြတ်စွာဘုရားကို ကြောက်ရွံ့ရှိသေကြတာပဲ။

ခုလို ကိလေသာကင်းစင်ပြီး အမြင့်မြတ်ဆုံးဖြစ်လို့ လူနတ်ဗြဟ္မာတို့ရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ ဂုဏ်တော်ဟာ **အရဟံ** ဂုဏ်တော်ပါပဲ။

## ဉာဏ်ပညာအကြီးဆုံးပုဂ္ဂိုလ်

ဗုဒ္ဓမြတ်စွာဟာ သိသင့်သိထိုက်တဲ့ အကြောင်းအရာမှန်သမျှကို နည်းညွှန်ပြပေးသူ ဆရာမရှိဘဲ ပါရမီအစွမ်းအဟုန်နဲ့ ကိုယ်တိုင် ကြိုးပမ်းမှုတို့ကြောင့် သိမြင်တော်မူခဲ့တယ်။

သိစရာမှန်သမျှကို အကောင်းဆုံး သိမြင်တော်မူခဲ့လို့ **'သမ္မာသမ္ဗုဒ္ဓ'** ဂုဏ်တော်ကို ရတော်မူပါတယ်။

အလုံးစုံသော တရားတို့ကို ဆရာမကူဘဲ မိမိအလိုလို သိမြင်တော်မူတဲ့ ဉာဏ်ကို **'သဗ္ဗညုတဉာဏ်'** လို့ ခေါ်တယ်။

ဒီဉာဏ်တော်ဟာ တကယ်ရှိနိုင်သလား။

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ တရားတော်များကို လေ့လာကြည့်ရင် ဗုဒ္ဓမြတ်စွာဟာ သဗ္ဗညုတဉာဏ်ပိုင်ရှင်ဖြစ်တော်မူတယ်ဆိုတာ ယုံမှားစရာမရှိဘူး။ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တို့ဟာ ကိလေသာတို့ကိုပယ်သတ်နိုင်ပြီး သတ္တဝါတို့ကိုအပါယ်မကျအောင် သယ်ဆောင်ထားနိုင်တဲ့အပြင် အိုနာသေ ကင်းတဲ့ ထာဝရချမ်းသာအစစ်ဖြစ်တဲ့ နိဗ္ဗာန်သို့လည်း ပို့ဆောင်ပေးနိုင်တယ် ဆိုတာ သိပ္ပံနည်းကျ သက်သေအထောက်အထားတွေ အထင်အရှားရှိနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လောကီပညာ၊ သိပ္ပံပညာတို့ဟာ ကိလေသာတို့ကို မခေါင်းပါးစေနိုင်ပါဘူး။ အပါယ်မကျအောင် မတားဆီးနိုင်ဘူး။ ဒါကြောင့် ဗုဒ္ဓမြတ်စွာရဲ့ တရားတော်လောက် အစွမ်းမထက်မြက်ကြပါဘူး။

ယနေ့ သုတေသီများက လောကီပညာနဲ့ သိပ္ပံပညာတို့မှာ မတွေ့ရှိရသေးတဲ့ အချက်အလက်များကို နေ့စဉ်နဲ့အမျှ တွေ့မြင်နေရပါတယ်။ မြတ်ဗုဒ္ဓရဲ့တရားတော်မှာတော့ နောက်ထပ်ဖြည့်စွက်စရာမရှိဘူး၊ အကုန် ပြည့်စုံနေတယ်။ မြတ်ဗုဒ္ဓသာ မဟောကြားခဲ့ရင် ဒီတရားကို အခြားဘယ်သူတစ်ဦးတစ်ယောက်မျှ မသိရှိနိုင်ပါဘူး။

ဒါကြောင့် ဗုဒ္ဓမြတ်စွာဟာ သဗ္ဗညုတဉာဏ်ပိုင်ရှင်အစစ်ဖြစ်တော်မူတယ်။

## အကျင့်တရားနဲ့ အသိတရား စွယ်စုံသူ

ဗုဒ္ဓမြတ်စွာရဲ့ 'ဝိဇ္ဇာစရဏသမ္ပန္န' ဂုဏ်တော်ဟာ နှိုင်းတုလွတ်ကင်းတဲ့ ဝိဇ္ဇာအသိဉာဏ်များနဲ့ စံတင်ရတဲ့ စရဏအကျင့်တရားများကို ဖော်ညွှန်းတဲ့ဂုဏ်တော် ဖြစ်တယ်။

မြတ်စွာဘုရားမှာ အထူးသိမြင်တတ်တဲ့ ဝိဇ္ဇာဉာဏ် ရှစ်ပါးရှိတယ်။

၁။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် = ရှေးကဖြစ်ခဲ့ဖူးတဲ့ဘဝအားလုံးကို ပြန်ပြီးအောက်မေ့ဆင်ခြင် သိမြင်နိုင်တဲ့ အသိဉာဏ်အထူး။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဒိဗ္ဗစက္ခုဉာဏ် = အဝေးကအာရုံ၊ အလွန်သေးငယ်တဲ့ အာရုံ၊ ဖုံးကွယ်နေတဲ့အာရုံ စသည်တို့ကို နတ်မျက်စိလို သိမြင်နိုင်တဲ့ အသိဉာဏ် အထူး။

၃။ အာသဝက္ခယဉာဏ် = ကိလေသာအာသဝတို့ကို ကုန်ခန်းစေတတ်တဲ့ အရဟတ္တမဂ်ဉာဏ်။

၄။ ဒိဗ္ဗသောတဉာဏ် = နတ်နားကဲ့သို့ ကြားသိနိုင်တဲ့ဉာဏ်။

၅။ ဣဒ္ဓိဝိဓဉာဏ် = မြေလျှိုးမိုးပျံခြင်းနှင့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်တဲ့ ဉာဏ်။

၆။ စေတောပရိယဉာဏ် = သူတစ်ပါးတို့ရဲ့ စိတ်ကူးအကြံအစည်ကို သိမြင်နိုင်တဲ့ ဉာဏ်။

၇။ ဝိပဿနာဉာဏ် = ရုပ်နာမ်တို့ရဲ့ သဘာဝအမှန်ကို မြင်သိတဲ့ ဉာဏ်။

၈။ မနောမယိဒ္ဓိဉာဏ် = မိမိစိတ်အလိုအတိုင်း ပြီးစီးဖြစ်မြောက်စေနိုင်တဲ့ ဉာဏ်။

ဗုဒ္ဓမြတ်စွာရဲ့ ဝိဇ္ဇာဉာဏ်များဟာ ဝိဇ္ဇာဓိုရ်တို့ရဲ့ဉာဏ်တွေထက်ရော၊ နတ် သိကြား ဗြဟ္မာတို့ရဲ့ ဉာဏ်တွေထက်ရော သာလွန်ပါတယ်။ ဒါကြောင့် လူနတ်ဗြဟ္မာတွေထဲက ဘယ်သူမှ ဗုဒ္ဓကို မယှဉ်ပြိုင်နိုင်ကြဘူး။

ဝိဇ္ဇာဓိုရ်တွေ နတ်သိကြားတွေ ကိုးကွယ်ချင်ကြတဲ့သူတွေဟာ ဝိဇ္ဇာဓိုရ်တွေ၊ နတ်သိကြားတွေ ကိုးကွယ်ကြတဲ့ မြတ်စွာဘုရားကို မြတ်မြတ်နိုးနိုးကိုးကွယ်သင့်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဗုဒ္ဓရဲ့စရဏအကျင့် ၁၅ ပါးကလည်း ထိပ်တန်းအကျင့်တရားတွေပဲ။

| | | |
|---|---|---|
| ၁။ သီလသံဝရ | = | ကိုယ်ကျင့်သီလ လုံခြုံခြင်း။ |
| ၂။ ဣန္ဒြိယသံဝရ | = | မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဣန္ဒြေခြောက်ပါးကို လုံခြုံစွာ စောင့်ထိန်းခြင်း။ |
| ၃။ ဘောဇနေမတ္တညုတာ | = | စားသောက်ဖွယ်အာဟာရဘောဇဉ်၌ ချင့်ချိန်တိုင်းတာမှုရှိခြင်း။ |
| ၄။ ဇာဂရိယာနုယောဂ | = | နိုးနိုးကြားကြားရှိခြင်း။ |
| ၅။ သဒ္ဓါ | = | ရတနာမြတ်သုံးပါးနဲ့ ကံတရားတို့ကိုယုံကြည်ခြင်း။ |
| ၆။ သတိ | = | ကုသိုလ်ကောင်းမှု၌ မမေ့မလျော့တဲ့ အမြဲသတိရနေခြင်း။ |
| ၇။ ဗာဟုသစ္စ | = | ကုသိုလ်၊ အကုသိုလ်တရားတို့၌ အကြားအမြင်များခြင်း။ |
| ၈။ ဝီရိယ | = | ကုသိုလ်အလုပ်များ၌ ကြိုးစားအားထုတ်မှု ရှိခြင်း။ |
| ၉။ ပညာ | = | တတ်ကောင်း၊ သိကောင်းတဲ့ အတတ်ပညာ, အသိပညာတို့မှာ ကျွမ်းကျင်လိမ္မာခြင်း။ |
| ၁၀။ ဟိရီ | = | မကောင်းမှုဒုစရိုက်များကို ကျူးလွန်ရန် ရှက်ခြင်း။ |
| ၁၁။ ဩတ္တပ္ပ | = | မကောင်းမှု ဒုစရိုက်များကို ကျူးလွန်ရန် ကြောက်လန့်ခြင်း။ |

www.burmeseclassic.com

www.burmeseclassic.com



၁၂-၁၅။ ရူပါဝစရ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်နှင့် စတုတ္ထဈာန်။

မြတ်စွာဘုရားရဲ့ ဝိဇ္ဇာဉာဏ်များက သဗ္ဗညုတဉာဏ် ပြည့်စုံလာအောင် ပြုပြင်ပေးကြတယ်။ စရဏတရားများက မဟာကရုဏာတော်ကို ပြည့်စုံအောင် ပံ့ပိုးပေးကြတယ်။

မြတ်စွာဘုရားဟာ သဗ္ဗညုတဉာဏ်တော်ဖြင့် သတ္တဝါများရဲ့ အကျိုးမဲ့မှု၊ အကျိုးရှိမှုတို့ကို သိတော်မူပြီး မဟာကရုဏာတော်ဖြင့် သတ္တဝါတို့ကို အကျိုးမဲ့မှုမှ ကယ်တင်ကာ အကျိုးရှိရာသို့ ပို့ဆောင်ပေးတော်မူတယ်။

## ဝစီသစ္စာပိုင်ရှင်

ဗုဒ္ဓမြတ်စွာဟာ ဟုတ်မှန်ပြီး အကျိုးရှိတဲ့စကားကိုသာ အခါခပ်သိမ်း ပြောဆိုတော်မူတယ်။ လူတို့မှာ ဖြစ်ထွန်းတဲ့ စကားခြောက်ခွန်း ရှိပါတယ်။

၁။ ဟုတ်မှန်တယ်၊ အကျိုးရှိတယ်၊ သူတစ်ပါး နှစ်သက်တဲ့ စကား။

၂။ ဟုတ်မှန်တယ်၊ အကျိုးရှိတယ်၊ သူတစ်ပါး မနှစ်သက်တဲ့ စကား။

၃။ ဟုတ်မှန်တယ်၊ အကျိုးမရှိဘူး၊ သူတစ်ပါးနှစ်သက်တဲ့ စကား။

၄။ ဟုတ်မှန်တယ်၊ အကျိုးမရှိဘူး၊ သူတစ်ပါး မနှစ်သက်တဲ့ စကား။

www.burmeseclassic.com

www.burmeseclassic.com



၅။ မဟုတ်မှန်ဘူး၊ အကျိုးမရှိဘူး၊ သူတစ်ပါး နှစ်သက်တဲ့ စကား။

၆။ မဟုတ်မှန်ဘူး၊ အကျိုးမရှိဘူး၊ သူတစ်ပါး မနှစ်သက်တဲ့ စကား။

မြတ်စွာဘုရားဟာ ပထမစကားနှစ်ခွန်းကိုသာ ပြောဆိုတော်မူတယ်။ ဒါကြောင့် ဗုဒ္ဓမြတ်စွာ အမိန့်ရှိလိုက်တဲ့ စကားတိုင်းဟာ ဟုတ်မှန်ပြီးအကျိုးရှိတယ်ဆိုတာကို ယုံကြည်စိတ်ချရပါတယ်။

ဒီလို ကောင်းတဲ့စကားကိုသာ အမြဲဆိုတော်မူတတ်လို့ ဗုဒ္ဓမြတ်စွာဟာ **သုဂတဂုဏ်ရှင်** ဖြစ်တော်မူပါပေတယ်။ ကောင်းသော နိဗ္ဗာန်ပြည်မြတ်သို့ ဦးဆောင်လမ်းပြအဖြစ် ကြွသွားတော်မူလို့လည်း မြတ်စွာဘုရားကို သုဂတဂုဏ်ရှင်လို့ ခေါ်ဆိုရပါတယ်။

## လောကအလုံးစုံကို သိသူ

လောကအလုံးစုံကို သိတော်မူတဲ့ ဗုဒ္ဓမြတ်စွာရဲ့ **လောကဝိဒူ** ဂုဏ်တော်ဟာ အလွန်တရာကြီးကျယ်ပါတယ်။ မြတ်စွာဘုရား အပြင် ဘယ်သူမှ ဒီဂုဏ်တော်ကို မရထိုက်ဘူး။

ဗုဒ္ဓမြတ်စွာ သိတော်မူတဲ့ လောကတွေထဲမှာ ဩကာသ လောက၊ သတ္တလောက၊ သင်္ခါရလောကတို့ ပါဝင်ကြတယ်။

ဩကာသလောကဆိုတာက သတ္တဝါတို့ဖြစ်တည်ရာ၊ ကျင်လည် ကျက်စားရာ ဘုံဌာနတွေပဲ၊ ဒီဘုံဌာနတွေက စကြဝဠာ တစ်ခုစီမှာ ၃၁ ဘုံရှိတယ်။ အပါယ် လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ထပ်နဲ့ ဗြဟ္မာ့ပြည် ၂၀ တို့ ဖြစ်ကြပါတယ်။ မြတ်စွာဘုရားဟာ စကြဝဠာအနန္တကို သိမြင်တော်မူတယ်။

သတ္တလောကဆိုတာ ၃၁ ဘုံအသီးသီးမှာ ကျင်လည်နေကြတဲ့ သတ္တဝါတွေပဲ။ သတ္တဝါတွေကို အကျဉ်းနည်းနဲ့ သတ်မှတ်ရင် လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲသား၊ ပြိတ္တာ၊ အသူရကာယ်၊ တိရစ္ဆာန်တို့ ဖြစ်ကြတယ်။ လူတွေမှာ လူအမျိုးမျိုးရှိကြသလို နတ်အမျိုးမျိုး၊ ဗြဟ္မာအမျိုးမျိုး၊ ငရဲသားအမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုး၊ ပြိတ္တာအမျိုးမျိုး၊ အသူရကာယ်အမျိုးမျိုး ရှိကြတယ်။ စကြဝဠာအနန္တဆိုတော့ သတ္တဝါတွေလည်း အနန္တပဲပေါ့။

သင်္ခါရလောကဆိုတာက သတ္တဝါအမျိုးမျိုးအဖြစ် ထင်ပေါ်လာစေတဲ့ ရုပ်တရား နာမ်တရားတွေပဲ။ ရုပ်တရားက ၂၈ ပါးရှိတယ်။ နာမ်တရားက စိတ်နဲ့ စေတသိက် ၅၂ ပါးရှိတယ်၊ ဒီရုပ်တရား နာမ်တရားတွေက အကြောင်းအကျိုး ဆက်နွှယ်ပြီး အမျိုးမျိုး အဖုံဖုံ ပေါင်းဖွဲ့ကာ ဖြစ်ပျက်နေကြလို့ သတ္တဝါတွေအနန္တ၊ ဘုံဌာနတွေအနန္တ ဖြစ်နေကြတာပဲ။

သိပ္ပံက ရုပ်လောကလောက်ပဲ သိမြင်တယ်။ အက်တမ်အမျိုးမျိုးတွေ နည်းအမျိုးမျိုးနဲ့ ပေါင်းဖွဲ့ကြလို့ ရုပ်ဝတ္ထုအမျိုးမျိုး၊ သတ္တဝါအမျိုးမျိုး၊ စကြဝဠာအမျိုးမျိုးတို့ ဖြစ်ပေါ်လာကြတယ်လို့ သိပ္ပံပညာရှင်တို့ ယူဆကြတယ်။ ဒီအယူအဆက မပြည့်စုံပါဘူး။ သတ္တဝါများ သံသရာကျင်လည်နေကြရတာတွေကို မရှင်းပြနိုင်ပါဘူး။

မြတ်စွာဘုရားက သတ္တဝါတစ်ဦးစီရဲ့ စိတ်နေသဘောထား၊ စိတ်ကူးအကြံအစည်၊ အလိုဆန္ဒ၊ စရိုက်ဓလေ့၊ ကြွေအနုအရင့်၊

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာအနည်းအများ၊ ပြုထားခဲ့တဲ့ကံတွေ၊ ကျင်လည်ခဲ့ပြီးတဲ့ ဘဝတွေ၊ နောင်ဖြစ်ရဦးမယ့် ဘဝတွေ စသည်ဖြင့် အလိုရှိသလို အသေးစိတ်သိမြင်တော်မူတယ်။ ဒါကြောင့် သတ္တဝါတို့ကို ထူးထူးခြားခြား ကယ်တင်နိုင်တာပေါ့။

## ယဉ်ကျေးအောင် ဆုံးမတတ်သူ

ပုထုဇဉ် လူနတ်တွေ၊ ဘီလူး နဂါး တိရစ္ဆာန်တွေ စသည်တို့မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စတဲ့ ကိလေသာတွေ ကိန်းအောင်းသောင်းကျန်းနေကြလို့ ဒီသတ္တဝါတွေ ရိုင်းစိုင်းခက်ထန် ကြမ်းကြုတ်နေကြရတယ်။

ဗုဒ္ဓမြတ်စွာက သတ္တဝါတစ်ဦးစီရဲ့ စရိုက်၊ ဓလေ့၊ ဣန္ဒြေအနုအရင့် စသည်ကို မြင်သိတော်မူတဲ့အပြင် သတ္တဝါတစ်ဦးစီနဲ့ သင့်တင့်လျောက်ပတ်တဲ့ ကိလေသာအမြစ်ဖြတ်ဆေးကိုလည်း တိုက်ကျွေးတော်မူတတ်တယ်။ ဒါကြောင့် ရိုင်းစိုင်းကြမ်းကြုတ်တဲ့ သတ္တဝါတို့ကို ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမတဲ့နေရာမှာ ဗုဒ္ဓမြတ်စွာထက် သာလွန်သူ မရှိဘူး။

ဒီအကြောင်းကြောင့် ဗုဒ္ဓမြတ်စွာဟာ **အနုတ္တရော ပုရိသ ဒမ္မသာရထိ** ဆိုတဲ့ ဂုဏ်တော်ကို ရတော်မူတယ်။

ရာဇဂြိုဟ်မြို့ထဲသို့ နောက်ပါသံဃာများနဲ့အတူ မြတ်စွာဘုရား ဆွမ်းခံဝင်တဲ့အခါ အရက်မူးနေတဲ့ **နာဠာဂီရိဆင်ပြောင်ကြီး**ဟာ မြတ်ဗုဒ္ဓကို ထိုးသတ်ဖို့အတွက် တစ်ဟုန်ထိုး ပြေးလာပါတယ်။ ဒေဝဒတ်ရဲ့ လမ်းညွှန်ချက်အရ အဇာတသတ်မင်းရဲ့ ဆင်ထိန်းများက ဆင်ကြမ်းကြီးကို အရက်မူးအောင် တိုက်ပြီး မြတ်စွာဘုရားကို ထိုးသတ်စေဖို့ စေလွှတ်လိုက်ခြင်းဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားဟာ တုန်လှုပ်ခြင်း မရှိဘူး၊ တစ်လောကလုံးသို့ ဖြန့်ကြက်ထားတဲ့ မိမိရဲ့မေတ္တာကို ဆင်ပြောင်ကြီးဆီ စုစည်းပြီး ပို့သလိုက်တယ်။ မေတ္တာဓာတ်ရဲ့ အာနုဘော်ကြောင့် ဆင်ကြမ်းကြီးဟာ ဘုရားရှေ့မှာ ဒူးတုပ်ဝပ်ဆင်းသွားတယ်။ မြတ်စွာဘုရားက တရားဟောလိုက်တော့ ဆင်ကြမ်းကြီးဟာ ဆင်လိမ္မာဖြစ်သွားတယ်။

တုတ်တွေ၊ ချွန်းတွေ၊ ကြိမ်လုံးတွေနဲ့ ရိုက်ပြီး ဆုံးမလို့ ရမယ့် ဆင်ကြမ်းကြီးကို မြတ်စွာဘုရားက လက်နက်မပါဘဲ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူနိုင်တယ်လို့ လူအများက တအံ့တသြ ပြောစမှတ်ပြုကြရပေတယ်။

မေတ္တာလက်နက်ဟာ တုတ် ဓား လက်နက်တို့ထက် ပိုပြီး ထက်မြက်စူးရှတာကို ဗုဒ္ဓမြတ်စွာက လက်တွေ့ပြလိုက်ခြင်းဖြစ်ပေတယ်။ လယ်တီဆရာတော်၊ မူလ သပိတ်အိုင်တောရ ဆရာတော် စတဲ့ ဗုဒ္ဓသာဝကများကလည်း မေတ္တာလက်နက်ကို အလားတူ သုံးစွဲခဲ့ကြပါတယ်။

ကောသလတိုင်း၊ သာဝတ္ထိပြည်အနီးက တောအုပ်ကြီးထဲမှာ လူတွေကို သတ်ပြီး လက်ညှိုးဖြတ်ယူနေတဲ့ လူဆိုးကြီး **အင်္ဂုလိမာလ** ဟာ ဆရာသမားအား လက်ညှိုးတစ်ထောင်ဖြင့် ပူဇော်နိုင်ရေးအတွက် မွေးမိခင်ကိုပင် ချမ်းသာခွင့်မပေးဘဲ လက်ညှိုး လိုက်ဖြတ်တော့မယ့်ဆဲဆဲမှာ ဗုဒ္ဓမြတ်စွာက ကြားဝင်ရပ်လိုက်တယ်။

အင်္ဂုလိမာလက မထင်မရှားတဲ့ ရဟန်းအသွင်နဲ့ မြတ်စွာဘုရားကို မြင်တော့ မြတ်စွာဘုရားဘက်ကို ဦးတည်ပြီး လိုက်တယ်။ မြတ်စွာဘုရားက ပကတိသွားမြဲတိုင်း ဣန္ဒြေရရ ကြွ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းနေပေမယ့် အင်္ဂုလိမာလ ပြေးလိုက်လို့ မမီဘူး။ ဒီတော့ သူ စဉ်းစားတယ်။

"တယ်ထူးပါလား၊ ပြေးနေတဲ့ သမင်ကို ငါမိအောင် ဖမ်းနိုင်တယ်၊ ပြေးနေတဲ့ ဆင်မြင်းတွေကိုလဲ ငါ မိအောင်ဖမ်းနိုင်တယ်၊ အခု ဒီရဟန်းက ဖြည်းဖြည်းမှန်မှန် ကြွသွားတာကို ငါ မိအောင် မလိုက်နိုင်ဘူး"

အင်္ဂုလိမာလက သုံးယူဇနာလောက် ပြေးလိုက်ပြီးတဲ့အခါ အလွန်မောပန်းလာတယ်၊ ခံတွင်းခြောက်ကပ်လာပြီးတော့ ချွေးပေါက် ချွေးစေးတွေ တစ်ကိုယ်လုံးမှာ ယိုစီးကျလာကြတယ်။ ခွန်အားရှိသူကို ခွန်အားကုန်ခန်းစေတဲ့နည်းနဲ့ မြတ်စွာဘုရား ဆုံးမနေပါပကော။

အင်္ဂုလိမာလက ရပ်တန့်လိုက်ပြီး "ရဟန်း... ရပ်လော့၊ ရပ်လော့"လို့ အော်ပြောလိုက်တယ်။

"အချင်း အင်္ဂုလိမာလ...ငါရပ်နေပါတယ်၊သင်ကသာ ပြေးလွှားနေတာ"

"အို...ရဟန်း၊ သင်က သွားနေပါလျက် ငါရပ်နေပါတယ်လို့ ဘာကြောင့် လိမ်ပြောရသလဲ၊ ရဟန်းဆိုတာ မုသားစကားကို ဆိုသင့်သလား"

"အချင်း အင်္ဂုလိမာလ... ငါဟာ ပါဏာတိပါတ စတဲ့ မကောင်းမှုဒုစရိုက်တွေကို လွန်ကျူးခြင်းမရှိတော့ဘူး၊ အခါ ခပ်သိမ်း လက်နက်တွေကို စွန့်ပစ်ထားပြီး အပါယ်လားခြင်း မရှိ၊ သုဂတိဘဝတို့ရဲ့ အထွတ်အထိပ်ဖြစ်တဲ့ နိဗ္ဗာန်လမ်းဝမှာ ရပ်တည်နေသူဖြစ်လို့ ငါကား ရပ်တည်နေသူမည်ပေတယ်၊သင်

www.burmeseclassic.com

www.burmeseclassic.com



ကား သတ္တဝါတို့ကို သနားကြင်နာခြင်း မရှိ၊ ကောင်းတဲ့ အကျင့်စာရိတ္တလဲ မရှိ၊ ဒုစရိုက်အမှုတွေကို တွင်တွင်လွန်ကျူးနေလို့ သေလွန်တဲ့အခါ အပါယ်ဘုံသို့ သွားရမယ့်သူ ဖြစ်တယ်၊ ဒါကြောင့် သင်ဟာ ရပ်တန့်နေသူ မဟုတ်၊ သွားနေသူသာ မည်ပေတယ်"

ဗုဒ္ဓမြတ်စွာရဲ့ အနှစ်သာရရှိလှတဲ့ စကားကို ကြားနာနေရတဲ့အခါ ရဟန္တာဖြစ်ဖို့ ပါရမီအဟုန်ပါလာသူ အင်္ဂုလိမာလဟာ ချက်ချင်း သတိသံဝေဂ ရလာတယ်။

"ဒီလိုစကားကို ပြောတတ်တဲ့သူဟာ မြတ်စွာဘုရား ဖြစ်ပေမှာပဲ၊ မကောင်းမှုဒုစရိုက်တွေကို ကြာရှည်စွာ ကျူးလွန်နေတဲ့ ငါ့ကို သနားတော်မူလို့ ဒီတောအုပ်ဆီ ကြွတော်မူလာတာ ဖြစ်မှာပဲ"

အင်္ဂုလိမာလဟာ ဓား၊ လှံ လက်နက်တွေကိုရော၊ လက်ညှိုးပန်းကုံးကိုရော ရေအိုင်တစ်ခုထဲသို့ ပစ်ချလိုက်တယ်။ မြတ်စွာဘုရားရဲ့ ရှေ့တော်မှောက်မှာ ဝပ်စင်းပြီးတော့...

"အရှင်ဘုရား...အကျွန်ုပ်အား သနားချီးမြှောက်တော်မူပါ၊ ယုတ်မာတဲ့အကျင့်တွေကို စွန့်လွှတ်ပါတော့မယ်" လို့ လျှောက်ထားတယ်။

မြတ်စွာဘုရားက အထူးထူးသော တရားတို့ကို ဟောကြားဆုံးမပြီးတော့ ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ချီးမြှောက်လိုက်ရာ အင်္ဂုလိမာလဟာ ခိပ္ပာဘိညရဟန္တာဖြစ်တော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အာဠဝကနဲ့ မြတ်ဗုဒ္ဓ

ဟိမဝန္တာအနီးမှာ တည်ရှိတဲ့ အာဠာဝီတိုင်းအတွင်းမှာ ညောင်ပင်ကြီးတစ်ပင်ကို အပိုင်စားရထားတဲ့ အာဠဝကဘီလူး ဆိုတာ ရှိတယ်။ သူ့ရဲ့ ရတနာဗိမာန်က မြေပြင်မှာ ငါးယူဇနာ၊ အမြင့် သုံးယူဇနာရှိတယ်။

တစ်နေ့မှာ အာဠဝီမင်းက တောကစားထွက်တာ တောအုပ် တစ်ခုထဲကို ဇေယျာသမင်တစ်ကောင် ပြေးဝင်သွားတာကိုမြင်လို့ သူ့လူတွေနဲ့ ဝိုင်းကြတယ်။ သမင်က မင်းကြီးရဲ့ ဘေးနားက ထွက်ပြေးသွားတယ်။

"ရွှေသမင် ဘယ်ကထွက်၊ မင်းကြီးတာက ထွက်" လို့ ပြောဆိုကြမှာကို မခံချင်လို့ မင်းကြီးဟာ သမင်နောက်ကို လိုက်တယ်။ မီလာတော့ သမင်ကို သန်လျက်နဲ့ ခုတ်ပိုင်းတယ်။ သမင်သား ထမ်းပြီး ပြန်အလာမှာ မင်းကြီးက အာဠဝကညောင်ပင်အောက် မှာ ဝင်နားတယ်။

အာဠဝကဘီလူးက ဘုရင်ကို ဖမ်းစားဖို့ ချဉ်းကပ်လာတော့ ဘုရင်က ကြောက်လန့်ပြီး "နေ့စဉ် လူတစ်ယောက်နဲ့ ထမင်း တစ်အိုးကို ပို့ပေးပါ့မယ်၊ ကျွန်ုပ်ကို အသက်ချမ်းသာပေးပါ" လို့ တောင်းပန်တယ်။ ဘီလူးက သဘောတူလိုက်တယ်။

နေပြည်တော်ကို ပြန်ရောက်တော့ ဘုရင်က မြို့ဝန်ကို ခေါ်ပြီး ဘီလူးအား ကတိပေးခဲ့ရတဲ့အကြောင်း ပြောပြတယ်။ ပထမ အကျဉ်းသားတွေကို တစ်နေ့တစ်ယောက် ဘီလူးထံ ပို့ဆက် တယ်။ အကျဉ်းသား ကုန်တော့ လမ်းမ လမ်းသွယ်တို့မှာ ဥစ္စာ ထုပ်ကို ချပြီး ကောက်ယူတဲ့သူကို ဘီလူးထံပို့တယ်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ပုခက်ထဲ သိပ်ထားရတဲ့ကလေးငယ်တို့ကို တစ်နေ့တစ်ယောက် ဘီလူးထံ ပို့ဆက်တယ်။

ဒီလိုနဲ့ ၁၂ နှစ်ကြာလာတော့ လူပေါင်း ၄၃၂၀ ကို ဘီလူးစာ ကျွေးခဲ့ရပြီး ပို့ဆက်စရာကလေးတွေလည်း မရှိတော့လို့ ဘုရင့် သားတော်ကလေး အာဠဝကကုမာရကို ပို့ဆက်ဖို့အလှည့်ရောက် လာတယ်။

မင်းသားကလေးကို ဘီလူးစာကျွေးမယ့်နေ့ မတိုင်မီ တစ် ရက်က မိုးသောက်ယံမှာ မြတ်စွာဘုရားဟာ မဟာကရုဏာ သမာပတ်ကိုဝင်စားပြီးတော့ သဗ္ဗညုတဉာဏ်တော်ဖြင့် လောက ကိုကြည့်တော်မူတယ်။ အာဠဝကကုမာရရဲ့ အနာဂါမ်ဖြစ်မယ့် အကြောင်း၊ အာဠဝကဘီလူးရဲ့ သောတာပန်ဖြစ်မယ့်အကြောင်း နဲ့ ၈၄,၀၀၀ သော ပရိသတ်အပေါင်းတို့ တရားရမယ့်အကြောင်း တို့ကို မြင်တော်မူတယ်။

ဒါကြောင့် လကွယ်ရက်ဖြစ်တဲ့ အဲဒီနေ့ ညချမ်းအချိန်မှာ မြတ်စွာဘုရားတစ်ကိုယ်တော်တည်းပဲ ပရိက္ခရာရှစ်ပါးကို ဆောင် ယူပြီးတော့ အာဠဝကဗိမာန်သို့ ကြွသွားတော်မူတယ်။

အာဠဝကဘီလူးက ဟိမဝန္တာမှာ ကျင်းပတဲ့ နတ် အစည်း အဝေးကို တက်နေလို့ ဗိမာန်မှာ မရှိဘူး။ မြတ်စွာဘုရားက တံခါးစောင့်ဖြစ်တဲ့ ဂဒြဘဘီလူးကို ခွင့်တောင်းကာ အာဠဝက ဗိမာန်ထဲသို့ ဝင်ရောက်ပြီး သီတင်းသုံးတော်မူတယ်။

ဂဒြဘဘီလူး အကြောင်းကြားလို့ သတင်းသိရတာနဲ့ အာဠ ဝက ဟာ ဒေါသအမျက် ခြောင်းခြောင်းထွက်ပြီး ဗုဒ္ဓမြတ်စွာကို တိုက်ခိုက်ပေတော့တယ်။ ပြင်းထန်တဲ့ လေမုန်တိုင်းကို ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပြီးတော့ မိုးကြီးရွာစေတယ်၊ ပြီးတော့ ကျောက်စရစ်မိုး၊ မီးကျီးမိုး၊ ပြာပူမိုး၊ ညွှန်ပျောင်းမိုးတို့နဲ့ အဆင့်ဆင့် ဆက်တိုက်တယ်။ မြတ်စွာဘုရားက မေတ္တာစျာန်ဝင်စားပြီး ချမ်းသာနေတယ်။

အာဠဝက က အမိုက်တိုက်ကြီးကို ဖန်ဆင်းလိုက်ပြန်တယ်။ ဗုဒ္ဓမြတ်စွာက ရောင်ခြည်တော်ဖြင့် အမိုက်တိုက်ကိုဖြိုခွင်းလိုက်တယ်။ အာဠဝက က ကုမ္ဘဏ်ဘီလူး စစ်အင်္ဂါလေးရပ်ကို စီစဉ်ပြီး ဘုရားရှင်ကို ဝင်ရောက်ထိုးခုတ်စေတယ်။ ဒါပေမဲ့ ဘုရားအနားကို သူတို့ မကပ်နိုင်ကြဘူး။

အဲဒီအခါ အာဠဝက က တန်ခိုးအထက်ဆုံး ဘီလူးလက်နက်ဖြစ်တဲ့ ဘွဲ့ဖြူလက်နက်ကိုပစ်လွှတ်တယ်။ အဲဒီဘွဲ့ဖြူလက်နက်ဟာ ဘုရားခြေတော်ရင်းမှာ ခြေသုတ်ပုဆိုး ဖြစ်သွားတယ်။

အာဠဝကဟာ လက်နက်ကုန်ပြီဖြစ်လို့ အစွယ်ကျွတ်တဲ့ဆင်၊ ချိုကျိုးတဲ့ နွားလား၊ အဆိပ်ကျတဲ့ မြွေကဲ့သို့ ခက်ထန်ကြမ်းကြုတ်တဲ့ မာန်စောင်ကိုချပြီး ဆင်ခြင်တယ်။

“ငါ့ဘွဲ့ဖြူလက်နက်တောင် ရဟန်းဂေါတမကို မနှိပ်စက်နိုင်တာ ဘာကြောင့်လဲ၊ ရဟန်းဂေါတမဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးကို ပွားများနေလို့ပဲ၊ ဒါဖြင့်ရင် ရဟန်းဂေါတမကို စိတ်ဆိုးအောင် လုပ်ပြီး ငါ အနိုင်ယူမယ်”

“ရှင်ဂေါတမ...ငါ့ဗိမာန်ထဲကိုငါအခွင့်မပေးဘဲ ဘာကြောင့်ဝင်ရသလဲ၊ အခုထွက်သွားပါ”

“ခက်ထန်တဲ့သူကို အကြမ်းနည်းနဲ့ ဆုံးမရင် ကိုက်တတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ခွေးကို တံပြာနဲ့ ရိုက်ဆုံးမသလို ဖြစ်နေမယ်၊ သာယာတဲ့ စကားနဲ့ ဆုံးမမှ အာဠဝကနှလုံးနူးညံ့ပြီး မဂ်ဖိုလ်ရခြင်းငှာ ထိုက်လိမ့်မယ်” လို့ မြတ်ဗုဒ္ဓ ဆင်ခြင်ပြီး အသာတကြည်ပဲ အပြင်ထွက်ပေးတယ်။

“ဪ...ဒီရဟန်းက စကားတစ်ခွန်းဘည်းနဲ့ ငါ ဆိုတဲ့အတိုင်း လိုက်နာရှာတယ်၊ ဒီလို နာယူလွယ်တဲ့ ရဟန်းကို မရူးမစမ်း အပန်းတကြီးမှတ်ပြီး တစ်ညဥ့်လုံး ငါစစ်ထိုးမိတာ မှားတာပဲ၊ ဒါပေမဲ့ ငါ့စကားကို နာယူလွယ်လို့ ထွက်တာလား၊ စိတ်ဆိုးလို့ ထွက်တာလား သေသေချာချာ သိအောင် ငါစုံစမ်းဦးမယ်” လို့ အာဠဝက ကြံစည်ပြီး အမိန့်ပေးလိုက်ပြန်တယ်။

“ရှင်ဂေါတမ...ငါ့ဗိမာန်ထဲသို့ ပြန်ဝင်ပါဦး”

မြတ်စွာဘုရား ပြန်ဝင်တော်မူတယ်။ တစ်ဖန် အာဠဝက က

“ရှင်ဂေါတမ...ထွက်ဦး”ဆိုပြန်တော့ ဗုဒ္ဓထွက်တော်မူတယ်။

ဒီလိုလိုက်လျောတာဟာ ဘီလူးကြီးရဲ့ အမျက် ဒေါသကို ပြေငြိမ်းစေဖို့ပဲ။ ရေနွေးပူပူကို ခွက်တစ်ခုမှ တစ်ခုသို့ အပြန်ပြန် အလှန်လှန် သွန်းလောင်းတဲ့အခါ အေးလွယ်သလိုပဲပေါ့။

“ဒီတစ်ကြိမ်အထွက်မှာ ခြေနှစ်ချောင်းကို ကိုင်ပြီး မြစ် တစ်ဖက်သို့ ရောက်အောင် ငါပစ်တော့မယ်” လို့ အာဠဝက ကြံစည်စိတ်ကူးပြီး...

“ရဟန်းဂေါတမ...ထွက်ပါဦး” လို့ ထပ်ဆိုတယ်။

“ငါ မထွက်လိုပြီ” လို့ ဘုရားရှင် မိန့်တော်မူတယ်။

“ဘာကြောင့် မထွက်လိုရသလဲ” လို့ ဘီလူးက မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သင်ဘီလူးက ငါ့ခြေနှစ်ဖက်ကို ကိုင်ပြီး မြစ်တစ်ဖက်သို့ ပစ်လွှင့်မယ်လို့ ကြံစည်တဲ့အတွက် ငါမထွက်လိုဘူး"

"ဒီရဟန်းဟာ တန်ခိုးကြီးရုံတင်မကဘူး၊ ငါ့စိတ်အကြံကို လဲ သိတယ်၊ ဒီလိုပညာရှိတဲ့ သူမြတ်ကို ငါ ပြဿနာမေးရရင် ကောင်းမယ်၊ ပြဿနာမဖြေနိုင်တဲ့အခါမှ စိတ်ပျံ့လွင့်အောင် လုပ်မယ်၊ ပြီးတော့ သမုဒ္ဒရာထဲသို့ ပစ်ချမယ်" လို့ အာဠဝက ကြံစည်တယ်။ အာဠဝကရဲ့ အကြံအစည်ကို ဘုရား သိတော်မူ လို့...

"အချင်းအာဠဝက...လူ နတ် ဗြဟ္မာ စတဲ့ ၃၁ ဘုံမှာ ငါဘုရား ကို ထိပါးနှိပ်စက်ပြီး စိတ်တော်ကို ပျံ့လွင့်အောင် နှလုံးတော်ကို လဲ ကွဲသွားအောင် ပြုနိုင်တဲ့သူကို ငါမမြင်ဘူး၊ ငါဘုရားရဲ့ ခြေ တော်ကို ကိုင်ပြီး ပစ်လွှင့်နိုင်မယ့်သူကိုလဲ ငါ မမြင်ဘူး၊ သင်မေး လိုတဲ့ ပြဿနာကို မဆုတ်ဆိုင်းဘဲ မေးပါလေ"လို့ မိန့်တော်မူ တယ်။

အဲဒီအခါ အာဠဝက က ပြဿနာလေးရပ်ကို မေးတယ်။ ဒီ ပုစ္ဆာတွေကို အာဠဝကရဲ့ မိဘများက ကဿပဘုရားရှင်ထံ ဆည်းကပ်လုပ်ကျွေးလို့ ကဿပမြတ်စွာဘုရားက အဖြေနဲ့တကွ သင်ကြားပေးခဲ့တယ်။ မိဘတို့က အာဠဝကကို သင်ကြားပေး ခဲ့သော်လည်း ကာလရှည်ကြာတော့ အဖြေတွေကို အာဠဝက မေ့သွားတယ်။ ပုစ္ဆာတွေကိုတော့ မမေ့ရအောင် ရွှေပြားထက် မှာ ဆေးဒန်းမြင်းသီလာနဲ့ ရေးမှတ်ထားစေခဲ့တယ်။

"ရဟန်းဂေါတမ...(၁) လောကသုံးပါးမှာ မြတ်လှစွာသော ဥစ္စာရတနာဟာ ဘာလဲ၊ (၂) ကောင်းစွာလေ့ကျင့်အပ်တဲ့ တရား

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းမှာ အဘယ်တရားဟာ ချမ်းသာကို ဆောင်သလဲ၊ (၃) အရသာအပေါင်းမှာ အဘယ်အရသာက အသာလွန်ဆုံး ဖြစ်သလဲ၊ (၄) အသက်မွေးမှုအပေါင်းမှာ အဘယ်အသက်မွေးမှုက မြတ်တယ်လို့ ဆိုနိုင်သလဲ”

ဂေါတမမြတ်စွာဘုရားက အာဠဝက ယခင်ကြားသိခဲ့ဖူးတဲ့ အဖြေများအတိုင်း မဆိုင်းမတွဘဲ ဖြေကြားတော်မူတယ်။

“အို…အာဠဝက၊ (၁) လောကသုံးပါးမှာ မြတ်လှစွာသော ဥစ္စာရတနာဟာ သဒ္ဓါပါပဲ၊ ဘုရား တရား သံဃာတို့မှာ နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားဟာ လောကီလောကုတ္တရာချမ်းသာအဖြာဖြာကို ပေးစွမ်းနိုင်တယ်။

“(၂) ကောင်းစွာလေ့ကျင့်အပ်တဲ့ တရားအပေါင်းမှာ ဒုစရိုက် ၁၀ ပါးမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ ကုသိုလ် ကမ္မပထတရား ၁၀ ပါး[illegible]ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာသုံးပါးကို မချွတ်ကေန် ရွက်ဆောင်ပေးနိုင်တယ်။

“အို…အာဠဝက (၃) ချိုချဉ်ဖန်ခါးငန်စပ် ဆိုတဲ့ အရသာအပေါင်းမှာ သစ္စာရဲ့ အရသာဟာ အသာလွန်ဆုံးပဲ။ (၄) အသက်မွေးမှုအပေါင်းမှာတော့ ပညာနဲ့ အသက်မွေးခြင်းဟာမြတ်တယ်လို့ ပညာရှိတို့ ဆိုကြတယ်”

ပုစ္ဆာအဖြေတွေကိုကြားရတော့ အာဠဝက အလွန်ဝမ်းမြောက်သွားတယ်။ ဒါကြောင့် ဒုတိယ ပြဿနာလေးခုကို ထပ်မေးတယ်။

“အရှင်ဂေါတမ… (၁) အဘယ်တရားဖြင့် သံသရာအယဉ်ဆိုတဲ့ ဩဃကို ကူးမြောက်နိုင်ပါသလဲ၊ (၂) အဘယ်တရားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဝဋ်ဆင်းရဲဆိုတဲ့သမုဒ္ဒရာကို ကူးမြောက်နိုင်ပါသလဲ၊ (၃)အဘယ် တရားဖြင့် ဆင်းရဲအပေါင်းကို လွန်မြောက်နိုင်ပါသလဲ၊ (၄) အဘယ် တရားဖြင့် ကိလေသာအညစ်အကြေးကို ဆေးကြောသုတ်သင်ပြီး စင်ကြယ်ခြင်းသို့ ရောက်နိုင်ပါသလဲ”

“အို…အာဠဝက၊ (၁) ယုံကြည်မှုသဒ္ဓါတရားဖြင့် သံသရာ အယဉ်ဆိုတဲ့ ဩဃကို ကူးမြောက်နိုင်တယ်၊ (၂) မမေ့မလျော့မှု ဆိုတဲ့ အပ္ပမာဒ (သတိ) တရားဖြင့် ဝဋ်ဆင်းရဲဆိုတဲ့ သမုဒ္ဒရာ ကို ကူးမြောက်နိုင်တယ်၊ (၃) ကောင်းစွာ အားထုတ်မှု ဆိုတဲ့ ဝီရိယဖြင့် ဆင်းရဲအပေါင်းကို လွန်မြောက်နိုင်တယ်၊ (၄) ဝိပဿနာဉာဏ် ၁၀ ပါးဆိုတဲ့ ပညာတရားဖြင့် ကိလေသာအညစ် အကြေးများကို ဆေးကြောသုတ်သင်ပြီး စင်ကြယ်ခြင်းသို့ ရောက် နိုင်ပါတယ်”

ဒီလိုဖြေကြားတဲ့ ဒေသနာအစဉ်ကို ကြားနာရတဲ့အခါ ပါရမီ သမ္ဘာရ ရင့်သန်နေပြီဖြစ်တဲ့ အာဠဝကဟာ ယုံမှားခြင်းအမျိုးမျိုး တို့ကို လွန်မြောက်ပြီး သောတာပတ္တိဖိုလ်မှာ တည်သွားပါတော့ တယ်။ သောတာပန်အရိယာ ဖြစ်သွားတယ်ဆိုတာ သရဏဂုံ သီလနဲ့တကွ ငါးပါးသီလမှာ တည်မြဲသွားပြီဖြစ်လို့ ဘီလူး ယဉ် ကျေးကြီး ဖြစ်သွားတော့တာပေါ့။

## နတ် လူ ဗြဟ္မာတို့၏ ဆရာ

ဤလောကမှာ လူ နတ် ဗြဟ္မာတို့ရဲ့ ဆရာ ဖြစ်ထိုက်တဲ့ ပုဂ္ဂိုလ်ဆိုတာ အလွန့်အလွန်တော်တဲ့ ပုဂ္ဂိုလ် ဖြစ်ရပေမယ်။ လူ နတ် ဗြဟ္မာတို့ထက် ပိုမြတ်ရမယ်၊ ပိုပြီး တတ်သိရမယ်၊ ပိုပြီး ဘုန်းတန်ခိုး ကြီးရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာက ဒီဂုဏ်တွေအားလုံးနဲ့ ပြည့်စုံတဲ့အပြင် လူနတ်ဗြဟ္မာတို့ကို ဝဋ်ဆင်းရဲမှ ထုတ်ဆောင်ပြီး ထာဝရချမ်းသာရာ နိဗ္ဗာန်သို့ ပို့ဆောင်ညွှန်ကြားနိုင်တဲ့ အမြတ်ဆုံး ဆရာတစ်ဆူလည်း ဖြစ်ပါပေတယ်။

အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်အရ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်တဲ့အတွက်ကြောင့်လည်း ဗုဒ္ဓမြတ်စွာဟာ **သတ္ထာဒေဝ မနုဿာနံ** (ဝါ) 'နတ် လူတို့ရဲ့ ဆရာ' ဆိုတဲ့ ဂုဏ်ကို ရရှိတော်မူပါတယ်။

လောကီဆရာတို့ထံက ရရှိတဲ့ပညာဟာ တစ်ဘဝစာအတွက်သာ အကျိုးပြုနိုင်ပါတယ်။ သံသရာဝဋ်ဆင်းရဲမှထွက်မြောက်အောင် အပါယ်မကျအောင် အကျိုးမဆောင်နိုင်ပါဘူး။

ဘုရားရှင်ပေးတဲ့ပညာက သံသရာဒုက္ခတွေချုပ်ငြိမ်းပြီး သန္တိသုခကို ရကြောင်း သိကြောင်း ပညာဖြစ်တယ်။ ဘဝ အဆက်ဆက်က တစ်ခါမှ မကြုံဖူးတဲ့ အငြိမ်းဓာတ် သုခကို ရရှိတဲ့အခါ ဘယ်ဆရာအပေါ်မှာမှ မဖြစ်ဖူးတဲ့ ထူးကဲတဲ့ မြတ်နိုးမှုမျိုးနဲ့ ဗုဒ္ဓမြတ်စွာကို မြတ်နိုးကြတယ်။

ဗုဒ္ဓမြတ်စွာဟာ အလွန်တရာခက်ခဲနက်နဲတဲ့ တရားသဘောများကို လွယ်လွယ်ကူကူ နားလည်သဘောပေါက်အောင် ဥပမာ ဥပမေယျအမျိုးမျိုး၊ နည်းနာအသွယ်သွယ်တို့ဖြင့် သင်ကြားပြသပေးနိုင်တဲ့ မဟာကရုဏာသမာပတ်ကို အထပ်ထပ် အခါခါ မကြာမကြာဝင်စားတော်မူတယ်။ ဘယ်မိဘဆရာတို့မှ မထားနိုင်တဲ့ မေတ္တာ ကရုဏာကိုလည်း ထားတော်မူတယ်။

ထီးနန်းစည်းစိမ်တွေကို စွန့်ကာ တောထွက်လာတဲ့အခါက

www.burmeseclassic.com

www.burmeseclassic.com



စပြီး မည်သည့် လာဘ်သပ်ပကာ ကျော်စောထင်ရှားမှုကိုမှ အရေးမထားခဲ့ဘူး။ ကျောင်းတော်ကြီးများကို မြတ်ဗုဒ္ဓအား လှူဒါန်းခဲ့ကြပေမယ့် မြတ်ဗုဒ္ဓဟာ ဝါတွင်းသုံးလ လွန်မြောက်ရင် အရပ်ရပ် အနယ်နယ်သို့ ဒေသစာရီ ကြွချီတော်မူတယ်။ ရောက်လေရာအရပ်မှာ တောအုပ်မှာဖြစ်စေ၊ သစ်ပင်ရင်းမှာဖြစ်စေ ချမ်းသာစွာ သီတင်းသုံးတော်မူတယ်။

ကယ်ချွတ်သင့်တဲ့ ပုဂ္ဂိုလ်ရှိရင် နီးနီးဝေးဝေး ကြွသွားတော်မူတယ်။ တစ်ခါတစ်ရံ တန်ခိုးဖြင့် ကြွတော်မူပြီး တစ်ခါတစ်ရံမှာ ခြေကျင်ပဲ ကြွတော်မူတယ်။ တစ်နေ့နဲ့ တစ်ညဥ့်တာမှာ မိုးသောက်ယံရဲ့ သုံးဖို့ တစ်ဖို့သာ ကျိန်းစက်တော်မူပြီး ၄၅ ဝါပတ်လုံး မနေမနား သတ္တဝါများကို ကယ်ချွတ်တော်မူခဲ့တယ်။

ဒါလောက်ကြီးကျယ်မြင့်မြတ်တဲ့ ဆရာကို ဘယ်မှာရှာတွေ့နိုင်ပါဦးမလဲ။

## သစ္စာတရားကို ဖြန့်ချိသူ

ဗုဒ္ဓမြတ်စွာဟာ သစ္စာလေးပါးမြတ်တရားကို ကိုယ်တော်တိုင် သိရှိပြီး အခြားသူတို့လည်း သိရှိအောင် ဟောကြားပြသနိုင်တယ်။ ဒီအကြောင်းကြောင့် ဗုဒ္ဓဂုဏ်တော်ကြီးကို ရတော်မူတယ်။

'သစ္စာလေးပါးမှ လွတ်တဲ့တရားမည်သည် မရှိ' ဆိုတဲ့စကားအရ အလုံးစုံသော တရားတို့ဟာ သစ္စာလေးပါးမှာ သက်ဝင်ကြတယ်။ ဒါကြောင့် သစ္စာလေးပါးကိုသိမြင်ခြင်းဟာအလုံးစုံသော တရားတို့ကို သိမြင်ခြင်းပဲ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အရိယသစ္စာလေးပါးဆိုတာ အရိယာ၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓတို့ ဖြစ်ထွန်းလာဖို့အတွက် မသိလို့မရတဲ့ တရားတော်မြတ် ဖြစ်ပေတယ်။

ဘုရားငယ်လို့ ခေါ်ဆိုရတဲ့ ပစ္စေကဗုဒ္ဓတို့ဟာ သစ္စာလေးပါးကို မိမိအလိုလို မြင်သိပေမယ့် သူတစ်ပါးကို သိအောင် မဟောပြောနိုင်ကြဘူး။ မြတ်ဗုဒ္ဓတို့သာလျှင် သစ္စာလေးပါးကို ကိုယ်တိုင် သိပြီး သူတစ်ပါးတို့ သိအောင်လည်း ဖြန့်ချိပေးနိုင်တယ်။

သစ္စာလေးပါးကို မြင်သိတဲ့ ပုဂ္ဂိုလ်များသာလျှင် အရိယာ ဆိုတဲ့ ပုဂ္ဂိုလ်မြတ် ဘွဲ့ထူးကို ရရှိကြပြီး အပါယ်လေးပါးမှ လွတ်မြောက်ခွင့် ရရှိကြပေတယ်။ မဂ်လေးတန်ဖြင့် သစ္စာတရားကို မြင်သိပြီးသူတို့မှာ သံသရာဝဋ်ဆင်းရဲမှ အပြီးအပိုင် လွတ်မြောက်ခွင့် ရရှိကြပေတော့တယ်။

## ဘုန်းတော်အနန္တ

ဗုဒ္ဓမြတ်စွာဟာ ဣဿရိယ ဓမ္မ ယသ သီရိ ကာမ ပယတ္တ ဆိုတဲ့ ဘုန်းတော်ခြောက်စုံနဲ့ ပြည့်စုံတော်မူလို့ **ဘဂဝါဂုဏ်တော်**ကို ရရှိတော်မူတယ်။

ဂုဏ်တော်ခြောက်ပါးအနက်က မိမိစိတ်ကို စိုးပိုင်နိုင်နင်းတော်မူတာက **ဣဿရိယဘုန်းတော်**။ ဘယ်လိုစိုးပိုင်နိုင်သလဲ။ စက်ဆုပ်ဖွယ်အာရုံကို စက်ဆုပ်ဖွယ်မရှိတဲ့ အာရုံအဖြစ် ရှုနိုင်တယ်။ စက်ဆုပ်ဖွယ်မရှိတဲ့ အာရုံကို စက်ဆုပ်ဖွယ်အဖြစ် ရှုနိုင်တယ်။ စက်ဆုပ်ဖွယ်၊ မစက်ဆုပ်ဖွယ် အာရုံမှန်သမျှကို ဥပေက္ခာပြုပြီး လျစ်လျူရှုနိုင်တယ်။ ဒီလို အာရုံအမျိုးမျိုးကို လိုသလို ရှုနိုင်တာက မိမိစိတ်တော်ကို စိုးပိုင်နိုင်နင်းလို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဣာသရိယဘုန်းတော်ထဲမှာ **အဏိမာ** စတဲ့ ဘုန်းတော် ရှစ်ပါး ပါဝင်သေးတယ်။ အဏုမြူလောက် သေးငယ်အောင် ဖန်ဆင်းနိုင်တာက **အဏိမာ** ဘုန်းတော်ဖြစ်တယ်။ တစ်ခါက နိုင်ငံခြားသံတမန်တစ်ဦးက မေးဖူးတယ် –ဗုဒ္ဓမြတ်စွာဟာ အဏုမြူလောက် သေးငယ်တဲ့ ကိုယ်တော်ကို ဖန်ဆင်းပြီး ပရိက္ခရာရှစ်ပါး လွယ်လျက် မုန်ညင်းစေ့အတွင်းမှာ စင်္ကြံကြွတော်မူတာ ဖြစ်နိုင်ပါ့မလားတဲ့။ မြန်မာဆရာတော်က အဝေးကြည့် မှန်ပြောင်းနဲ့ နန်းတော်ပြတင်းဝကနေပြီး မန္တလေးတောင်ကို ကြည့်စေတယ်။

"ဒါလောက်ကြီးတဲ့ မန္တလေးတောင်ဟာ မှန်ပြောင်းထဲမှာ ဝင်ပေါ်နေတာ ဘာကြောင့်လဲ" လို့ ပြန်မေးတော့ သံတမန်အရာရှိက သဘောကျကျေနပ်သွားတယ်။

ပြီးတော့ လေအဟုန်ဖြင့် ပျံလွင့်တက်တဲ့ ဝါဂွမ်းလို ငှက်များ ပျံသလို ပေါ့ပါးလျင်မြန်စွာ ကောင်းကင်မှာ ခြေကျင်ကြွသွားနိုင်ခြင်း စတဲ့ တန်ခိုးတော်ကို **လဃိမာ** လို့ ဆိုတယ်။ ပေါ့ပုံကို သိစေလိုလို့ ငှက်များနဲ့ ပုံနှိုင်းထားခြင်းဖြစ်တယ်။ အမှန်က ဘုရားရှင်ရဲ့ ပေါ့ပုံလျင်မြန်ပုံကို ဘယ်သူကမှ မတုနိုင်ဘူး။ အဘိညာဉ်တန်ခိုးနဲ့ စိတ်လျင်မြန်သလောက် လျင်မြန်ပေါ့ပါးစွာ ကြွသွားနိုင်တယ်။

လိုရာအရပ်သို့ ခဏချင်းရောက်နိုင်တဲ့ တန်ခိုးကို **ပတ္တိ** လို့ ခေါ်တယ်။ ဘုရားရှင်ဟာ တစ်ခါတစ်ရံ နတ်ပြည် ဗြဟ္မာ့ပြည်သို့ ကြွတယ်။ တခြား စကြဝဠာသို့ ကြွပြီး ထိုအရပ်က မင်းများရဲ့ ပုံဟန်ဖြင့် တရားဟောတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်မြတ်အလိုရှိရာပုံသဏ္ဌာန် အသွင်အမျိုးမျိုးကို လိုသလို ဖန်ဆင်းနိုင်တဲ့ တန်ခိုးတော်ကို **ပါကမ္မ** လို့ ခေါ်တယ်။

ကိုယ်တော်ကို ကြီးမားလိုသလောက် ကြီးမားအောင် ဖန်ဆင်းနိုင်တဲ့ တန်ခိုးတော်ကို **မဟိမာ** လို့ ခေါ်တယ်။ ဒီဘုန်းတန်ခိုးကြောင့် ဘုရားရှင်ရဲ့ အရပ်တော်ကို တိုင်းဖို့ကြိုးစားတဲ့ လူတွေဟာ မအောင်မြင်ဘဲ ရှိကြရတယ်။

ကိုယ်တော် အလိုပြီးမြောက်အောင် သတ္တဝါတို့ကို ဆွဲဆောင်ရာမှာ လိုက်ပါလာအောင် စွမ်းဆောင်အစိုးရတဲ့ တန်ခိုးတော်ကို **ဤသိတာ** လို့ ခေါ်တယ်။ ဘုရားရှင်ရဲ့အလိုတော်က သတ္တဝါတို့ကို မဂ်ဖိုလ်နိဗ္ဗာန်ကို ရစေလိုတယ်၊ ရရန် ကျင့်စေလိုတယ်။ ဒီအလိုကို ဖြည့်ဆည်းဖို့ 'ဤသိတာ' တန်ခိုးတော်ကို သုံးတယ်။

ဣဒ္ဓိဝိဓဆိုင်ရာ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းရာမှာ အလွန်နိုင်နင်းကျွမ်းကျင်တဲ့အဖြစ်ကို **ဝသိတာ** ဘုန်းတော်လို့ ခေါ်တယ်။

မြေလျှိုးမိုးပျံ စတဲ့ တစ်စုံတစ်ခုသော အမှုကိစ္စကို ပြုလုပ်တဲ့အခါ မတင်မကျမရှိစေရဘဲ ပြီးဆုံးစေနိုင်တာကို **ယတ္ထကာမာဝသာယိတ** ဘုန်းတော်လို့ ခေါ်တယ်။

**ဓမ္မဘုန်းတော်**...မဂ်လေးတန်၊ ဖိုလ်လေးတန်နဲ့ နိဗ္ဗာန် ဆိုတဲ့ လောကုတ္တရာတရား ကိုးပါးကို စိုးပိုင်နိုင်နင်းတော်မူတာက ဓမ္မဘုန်းတော်ဖြစ်တယ်။ လောကုတ္တရာတရား ကိုးပါးကို ရတော်မူလို့ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့တယ်။ ဒါကြောင့် လောကုတ္တရာ တရား ကိုးပါးဟာ အရေးကြီးတဲ့ ဘုန်းတော်တစ်ရပ် ဖြစ်တယ်။

**ယသဘုန်းတော်**...လူ့လောက, နတ်လောက, ဗြဟ္မာလောက

www.burmeseclassic.com

www.burmeseclassic.com



တို့မှာ ဟုတ်တိုင်းမှန်စွာ သတင်းကျော်ကြားတာကို ယသ ဘုန်းတော်လို့ ခေါ်တယ်။ ဗုဒ္ဓရှင်တော်ရဲ့ ကျော်စောခြင်း ဂုဏ်သတင်းဟာ သုံးလောကမှာ ယနေ့တိုင် ပွဲတင်ခတ်လျက် ရှိပါတယ်။ ပညာရှိများနဲ့ အရိယာသူတော်ကောင်းတို့ အစဉ်လေးစား မြတ်နိုးကြတဲ့ ပိဋကတ်သုံးပုံ ရှိနေသမျှကာလပတ်လုံး မြတ်ဗုဒ္ဓရဲ့ ဂုဏ်သတင်းဟာ အမြဲသင်းပျံ့ကြိုင်လှိုင်နေမှာပါပဲ။

**သိရိဘုန်းတော်**...အင်္ဂါကြီးငယ် တင့်တယ်ပြည့်ဖြိုး အချိုးကျန ဝင်းပသပ္ပာယ်တော်မူတာက သိရိဘုန်းတော်ဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ ရူပကာယတော်မှာ ၃၂ ပါးသော လက္ခဏာတော်ကြီး၊ ၈၀ သော လက္ခဏာတော်ငယ်များနဲ့ တန်ဆာဆင်ထားတဲ့ အတွက် နတ်ဗြဟ္မာများပင် မတုပနိုင်အောင် တင့်တယ်သပ္ပာယ်တော်မူပါတယ်။

လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့တဲ့ ပါရမီအဟုန်အစွမ်းကြောင့်ရော၊ ကိလေသာကင်းစင်တဲ့ အရှိန်အဝါကြောင့်ရော အခေါင်အဖျားတိုင်အောင် တင့်တယ်ရွှန်းပနေတဲ့ မြတ်ဗုဒ္ဓရဲ့ အသရေတော်ကို မည်သူတစ်ဦးတစ်ယောက်မျှ မမီနိုင်ပါဘူး။

တစ်လံမျှလောက် အမြဲထွန်းတောက်လျက်ရှိတဲ့ ရောင်ခြည်တော်ကလည်း အလိုရှိတဲ့အခါမှာ ကွန့်မြူးဖြာထွက်လာတဲ့ အတွက် ရှုလို့မဝနိုင်အောင် ရှိပေတော့တယ်။ တစ်ဖန် မျက်မှောင်တော် နှစ်သွယ်ရဲ့ အလယ်တည့်တည့်မှာ ဥဏ္ဏာလုံခေါ် မွေးရှင်တော်ကလည်း အထူးလှပဖြူဆွတ်ပြီး ၎င်းမှ ကွန့်မြူးထွက်နေတဲ့ ဖြူဖွေးတဲ့ ရောင်ခြည်တော်က မျက်နှာတော်ကို ပေါ်လွင်နေစေတဲ့အတွက် ဖူးမဝအောင် တင့်တယ်လှပေတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ကာမဘုန်းတော်**...အလိုရှိတိုင်း မဆိုင်းခဏ ပြီးစီးနိုင်တဲ့ တန်ခိုးတွေကို ကာမဘုန်းတော်လို့ ခေါ်တယ်။ ဗုဒ္ဓမြတ်စွာဟာ မိမိအလိုရှိတဲ့ သဗ္ဗညုတဉာဏ်တော်ကိုလည်း ရရှိတော်မူခဲ့တယ်။ သတ္တဝါတွေကို ကယ်ချွတ်ချင်တဲ့ အလိုဆန္ဒကို ပြည့်ဝအောင် ဆောင်ရွက်နိုင်တော်မူခဲ့တယ်။ ဒါတွေဟာ ကာမဘုန်းတော်ရဲ့ အစွမ်းကြောင့်ပဲ။

**ပယတ္တဘုန်းတော်**...အထွတ်အထိပ်သို့ ရောက်အောင် ပို့ ဆောင်ပေးခဲ့တဲ့ ဝီရိယတော်ကို ပယတ္တဘုန်းတော်လို့ ခေါ်ဆိုပါ တယ်။ ဘုရားလောင်းဘဝကပင် အရှင်မြတ်ရဲ့ ဝီရိယဟာ သာမန် ပုဂ္ဂိုလ်တို့ လိုက်မမီအောင် ကြံ့ခိုင်တောက်ပြောင်ခဲ့တယ်။ တစ်ရှိန်တည်း တိုးတက်လာတဲ့ ဝီရိယတော်ဟာ ဘုရားဖြစ်တော်မူတဲ့အခါ အထွတ်အထိပ်သို့ ရောက်လာပါတယ်။

ဘုရားဖြစ်ပြီးတဲ့အခါ ၄၅ နှစ်ပတ်လုံး ရပ်နားခြင်း မရှိဘဲ နေ့စဉ်ရက်ဆက် သတ္တဝါများကို ချေချွတ်နိုင်အောင် အပတ်တကုတ် ကြိုးစားအားထုတ်နိုင်တာဟာလည်း ပယတ္တဘုန်းတော်ကြောင့်ပဲ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ ဝီရိယတော်ကို မည်သူမျှ လိုက်မမီပါဘူး။ ဒီဝီရိယကြောင့်လည်း လူနတ်ဗြဟ္မာတို့ရဲ့ လွန်စွာလေးစားမြတ်နိုးမှုကို ရရှိတော်မူခဲ့ပါတယ်။

## ကိုးပါးဂုဏ်အင် မှတ်ကျောက်တင်

အရဟံ အစ ဘဂဝါအဆုံး ဂုဏ်တော်ကိုးပါးကို အထက်မှာ ဖော်ပြခဲ့ပြီ။ ဒီဂုဏ်တော်တွေဟာ 'မြတ်စွာဘုရား' လို့ အမည်ခံထိုက်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ကို စိစစ်နိုင်ဖို့အတွက် ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာ ကိုယ်တော်တိုင် ထုတ်ဖော်ဟောကြားခဲ့တဲ့ ဂုဏ်တော်များ ဖြစ်ပါတယ်။ အမှန်က မြတ်စွာဘုရားတစ်ဆူရဲ့ ဂုဏ်တော်များဟာ မရေမတွက်နိုင်အောင် မြားမြောင်လွန်းလို့ အခြားသဗ္ဗညုဘုရားတစ်ဆူက ထုတ်ဖော်ဟောကြားရင်တောင် မကုန်နိုင်ဘူးတဲ့။

အဲဒီတော့ လောကမှာ မြတ်ဗုဒ္ဓမှတစ်ပါးသတ္တဝါတွေ ကယ်ချွတ်ဖို့အတွက် တရားစစ် တရားမှန်တွေကို ဟောကြားနေပါတယ်လို့ ကြွေးကြော်နေကြတဲ့ ပုဂ္ဂိုလ်များကို ဆန်းစစ်ကြည့်ပါ။ ဗုဒ္ဓမြတ်စွာတို့ရဲ့ ဂုဏ်တော်ကိုးပါးအနက် တစ်ပါးကလေးလောက်တောင် နီးနီးစပ်စပ်ပြည့်စုံပါသလားလို့။

ပြီးတော့ မိမိကိုယ်တိုင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် မပြည့်စုံပါဘဲလျက် အနန္တ တန်ခိုးရှင်တစ်ဦးရဲ့ ကိုယ်စားလှယ်တော်အဖြစ် ထိုအနန္တ တန်ခိုးရှင်က ပြောပြတဲ့ တရားတော်ကို ဟောကြားနေတယ်လို့ ပြောဆိုသူများလည်း ရှိပါတယ်။ အဲဒီ အနန္တ တန်ခိုးရှင်ကို ဘယ်သူမှ မသိနိုင်၊ မမြင်နိုင်ဘူးလို့လည်း ဆိုတယ်။

ဒီလိုဆိုထားတော့ အဲဒီ အနန္တ တန်ခိုးရှင်ကို ဘယ်သူမှ မဆန်းစစ်နိုင်တော့ဘူးပေါ့။ သိပ္ပံနည်းပညာနဲ့လည်း မထောက်လှမ်းနိုင်တော့ဘူးပေါ့။ ဒီလို ပိုင်ပိုင်နိုင်နိုင် အကာအကွယ်ယူထားတဲ့ ပုဂ္ဂိုလ်ကို သူ ဟောကြားထားတဲ့ တရားများနဲ့ ဆန်းစစ်နိုင်ပါတယ်။

သူ့တရားက သဘာဝကျသလား၊ အကြောင်းအကျိုး ညီညွတ်သလား၊ ယုတ္တိတန်သလား၊ တကယ်အကျိုးပြုနိုင်သလား၊

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့စမ်းသပ်လို့ ရမလား၊ သူတကာတွေ မဟောနိုင် မပြောနိုင်တဲ့ နက်နဲသိမ်မွေ့တဲ့အချက်တွေ ပါသလား။

'အနန္တ တန်ခိုးရှင်က အရာရာကို ဖန်ဆင်းထားတာ၊ သူ့အလိုဆန္ဒအတိုင်း ဖြစ်ပျက်နေကြရတာပဲ' ဒီလို စကားမျိုးဟာ အကြောင်းအကျိုး ညီညွတ်တဲ့၊ ယုတ္တိတန်တဲ့ စကားမျိုး မဟုတ်ဘူး။ ပြီးတော့ ဟိုး...ကမ္ဘာဦးခေတ်ကတည်းက လူသားတွေ တွေးခေါ်ခဲ့တဲ့ စကားမျိုးပဲ။

အရိုင်းခေတ်လူသားတို့ဟာ အသိဉာဏ်ဗဟုသုတ နည်းပါကြတဲ့အတွက် မိုးကြီးလေကြီးကျတာ၊ တောမီးလောင်တာ၊ မီးတောင် ပေါက်ကွဲတာ၊ ငလျင်လှုပ်တာတွေကို အနန္တ တန်ခိုး ရှိတဲ့ ပုဂ္ဂိုလ်တွေက ပြုလုပ်တယ်လို့ ထင်မှတ်ခဲ့ကြတယ်။ လူသားတွေကို အနန္တ တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းထားတယ်လို့လည်း ယူဆခဲ့ကြတယ်။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ဂိုင်း(စ်) တောင်းမှာ **ဂျင်ဂျုန်း** ဆိုတဲ့ တရားဟောဆရာက ဖန်ဆင်းရှင် ဘုရားသခင်နဲ့ ဆုံတွေ့ပေးမယ်လို့ အာမခံပြီး သူ့တပည့်တွေကို အဆိပ်ရည်ကို တိုက်တာ လူ ၉၉၉ ယောက် မချိမဆံ့သေဆုံးခဲ့ကြရတယ်။ ဂျင်ဂျုန်းကိုယ်တိုင်က အဆိပ်မသောက်ဘူး။ သေသူတွေရဲ့ ပစ္စည်းဥစ္စာတွေကို အပိုင်စီးဖို့ လုပ်တာ။

ဗုဒ္ဓမြတ်စွာရဲ့ တရားတော်က သဘာဝကျတယ်၊ အကြောင်းအကျိုး ညီညွတ်တယ်၊ ယုတ္တိတန်တယ်၊ လူတကာ မတွေးခေါ်နိုင်အောင် လေးနက်သိမ်မွေ့တယ်၊ လက်တွေ့ကျင့်ဖို့နည်းတွေလည်း ပါတယ်၊ အခုကျင့်ကြံအားထုတ်ရင် အခုအကျိုးရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



သစ္စာလေးပါး မြတ်တရားကို ထိုးထွင်းပြီးသိအောင် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို ဟောထားတယ်။ ဒီကျင့်စဉ်ကို ကျင့်ကြံ အားထုတ်ရင် ဒီဘဝမှာတင်ပဲ နိဗ္ဗာန်ချမ်းသာကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုနိုင်တယ်။ ဗုဒ္ဓမြတ်စွာ ဟောကြားထားတဲ့ တရားတော်က မှန်တယ်၊ မမှန်ဘူးဆိုတာကို နောင်ဘဝအထိ စောင့်ဆိုင်းနေဖို့ မလိုဘူး။ ဒီဘဝမှာပဲ ကျေကျေနပ်နပ် အကုန်စမ်းသပ်ပြီး သိနိုင်ပါတယ်။

ဒီလိုဆိုရင် သူတကာတွေထက် ပိုသိပြီး သူတကာတွေထက် ဘုန်းတန်ခိုးကြီးတဲ့ ဗုဒ္ဓမြတ်စွာကို 'အနန္တ တန်ခိုးရှင်' လို့ မဆိုထိုက်ဘူးလား။ လူသားတွေကို သံသရာဝဋ်ဆင်းရဲမှ ကယ်ချွတ်ပြီး အကြီးကျယ်ဆုံးချမ်းသာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ပေးစွမ်းနိုင်သူအစစ်ဖြစ်လို့မို့ မြတ်ဗုဒ္ဓကို 'ကယ်တင်ရှင်အစစ်' လို့ မဆိုထိုက်ဘူးလား။

ဆိုထိုက်လို့ ဆိုနိုင်ပေမယ့် ဗုဒ္ဓမြတ်စွာကိုယ်တိုင်က ငါဟာ ဖန်ဆင်းရှင်ပဲ၊ ငါဟာ သင်တို့ကို ကယ်တင်နိုင်တဲ့ ကယ်တင်ရှင်ပဲလို့ မဆိုခဲ့ဘူး။ ဗုဒ္ဓမြတ်စွာဟာ နည်းလမ်းညွှန်ပြပေးတတ်တဲ့ ဆရာတစ်ဆူသာ ဖြစ်တယ်လို့သာဆိုသွားပါတယ်။

ဒါကြောင့် အမှန်ကိုသာ ဆိုတတ်တဲ့ 'သစ္စာရှင် မြတ်ဗုဒ္ဓ' ကို မကြည်ညိုထိုက်ဘူးလား။

## သဗ္ဗညုတဉာဏ်တော်ကို ဘယ်လိုရသလဲ

ဗုဒ္ဓမြတ်စွာက 'သဗ္ဗညုတဉာဏ်တော်' ကို ငါတစ်ဦးတည်းသာ ရနိုင်တယ်၊ တခြားလူတွေ မရနိုင်ဘူးလို့ မတားမြစ် မပိတ်ပင်ခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



“ငါကြိုးစားသလိုသာ သင်တို့ကြိုးစားမယ်ဆိုရင် သင်တို့လဲ ဘုရားဖြစ်နိုင်တယ်၊ ငါ့ရှေ့မှာ ပွင့်တော်မူကြပြီးတဲ့ ဘုရားရှင်များကလဲ ဂင်္ဂါဝါဠုသဲစုမကအောင် မြားမြောင်လှပေတယ်” လို့ ဘုရားဖြစ်နိုင်တဲ့ နည်းလမ်းတွေကိုတောင် ညွှန်ပြတော်မူခဲ့တယ်။ အဲဒီနည်းလမ်းက ဘယ်လိုလဲ။

မြတ်စွာဘုရား တစ်ဆူဆူရဲ့ သာသနာတော်နဲ့ ကြုံကြိုက်ကြတဲ့ နတ်လူတွေအထဲက မြတ်ဗုဒ္ဓကို အားကျပြီး ဘုရားဆုပန်တဲ့ ပုဂ္ဂိုလ်တွေ အများကြီး ပေါ်ပေါက်လာတယ်။ ဥပမာ…ဒီသာသနာတော်မှာ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ စတဲ့ သာသနာပြု မင်းတွေကရော၊ တောင်ပုလုဆရာတော်၊ ဇာလီတောင်ဆရာတော်၊ ထွင့်ခေါင်ဆရာတော် စတဲ့ ဆရာတော်များကရော၊ လူပုဂ္ဂိုလ်တွေကရော အများကြီးပဲ ဘုရားဆုပန်ကြတယ်။

ဂေါတမဘုရားလောင်းကိုယ်တိုင်က စိတ်တော်နဲ့ ဘုရားဆုပန်ခဲ့တာ ကမ္ဘာပေါင်း ခုနစ်သင်္ချေ၊ စိတ်ရောကိုယ်ပါ ဘုရားဖြစ်ဖို့ ကျင့်ကြံခဲ့တာ ကမ္ဘာပေါင်း ကိုးသင်္ချေ၊ ဒီပင်္ကရာမြတ်စွာဘုရားထံက ဘုရားဖြစ်မယ်လို့ ဗျာဒိတ်ရပြီးတဲ့နောက် ပါရမီဖြည့်ကျင့်တာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ စုစုပေါင်း ကမ္ဘာသင်္ချေ ၂၀ နဲ့ ကုဋေ တစ်သိန်း ကြာတယ်လို့ အမိန့်ရှိတော်မူတယ်။ အဲဒီကာလအတွင်းမှာ ပွင့်တော်မူကြတဲ့ ဘုရားအဆူပေါင်းက ငါးသိန်းကျော် ရှိခဲ့တယ်တဲ့။

ဘုရားလောင်းတို့ ဖြည့်ကျင့်ကြရတဲ့ ပါရမီ ၁၀ ပါး အပြား ၃၀ ဆိုတာက…

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁။ ဒါန | = | စွန့်ကြဲပေးကမ်းလှူဒါန်းမှု၊ |
| ၂။ သီလ | = | ငါးပါး၊ ရှစ်ပါး၊ ၁၀ ပါးစသော သီလများကို စောင့်ထိန်းမှု၊ |
| ၃။ နေက္ခမ္မ | = | စည်းစိမ်ဥစ္စာကို စွန့်ခွာပြီး တောထွက်မှု၊ |
| ၄။ ပညာ | = | အရာရာမှာ တတ်သိနားလည်မှု၊ |
| ၅။ ဝီရိယ | = | ကုသိုလ်ကိစ္စတို့မှာ မကြောက်မရွံ့ သက်စွန့်ကြိုးပမ်းမှု၊ |
| ၆။ ခန္တီ | = | သူတစ်ပါးတို့ရဲ့ နှိပ်စက်ခြင်းနှင့် အပူအအေး စတဲ့ ဒဏ်ကို သည်းခံနိုင်မှု၊ |
| ၇။ သစ္စာ | = | မှန်ကန်ဖြောင့်မတ်စွာ ပြောဆိုလုပ်ကိုင်မှု၊ |
| ၈။ အဓိဋ္ဌာန | = | မိမိရည်မှန်းထားတဲ့ ကောင်းမြတ်တဲ့အလုပ်ကို ဖြစ်မြောက်အောင် ဖွဲ့ရှိရှိ ဆောင်ရွက်တတ်မှု၊ |
| ၉။ မေတ္တာ | = | သတ္တဝါများကိုချစ်ခင်ကြင်နာပြီး ကောင်းကျိုးလိုလားမှု၊ |
| ၁၀။ ဥပေက္ခာ | = | မုန်းအောင်ပြုရင်လည်း မမုန်း၊ ချစ်အောင်ပြုရင်လည်း မချစ်ဘဲ လျစ်လျူရှုမှု။ |

ဒီအလုပ် ၁၀ ပါးမှာ သာမန်ဖြည့်ကျင့်တာကို 'ပါရမီ' လို့ခေါ်တယ်။ မျက်စိ၊ နား၊ နှာ၊ အင်္ဂါ ခြေလက်တို့ကို အပျက်အစီးခံပြီး ဖြည့်ကျင့်တာကို 'ဥပပါရမီ' လို့ခေါ်တယ်။ အသက်ကိုပင် မငဲ့ညှာဘဲ လွန်စွာဖြည့်ကျင့်တာကို 'ပရမတ္ထပါရမီ' လို့ခေါ်တယ်။

ဒါကြောင့် ပါရမီ ၁၀ ပါး၊ ဥပပါရမီ ၁၀ ပါး၊ ပရမတ္ထပါရမီ ၁၀ ပါးဆိုပြီး ပါရမီ ၃၀ ရှိပါတယ်။

ပါရမီဆိုတာက နိဗ္ဗာန်ကို ရည်မှန်းပြီး ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှု၊ ဒါမှမဟုတ် သဗ္ဗညုတဉာဏ်တော် ရရှိရေးကို ရည်

www.burmeseclassic.com

www.burmeseclassic.com



မှန်းပြီး ဘဝအဆက်ဆက် ဖြည့်ကျင့်သိုမှီးထားတဲ့ ကုသိုလ်အဆောက်အအုံဖြစ်တယ်။

'ဖန်ဆင်းရှင် ဘုရားသခင်က ဖန်ဆင်းလိုက်လို့ ဒီဘဝ လူလာဖြစ်ရတာ၊ အတိတ်ဘဝတွေ မရှိခဲ့ပါဘူး' လို့ ယုံကြည်ပြီး နေသူများအဖို့ 'ပါရမီ' ဆိုတာကို သဘောပေါက်ဖို့ ခက်ပါလိမ့်မယ်။

လူတိုင်းမှာ အတိတ်ဘဝတွေ ရှိခဲ့တယ်ဆိုတာကို ယခုအခါမှာ သိပ္ပံနည်းကျ အထောက်အထားတွေနဲ့ ပြနိုင်နေပါပြီ။ စိတ်ပညာရှင်များက **အိပ်မွေ့ချပြီး အသက်ကို နောက်ပြန်ဆုတ်တဲ့နည်း (Age Degression by Hypnosis)** ဖြင့် အတိတ်ဘဝများ ရှိတယ်ဆိုတာကို လက်တွေ့စမ်းသပ်ပြနေကြပါတယ်။ ဗုဒ္ဓနည်းကျ ကမ္မဋ္ဌာန်းတရား အားထုတ်ပြီး သမာဓိထူထောင်နိုင်တဲ့သူတွေဟာ ရုပ်အစဉ် နာမ်အစဉ်တို့ကို သိမြင်အောင် ရှုမှတ်ပြီးတဲ့နောက် ဘဝနာစိတ်အစဉ်ကို လိုက်ပြီး အတိတ်ဘဝများကို ရှုမှတ်နိုင်ကြပါတယ်။

BURMESE CLASSIC

ဒီနည်းကို ယခုအခါ မော်လမြိုင်မြို့နဲ့ ကိုးမိုင်ဝေးတဲ့ မော်လမြိုင် စက်မှုသိပ္ပံ (GTI) အနီးမှာရှိတဲ့ **ဖားအောက်တောရစကြံ့ကျောင်း**မှာ လက်တွေ့ပြသပေးနေပါတယ်။ တက္ကသိုလ် ဆရာဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ ခေတ်ပညာတတ်များ အပါအဝင် ရဟန်းရှင်လူ တော်တော်များများ လက်တွေ့ရှုပြီးကြပြီ။ မိမိတို့ရဲ့ အတိတ်ဘဝများကို ကျေကျေနပ်နပ်ကြီး သိရှိကြပါတယ်။

ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်နဲ့ မိမိရဲ့ အတိတ်ဘဝများစွာကို အဆီးအတားမရှိ သိမြင်နိုင်တဲ့ အသိဉာဏ်အထူးကို ရ

www.burmeseclassic.com

www.burmeseclassic.com



အောင် မကြိုးပမ်းနိုင်ရင်နေပါစေ၊ သမာဓိထူထောင်ပြီး ဘာဝနာစိတ်အစဉ်ရှိ ရုပ်နာမ်တွေကို လိုက်ရှုမှတ်နိုင်ရင် မိမိရဲ့ အတိတ်ဘဝများကို ရှုသိနိုင်ပါတယ်။

"ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ" ရှိကြောင်းကို အဲဒီအမည်နဲ့ ကျွန်တော်ရေးသားထားတဲ့စာအုပ်မှာ ကျယ်ကျယ်ပြန့်ပြန့်ဖတ်ရှုနိုင်ပါတယ်။

**ပါရမီအထောက်အထား**

BURMESE CLASSIC

ရှေးဘဝတွေက ကုသိုလ်ကောင်းမှုတွေပြုခဲ့တဲ့အတွက် လက်ရှိဘဝမှာ ထူးထူးခြားခြား ဉာဏ်ပညာကြီးတဲ့ ကလေးတွေဟာ ကမ္ဘာအနှံ့ ရှိကြပါတယ်။

ဥပမာ အမေရိကန်ပြည်ထောင်စုက **ဝီလျံဂျိမ်းဆစ်ဒစ်** ဟာ အသက် နှစ်နှစ်အရွယ်မှာ စာဖတ်တတ်နေပြီ။ ပြင်သစ်စာရေးဆရာကြီး **ဗိုလတယ်** ဟာ သုံးနှစ်သားအရွယ်မှာ ဂန္ထဝင်ပုံပြင်များကို ဖတ်ရှုနေပြီ။ သာမန်ကလေးတွေဟာ နှစ်နှစ် သုံးနှစ်အရွယ်မှာ စကားပြောတတ်ရုံသာ ရှိကြသေးတယ်။ ကျောင်းမနေကြရသေးဘူး။

အင်္ဂလန်က သမိုင်းပါရဂူ **မက်ကောလေး** ဆိုသူက ခြောက်နှစ်သား အရွယ်ကတည်းက ကမ္ဘာ့သမိုင်းကို စရေးသားခဲ့တယ်တဲ့။ ခြောက်နှစ်အရွယ် ကလေးငယ်ဟာ ဘယ်လိုလုပ်ပြီး လူကြီးတွေလို တွေးခေါ်နိုင်ပါလိမ့်။

တရုတ်နိုင်ငံက **ကျင်ကျင်** ဆိုတဲ့ ကလေးဟာ နှစ်နှစ်အရွယ်မှာ အင်္ဂလိပ်စကားနဲ့ တရုတ်စကားတို့ကို ပြောနိုင်တယ်။ သုံး

www.burmeseclassic.com

www.burmeseclassic.com



နှစ် အရွယ်မှာ အင်္ဂလိပ်စာ တတ်မြောက်ပြီး တရုတ် ဂန္ထဝင်ကဗျာများကို အာဂုံဆောင်နိုင်တယ်။ လေးနှစ်အရွယ်မှာ အခြေခံပညာ အထက်တန်းအဆင့် သင်္ချာများကို တွက်ချက်နိုင်တဲ့အတွက် ဂျူဟန် တက္ကသိုလ်က တက္ကသိုလ်ကျောင်းသားတစ်ဦးအဖြစ် လက်ခံလိုက်ကြောင်းကို ၁၈–၂–၈၅ ရက်ထုတ် မြန်မာ့သတင်းစာများမှာ သတင်းပါလာတယ်။ မြန်မာနိုင်ငံမှာ ၁၀ တန်းစာမေးပွဲကို ၁၀ ကြိမ်ဖြေလို့ မအောင်မြင်တဲ့လူတွေ မရှိဘူးလား၊ ဘာဖြစ်လို့ ဉာဏ်အရည်အသွေး ကွာခြားကြရသလဲ။

မြန်မာနိုင်ငံမှာလည်း 'ဉာဏ်ကြီးရှင်ကလေး' တွေ ရှိပါတယ်။ **ပိဋကတ်မောင်ထွန်းကြိုင်** လို့ နာမည်ကျော်ကြားတဲ့ ကလေးငယ်ဟာ ခြောက်နှစ်အရွယ်မှာ စာမသင်ရသေးဘဲနဲ့ ပိဋကတ်သုံးပုံကို အာဂုံရွတ်ဆိုပြနိုင်ခဲ့တယ်။

၁၉၅၄ ခုနှစ် သင်္ဂါယနာစာစောင်မှာ ခြောက်နှစ်သမီး **မလှကြီး** ဆိုသူက အခက်ခဲဆုံး ပါဠိတော်များကို သုံးလေးခေါက် ဖတ်ပြီးရင် အာဂုံရွတ်ဆိုနိုင်တယ်။ အဓိပ္ပာယ်ကိုလည်း ရှင်းပြနိုင်တယ်လို့ ဖော်ပြထားတယ်။

၁၉၅၆ ခုနှစ်က ဖျာပုံမြို့နယ်က လယ်သမားမိသားစုတစ်စုဟာ ရန်ကုန်မြို့သို့ ဘုရားဖူးလာကြတယ်။ အဲဒီမိသားစုက သုံးနှစ်သမီးကလေးဟာ ဖိတ်စာတစ်စောင်ကို ကောက်ယူ ဖတ်ရှုနေရာက စာဖတ်တတ်နေကြောင်း မိဘတို့ သိရှိကြရတယ်။

အဲသလို အခုဘဝမှာ ပညာမသင်ရသေးဘဲနဲ့ အလိုလို စာတတ်နေကြတဲ့ ကလေးငယ်များဟာ ရှေးဘဝက ကုသိုလ်ကံအစွမ်းနဲ့ အထုံပါရမီတို့ကြောင့် ထူးထူးခြားခြား စာတတ်မြောက်

www.burmeseclassic.com

www.burmeseclassic.com



နေခြင်းပဲ ဖြစ်ပါတယ်။ ဒီအကြောင်းကို ဗီဇနိယာမ၊ သိပ္ပံနိယာမ တို့နှင့် ရှင်းပြလို့ မရဘူး။

ကုသိုလ်ကောင်းမှုတစ်ခုခုကို ပြုပြီး လူ့စည်းစိမ်၊ နတ်စည်းစိမ်ကို ဆုတောင်းရင် ဆုတောင်းတဲ့အတိုင်း အကျိုးပေးလိမ့်မယ်။ အဲသလို အကျိုးပေးပြီးရင် ကုသိုလ်ကောင်းမှုရဲ့ အရှိန်အဟုန်ဟာ ကုန်သွားတတ်ပါတယ်။

ကုသိုလ်ကောင်းမှု လုပ်တိုင်းလုပ်တိုင်း 'သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု' 'သဗ္ဗညုတဉာဏ်တော် ရရာရကြောင်း အကြောင်း အထောက်အပံ့ ဖြစ်ပါစေ' လို့ ဆုတောင်းရင် အဲဒီ ကုသိုလ်ကံတွေဟာ သဗ္ဗညုတဉာဏ်ရဖို့ကို ကျေးဇူးပြုလိမ့်မယ်။

## သိဒ္ဓတ္ထမင်းသားဘဝ

ဂေါတမမြတ်စွာဘုရားရဲ့ အလောင်းတော်ဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးတဲ့နောက် သိဒ္ဓတ္ထမင်းသားဘဝ သို့ ရောက်တော်မူတယ်။ ဒါကြောင့် ဒီဘဝမှာ သူ့ထက် ဘုန်းကံ ပါရမီကြီးသူ မရှိဘူး။

ဘုန်းတန်ခိုးဆိုတဲ့ 'ဘုန်း' ဟာ 'ပုည' က လာတယ်။ ကုသိုလ် အဆောက်အအုံလို့ အဓိပ္ပာယ်ရတယ်။ ကုသိုလ်အဆောက်အအုံ ပိုကြီးသူဟာ ဘုန်းတန်ခိုးပိုကြီးတာပဲ။

ဒါကြောင့် လုမ္ဗနီဥယျာဉ်မှာ မိခင်ရဲ့ဝမ်းကြာတိုက်မှ ဖွားလျှင် ဖွားချင်း သိဒ္ဓတ္ထမင်းသားကလေးဟာ မြောက်အရပ်သို့ ခုနစ် ဖဝါး လှမ်းသွားတယ်။ မိမိထက် သာလွန်တဲ့သူ တစ်စုံ တစ်ယောက် ရှိလေမလားလို့ လောကကို ကြည့်တယ်။ မတွေ့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ သုံးခွန်းသောစကားကို မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ကြုံးဝါးတော်မူတယ်။

*တစ်လောကလုံးမှာ ငါဟာ အမြတ်ဆုံးဖြစ်တယ်။*

*တစ်လောကလုံးမှာ ငါဟာ အကြီးအကဲဆုံးဖြစ်တယ်။*

*တစ်လောကလုံးမှာ ငါဟာ အချီးမွမ်းခံထိုက်ဆုံး ဖြစ်တယ်။*

အဲသလို ကြုံးဝါးလိုက်တော့ နတ် ဗြဟ္မာများက ဟုတ်မှန်ကြောင်း ထောက်ခံကြတယ်။

ဘုရားအလောင်းတော်ကို ဖွားမြင်ပြီးတော့ ကပိလဝတ် နေပြည်တော်ကိုပြန်ရောက်ကြတဲ့အခါ **ကာဠဒေဝိလရသေ့** ကြွလာတယ်။ ဒီရသေ့မြတ်က လောကီအဘိညာဉ်ငါးပါးနဲ့ ဈာန်သမာပတ် ရှစ်ပါးကို ရထားတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ သုဒ္ဓေါဒနမင်းကြီးရဲ့ နန်းတော်ဆီသို့ နေ့စဉ် ဆွမ်းစားကြပြီးတော့ တာဝတိံသာ နတ်ပြည်သို့ တက်တယ်။ နတ်ပြည်မှာ ဘုရားအလောင်းကို ဖွားမြင်တဲ့ သတင်းစကားကို ကြားသိရလို့ သုဒ္ဓေါဒန နန်းတော်သို့ ပြန်ဆင်းလာတယ်။

မင်းကြီးက မင်းသားလေးကို တန်ဆာဆင်ပြီး ထုတ်ယူလာစေတယ်။ မင်းကြီးက သားတော်ကို ချီယူပြီး ဆရာရသေ့ကို ရှိခိုးစေတဲ့အခါ မင်းသားရဲ့ ခြေတော်အစုံဟာ ခုန်ပျံမြောက်တက်သွားပြီးတော့ ရသေ့မြတ်ရဲ့ ဆံကျစ်ဖျားမှာ တန့်နားစံပယ်တော်မူတယ်။

ဘုရားအလောင်းတော်ရဲ့ အံ့ဖွယ်သရဲထူးကဲမြင့်မြတ်တဲ့ ဘုန်းတန်ခိုးကို ရသေ့မြတ်က ဆင်ခြင်သိမြင်တဲ့အခါ အလောင်းတော်

www.burmeseclassic.com

www.burmeseclassic.com



ကိုလက်အုပ်ချီမိုး ရှိခိုးပါတယ်။ ဆရာရသေ့ရှိခိုးတာကိုမြင်တော့ မင်းကြီးကလည်း သားတော်ကို ရှိခိုးပါတယ်။

သိဒ္ဓတ္ထမင်းသား လူလားမြောက်လို့ ၁၆ နှစ်အရွယ်သို့ ရောက်တဲ့အခါ ခမည်းတော်က ထီးနန်းအပ်ဖို့ စီစဉ်တယ်။ ဒါကြောင့် ဆွေတော်ရှစ်သောင်း သာကီဝင်မင်းအပေါင်းတို့ထံ သမီးကညာ ဆက်သကြရန် သဝဏ်လွှာများ ပေးပို့လိုက်တယ်။

သာကီဝင်မင်းသားအပေါင်းတို့က 'သိဒ္ဓတ္ထမင်းသား ပညာ မတတ်ဘူး၊ ကြည့်ရှုဖို့ကောင်းတဲ့ ရုပ်အဆင်းသာ ရှိတယ်၊ သားမယားတို့ကို ကျွေးမွေးထိန်းသိမ်းဖို့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် သမီးတော်များကို မပေးဆက်နိုင်ဘူး' လို့ စကားပြန်လာကြတယ်။

ဒီအကြောင်းကို သိဒ္ဓတ္ထမင်းသားအား ပြောပြတော့ 'ခမည်းတော်ဘုရား...သားတော်မှာ အတတ်ပညာသင်ကြားဖို့ မလိုပါ၊ မဟာဆွေတော်မျိုးတော်တို့ ကျေနပ်အောင် မည်သည့်အတတ်ကို ပြစေလိုပါသလဲ' လို့ သိဒ္ဓတ္ထမင်းသားက ပြန်မေးတယ်။

"ချစ်သား...ဗိုလ်တစ်ထောင်တင် လေးအတတ်ကိုပြသင့်တယ်"

ဒါနဲ့ ခုနစ်ရက်မြောက်တဲ့နေ့မှာ ဆွေတော်မျိုးတော်တို့ရှေ့မှာ လေးအတတ်အမျိုးမျိုးကို အံ့မခန်းအောင်ပြသတော်မူတယ်။ ဒီလိုပြသနိုင်တဲ့အကြောင်းက ရှေးဘဝများစွာက လေ့ကျင့်ခဲ့တဲ့ အထုံပါရမီအစွမ်းကြောင့်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## တောမထွက်အောင် မတားနိုင်

သိဒ္ဓတ္ထမင်းသားကို ရွှေအဆင်းလို ဝင်းအိလှပတဲ့ **ဘဒ္ဒကစ္စနာ** ငယ်မည်သာတဲ့ **ယသော်ဓရာဒေဝီ**နဲ့ ထိမ်းမြားလက်ထပ်ပေးပြီးတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်အား ကပိလဝတ်ပြည်ရဲ့ ထီးနန်းအရိုက်အရာကို အပ်နှင်းတော်မူတယ်။

သိဒ္ဓတ္ထမင်းသားဟာ ရမ္မ၊ သုဘ၊ သုရမ္မ အမည်ရကြတဲ့ စံနန်းတော် သုံးဆောင်မှာ ယသော်ဓရာဒေဝီနဲ့အတူ မောင်းမကညာ လေးသောင်းတို့ ခြံရံလျက် သိကြားမင်းစည်းစိမ်တမျှကြီးကျယ်ခမ်းနားတဲ့ လောကီစည်းစိမ်ကို ၁၃ နှစ်ကြာ စံစားတော်မူတယ်။

သိဒ္ဓတ္ထမင်းသားဟာ 'သူအို၊ သူနာ၊ သူသေ၊ ရဟန်း' ဆိုတဲ့ နိမိတ်ကြီးလေးပါးကို မြင်ပြီး တောထွက်လိမ့်မယ်လို့ ပုဏ္ဏားပညာရှိတွေ ကြိုတင်ဟောကြားထားလို့ သုဒ္ဓေါဒနမင်းကြီးက ဒီနိမိတ်များကို သားတော်မမြင်တွေ့ရအောင် အထူးဂရုစိုက်ပြီး စောင့်ရှောက်စေပါတယ်။

ဒါပေမဲ့ အချိန်တန်လာတဲ့အခါ သိဒ္ဓတ္ထမင်းသားက ဥယျာဉ်ကိုထွက်ကစားတော့ နတ်တွေက နိမိတ်ကြီးလေးပါးကိုဖန်ဆင်းပြကြပါတယ်။ ဒီအခါမှာ ပါရမီတော်အဟုန်ရဲ့ နှိုးဆော်မှုကြောင့် ထီးနန်းစည်းစိမ်တွေကို စွန့်ပြီး တောထွက်ဖို့ ချက်ချင်းဆုံးဖြတ်လိုက်ပါတယ်။ **သားတော်ရာဟုလာ**ရဲ့ မျက်နှာကို တွေ့ချင်ပါသော်လည်းပဲ သားတော်ကို ထွေးပိုက်ထားတဲ့ ယသော်ဓရာ နိုးသွားမှာစိုးလို့ သားတော်ကိုမကြည့်တော့ဘဲ သန်းခေါင်ယံအချိန်မှာ တောထွက်တော်မူခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတောထွက်တာဟာ လင့်ဝတ္တရား၊ ဖခင်ဝတ္တရား ပျက်ကွက်တယ်လို့ အချို့က အပြစ်တင်ကြတယ်။ ဒီလို အပြစ်မတင်သင့်ဘူး။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်စဉ်ကာလက သားသမီးများကို အကြိမ်ကြိမ်စွန့်လွှတ်ခဲ့ရတယ်။ မိမိ အသက်ကိုတောင် အကြိမ်ကြိမ်စွန့်လွှတ်ခဲ့ရသေးတယ်။ ဒီနောက်ဆုံး ဘုရားဖြစ်ရမယ့်ဘဝမှာ တောမထွက်ရင် ဘယ်လိုလုပ်ပြီး ဘုရားဖြစ်တော့မှာလဲ။

ပြီးတော့ တောထွက်တဲ့ ရည်ရွယ်ချက်က မအိုရာ, မနာရာ, မသေရာ မြတ်နိဗ္ဗာန်သို့ရောက်ရှိမည့် နည်းလမ်းကို ရှာကြံပြီးတော့ သတ္တဝါအများကို ကယ်ချွတ်ဖို့ပဲ၊ မိမိတစ်ဦးတည်း ကောင်းစားရေးအတွက် မဟုတ်ဘူး။

ယခုခေတ်မှာတောင် ပညာရေးကိစ္စ၊ စီးပွားရေးကိစ္စ စသည်ဖြင့် နေအိမ်မှ နှစ်နှစ် သုံးနှစ် ထွက်သွားရသူတွေ အများကြီး ရှိနေတာပဲ။ သိဒ္ဓတ္ထမင်းသားကလည်း တောထွက်ပြီး သူတရားရှာလိုက်ရင် မကြာခင် တရားထူးရပြီး ပြန်လာနိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့တာ။

တကယ် ဘုရားဖြစ်ပြီးတဲ့အခါမှာလည်း တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးပေးလို့ ယသော်ဓရာဒေဝီရော၊ ရာဟုလာရော၊ ခမည်းတော်၊ မိထွေးတော်၊ ညီတော်၊ နှမတော်၊ ဆွေမျိုးတော်များရော၊ ကုဋေပေါင်းများစွာသော လူ နတ် ဗြဟ္မာများကရော သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ကြပြီး အမြတ်ဆုံးအမြိုက်ချမ်းသာကို ရရှိကုန်ကြတယ်။ ဒါထက်ကောင်းတဲ့ စောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ထောက်ပံ့ခြင်း၊ ကျေးဇူးပြုခြင်းဆိုတာ လောကမှာ ရှိနိုင်ပါ သေးသလား။

## ဒုက္ကရစရိယာအကျင့်

သိဒ္ဓတ္ထမင်းသားဟာ တောထွက်ရဟန်းပြုပြီးနောက် **အာဠာရ** အမည်ရှိတဲ့ ဂိုဏ်းဆရာကြီးထံမှ ရူပါဝစရဈာန်လေးပါးနှင့် အရူပါဝစရဈာန် သုံးပါးကို သင်ယူတယ်။ ဒီမှာလည်း ရှေးပါရမီ အဟုန်ကြောင့် ဈာန်တွေကို လွယ်လွယ်မြန်မြန်ပဲ ရရှိပါတယ်။ ထို့နောက် **ဥဒက** အမည်ရှိတဲ့ ဂိုဏ်းဆရာကြီးထံမှာ နည်းနာခံလို့ စတုတ္ထ အရူပဈာန်ကိုလည်း ထပ်မံရရှိပါတယ်။

အခုလိုဈာန်သမာပတ် ရှစ်ပါးလုံးကို ရရှိပြီးသူဟာ အဘိညာဉ်တွေ ရအောင် ဆက်လေ့ကျင့်နိုင်တယ်။ ဒါပေမဲ့ အလောင်းတော်က ဒီဈာန်တရားတွေဟာ ဝဋ်ဆင်းရဲမှ ထွက်မြောက်အောင် မစွမ်းဆောင်ပေးနိုင်ဘူးဆိုတာကို မြင်သိလို့ ဆက်ပြီးတော့ မလေ့ကျင့်တော့ဘူး။

ဒါနဲ့ ဥရုဝေလတောအုပ်ထဲ ဝင်ပြီး ခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာ ကျင့်တော်မူတယ်။ ဆွမ်းခံခြင်းအမှုကို ပယ်၊ အလိုလိုကြွေကျတဲ့ သစ်သီးများကို သုံးဆောင်၊ ထိုမှတစ်ဆင့် မိမိ မှီနေတဲ့ သစ်ပင်မှ အလိုလိုကြွေကျတဲ့ သစ်သီးများဖြင့်သာ မျှတတော်မူတယ်။

ထွက်လေ ဝင်လေ နှစ်ပါးကို အောင့်ချုပ်ထားခြင်း ဆိုတဲ့ အပ္ပာနကဈာန်ကို ဖြစ်စေဖို့အတွက် ခံတွင်း၊ နှာခေါင်းတို့မှ ထွက်သက် ဝင်သက် မထွက်ဝင်နိုင်အောင် အတင်းချုပ်တည်း

www.burmeseclassic.com

www.burmeseclassic.com



တော်မူတဲ့အခါ ကိုယ်တော်မြတ် အလွန်ပင်ပန်းတော်မူတယ်။ ချုပ်တည်းထားတဲ့ လေက ခံတွင်း၊ နှာခေါင်းတို့မှ ထွက်ခွင့်မရတဲ့အခါ နားပေါက်တို့မှ တိုးထွက်ကြလို့ ပန်းပဲသမားရဲ့ ဖားဖိုမှ လေထွက်သံလို အလွန်ပြင်းထန်စွာ အသံမြည်တယ်။

ဒီနောက် နားပေါက်တွေကိုပါ ပိတ်ပြန်တော့ လေတွေဟာ ဦးခေါင်းသို့ တက်ပြီး တိုးဝှေ့ထိုးဆွကြတယ်။ အားကြီးတဲ့ ယောကျ်ားတစ်ယောက်က ထက်မြတဲ့ဆူးချွန်နဲ့ ဦးခေါင်းကို မွှေနေသလို အလွန်နာကျင်တဲ့ ဝေဒနာကို ခံစားရပါတယ်။

တစ်ဖန် ထွက်လေဝင်လေကို ဦးခေါင်းဆီသို့ မတက်အောင် အတင်းထိန်းချုပ်ပြန်တော့ ဝမ်းဗိုက်ကို ထိုးဆွမွှေနှောက်လို့ အူအသည်းတွေ ပြတ်ထွက်လုမတတ် ခံစားရပြန်တယ်။ တစ်ကိုယ်လုံးမှာလည်း အပြင်းအထန်ပူလောင်တဲ့ ဉာဟရောဂါ ဖြစ်ပေါ်လာပါတယ်။

အမှန်အားဖြင့် ဆိုခဲ့ပြီးတဲ့ အပ္ပာနကစျာန်အကျင့်တွေဟာ မိမိကိုယ်ကို ဆင်းရဲပင်ပန်းအောင် ညှဉ်းပန်းနှိပ်စက်တဲ့ 'အတ္တကိလမထာနုယောဂ' အကျင့်မှားပါပဲ။ နောက်ဆုံးမှာ ဘုရားလောင်းဟာ အားပြတ်ပြီး မှောက်လဲပါတယ်။ သဗ္ဗညုတဉာဏ်တော်ကို မရပါဘူး။

ဘုရားအလောင်းတော်တို့ဟာ နောက်ဆုံးဘဝမှာ ခုနစ်ရက်မှ တစ်လအထိသာ ဒုက္ကရစရိယာကို ကျင့်တော်မူရတယ်။ ဂေါတမဘုရားအလောင်းတော်က ကဿပမြတ်စွာဘုရားပွင့်စဉ်အခါက ဇာတိမာန်ခက်ထန်တဲ့ **ဇောတိပါလပုဏ္ဏား**ဖြစ်ခဲ့တယ်။ အဲဒီပုဏ္ဏားက "ဒီဦးပြည်း (ခေါင်းတုံး) ဟာ မဂ်ဉာဏ် သဗ္ဗညုတ

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကို ရတယ်ဆိုတာ ဘယ်ဟုတ်နိုင်ပါ့မလဲ၊ သဗ္ဗညုတဉာဏ်ဆိုတာ အလွန်ရနိုင်ခဲတဲ့အရာဖြစ်တယ်၊ ငါဟာ သဗ္ဗညုတဉာဏ်ကို ရမယ်ဆိုရင် ခြောက်နှစ်ကြာအောင် ဒုက္ကရစရိယာကျင့်မယ်" လို့ ဝစီကံကျူးလွန်ခဲ့တယ်။ ဒီဝစီကံဝိပါက်ကြောင့် ခြောက်နှစ်ကြာအောင် ဒုက္ကရစရိယာ ကျင့်တော်မူရခြင်းဖြစ်တယ်။

သိဒ္ဓတ္ထရဟန်းဟာ ဒုက္ကရစရိယာ အကျင့်ဖြင့် (၁) အရေမျှကြွင်းပစေ၊ (၂) အကြောမျှ ကျန်ပစေ၊ (၃) အရိုးမျှ ကြွင်းပစေ၊ (၄) အသားအသွေးတို့ခန်းခြောက်သွားပစေ ဆိုတဲ့ စတုရင်္ဂဝီရိယကို ပြသခဲ့ပါတယ်။ သူတကာတို့ သည်းခံနိုင်ဖို့ရန် ခက်ခဲလှတဲ့ ဆင်းရဲပင်ပန်းမှုကိုလည်း သည်းခံခဲ့ပါတယ်။

နောက်ဆုံး ခွန်အားပြတ်တဲ့အထိ ကျင့်ကြံပါသော်လည်း ရည်မှန်းချက် မပေါက်မြောက်တဲ့အခါ အကျင့်များကို ပယ်စွန့်ပြီး နည်းလမ်းသစ်ကို ရှာဖွေရပါတယ်။ မိမိ ကလေးဘဝက ခမည်းတော်လယ်ထွန်မင်္ဂလာပြုလုပ်စဉ် ပထမစျာန်ဝင်စားခဲ့ဖူးတာကို ပြန်သတိရတယ်။ အဲဒီစျာန်လမ်းဖြင့် သဗ္ဗညုတဉာဏ်ကို တက်လှမ်းယူရမှာကို သဘောပေါက်လာတယ်။

ဒါကြောင့် ညှိုးနွမ်းနေတဲ့ ခန္ဓာကိုယ်ကို တစ်ဖန်စိုပြည် လန်းဆန်းလာအောင် သေနနိဂုံးမှာ ဆွမ်းခံပြီး ဘုဉ်းပေးတော်မူတယ်။ နှစ်ရက်သုံးရက်အတွင်းမှာပဲ ခွန်အားပြန်ဖြစ်လာပြီး မဟာပုရိသလက္ခဏာတော်ကြီးများဟာ နဂိုမူလအတိုင်း ထင်ရှားပေါ်လွင်လာကြတယ်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ သေနနိဂုံးမှ သူဌေးကတော်သုဇာတာရဲ့ နို့ဃနာဆွမ်းကို ခံယူပြီး ၄၉ လုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘုဉ်းပေးတော်မူတယ်။ ပြီးတော့ နေရဉ္စရာမြစ်ကမ်းပါးက အင်ကြင်းတောမှာ နေ့သန့် နေထိုင်တော်မူပြီး အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်တယ်။ လောကီစျာန်သမာပတ် ရှစ်ပါးကိုလည်း ဝင်စားတော်မူတယ်။

ညနေ ချမ်း အချိန် မှာ မြစ်ဆိပ်မှာ ရေချိုးပြီး မဟာဗောဓိညောင်ပင်သို့ကြွတော်မူတယ်။ သောတ္ထိယအမည်ရှိတဲ့မြက်ထမ်းပုဏ္ဏားက မြက်ရှစ်ဆုပ် လှူဒါန်းတာကို အလှူခံယူတော်မူပြီး ဗောဓိပင်ရင်းမှာ ကြဲဖြန့်တော်မူတယ်။ အဲဒီအခါ မြက်အသွင်ကွယ်ပျောက်ပြီး ရတနာပလ္လင်ကြီး ပေါ်ပေါက်လာတယ်။

## ဘုရားဖြစ်တော်မူခြင်း

ရတနာပလ္လင်ထက်မှာ အပရာဇိတ တင်ပလ္လင် (ရန်သူတို့ကို အရှုံးမပေးဘဲ အောင်ပွဲခံယူမည့် တင်ပလ္လင်) ကို ဖွဲ့ခွေတော်မူပြီး "ငါသည်ဘုရားမဖြစ်သမျှ ဤဖွဲ့ခွေထားတဲ့တင်ပလ္လင်ကိုမဖျက်ဆီးတော့" လို့ အဓိဋ္ဌာန်တော်မူတယ်။

မကြာမြင့်မီမှာ မာရ်နတ်က မာရ်စစ်သည် ဗိုလ်ပါ အလုံးအရင်းနဲ့ ချီတက်တိုက်ခိုက်လာတယ်။ ဒါပေမဲ့ အလောင်းတော်ရဲ့ မေတ္တာကရုဏာခံတပ်ကို မကျော်ဖြတ်နိုင်ဘူး။ မာရ်နတ် ပစ်လွှတ်လိုက်တဲ့ လက်နက်တွေဟာ အလောင်းတော်ရဲ့ ခြေတော်ရင်းမှာ မုလေးပန်းတွေ နတ်ပန်းတွေ ဖြစ်ကုန်တာပဲ။

မာရ်နတ်က အပရာဇိတပလ္လင်ကိုသူ ပိုင်တယ်၊ ပလ္လင်ပေါ်က ထပေးပါလို့ တောင်းဆိုတဲ့အခါ အလောင်းတော်က မဟာပထဝီမြေကြီးကို သက်သေအရာမှာ တည်စေလို့ လက်ညှိုးထိုးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ မဟာပထဝီမြေကြီးက အိုးထိန်းစက်လိုသွက်သွက် လည်ပြီး သည်းထန်စွာ မြည်ဟည်းတယ်။ မြေကြီးရဲ့ အသံဖြင့် ကောင်းကင်တစ်ခွင်လုံး မိုးချုန်းသံလို ကျယ်လောင်တဲ့အသံတွေ ဖြစ်ပေါ်လာတယ်။ လောလောပူတဲ့အိုးကင်းထဲမှာ ပေါက်ပေါက် စပါးတို့ တဖြောင်းဖြောင်းပေါက်ကွဲနေကြသလို ကောင်းကင် တစ်ခုလုံး မိုးတိမ်မရှိဘဲ ကြောက်မက်ဖွယ် ထစ်ချုန်းလာတယ်။

ရဲရဲတောက်တဲ့ မီးကျီးမိုးပမာ မိုးပေါက်မီးပွားတွေ တဖွားဖွား ပုံ့နှံ့ပြီး မိုးကြိုးတို့ကလည်း တဖြုန်းဖြုန်းကျလာကြတယ်။ အုန်းအုန်းဆူညံသံတွေ၊ ထစ်ချုန်းမြည်သံတွေ မစဲတဲ့ မြေကြီးနဲ့ ကောင်းကင်အကြားမှာရှိတဲ့ မာရ်စစ်သည် ဗိုလ်ပါများနဲ့ မာရ် နတ်တို့က ကြောက်လန့်ပြီး ကစဉ့်ကလျား ပြေးလွှားကုန်ကြ တယ်။

မာရ်စစ်တပ်ကြီးကို ပါရမီအစွမ်းအဟုန်နဲ့ အောင်နိုင်ပြီးတဲ့ နောက် အာနာပါနကမ္မဋ္ဌာန်းကို ရှုပွားပြီး ရူပါဝစရဈာန် လေး ပါးကို တက်တယ်။ ထိုမှတစ်ဆင့် အရူပါဝစရဈာန်လေးပါးကို ဆက်တက်တယ်။ ထိုဈာန်သမာပတ် ရှစ်ပါးကို လူးလာ တုံ့ ခေါက် အပြန်ပြန် အလှန်လှန်ဝင်စားပြီးတော့ ညဦးယံမှာ **ပုဗ္ဗေ နိဝါသာနုဿတိ အဘိညာဉ်** ဆိုတဲ့ ပထမဝိဇ္ဇာဉာဏ်ကို ရတော် မူတယ်။

ဒီအဘိညာဉ်နဲ့ မိမိကျင်လည်ခဲ့ရတဲ့ ဘဝအလုံးစုံကိုရော၊ သူ တစ်ပါးတို့ရဲ့ ရှေးက ဖြစ်ခဲ့ဖူးတဲ့ ဘဝများကိုရော သိမြင်တော်မူ ပါတယ်။ ဒါကြောင့် ပုဗ္ဗန္တ ခေါ် ရှေ့အစွန်းကို ဖုံးလွှမ်းမြေးယှက် တတ်တဲ့ အဝိဇ္ဇာအမိုက်တိုက်ကို ဖွင့်လှစ်တော်မူနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မန္တျိမယံမှာတော့ စတုတ္ထဈာန်ကို အခြေခံပြီးတော့ ဒုတိယ ဝိဇ္ဇာဉာဏ်ဖြစ်တဲ့ **ဒိဗ္ဗစက္ခုအဘိညာဉ်**သို့ တက်လှမ်းတော်မူပါတယ်။ ဒီဉာဏ်တော်ဖြင့် အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည် ခြောက်ထပ်နဲ့ ဗြဟ္မာ့ဘုံအလုံးစုံတို့ကို မြင်သိတော်မူတယ်။

"အပါယ်ဘုံသားတို့ဟာ ဘယ်သို့သော ကံကို ပြုလုပ်ထားလို့ အလွန်ကြောက်စရာကောင်းတဲ့ ဆင်းရဲဒုက္ခကို ခံစားနေကြရသလဲ" လို့ ဆင်ခြင်တဲ့အခါ အပါယ်ဘုံသား အသီးသီးတို့ရဲ့ အကုသိုလ်ကံများကို သိမြင်တဲ့ **ယထာကမ္မူပဂအဘိညာဉ်** ဖြစ်ပေါ်လာတယ်။

"ချမ်းသာကြတဲ့ လူနတ်ဗြဟ္မာတို့ဟာ ဘယ်လိုကံတွေကို ပြုလုပ်ထားကြလို့ ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာကို ခံစားကြရသလဲ"လို့ ဆင်ခြင်ပြန်တော့ ယထာကမ္မူပဂ အဘိညာဉ်ဖြင့် ဒီသတ္တဝါအသီးသီးတို့ရဲ့ ကုသိုလ်ကံတွေကို သိမြင်လာတယ်။

ဒိဗ္ဗစက္ခုအဘိညာဉ်ဆိုတာ နတ်မျက်စိလိုမြင်သိနိုင်တဲ့ အသိဉာဏ် အထူး ဖြစ်ပါတယ်။ ဒီဉာဏ်ကို အခြေခံပြီး ယထာကမ္မူပဂ အဘိညာဉ်နဲ့ အနာဂတံသ အဘိညာဉ်တို့ကို ပွားယူနိုင်ပါတယ်။ ယထာကမ္မူပဂ အဘိညာဉ်ဖြင့် ထိုထိုကံအားလျော်စွာ ထိုထိုဘုံဘဝများမှာ ဖြစ်ကြတဲ့ သတ္တဝါများကို မြင်သိနိုင်တယ်။ **အနာဂတံသ အဘိညာဉ်**ဖြင့် နောင်အနာဂတ်မှာ ဖြစ်ပျက်မယ့် အကြောင်းအရာများကို သိမြင်နိုင်တယ်။

ဒါကြောင့် ဒိဗ္ဗစက္ခုအဘိညာဉ်ကို အခြေခံပြီးတော့ အပရန္တ ခေါ်တဲ့ နောက်အစွန်းနဲ့ ပုဗ္ဗန္တာပရန္တ ခေါ်တဲ့ ရှေ့နောက်အစွန်း

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ဖုံးလွှမ်းထားတဲ့ အဝိဇ္ဇာအမိုက်တိုက်ကို ဖယ်ရှားတော်မူနိုင်တယ်။

ပစ္ဆိမယံမှာ **ပဋိစ္စသမုပ္ပာဒ်တရားတော်**ကို အနုလုံပဋိလုံဆင်ခြင်သုံးသပ်တော်မူတယ်။ ပဋိစ္စသမုပ္ပာဒ်တရားတော်ဟာ ၃၁ ဘုံမှာ သတ္တဝါများ စုန်ကာဆန်ကာ ကျင်လည်နေရပုံကို အကြောင်းအကျိုး စပ်ကာ ရှင်းပြထားတဲ့ တရားတော်ဖြစ်တယ်။ ဒီတရားတော်ဖြင့် ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ စတဲ့ ဒိဋ္ဌိအမျိုးမျိုးကို ပယ်ရှင်းတော်မူနိုင်တယ်။

ဒီနောက် စတုတ္ထဈာန်ကိုအခြေခံပြီး ရုပ်နာမ်တို့ရဲ့ မမြဲခြင်းသဘော – အနိစ္စ၊ ဆင်းရဲခြင်းသဘော – ဒုက္ခ၊ အစိုးမရခြင်းသဘော – အနတ္တတို့ကို ဝိပဿနာ တွင်တွင်ရှုမှတ်တဲ့အခါ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ပြီး ပထမမဂ်ဉာဏ်သို့ ဆိုက်ရောက်တော်မူတယ်။ မဂ်ဉာဏ်ရဲ့ အခြားမဲ့မှာ ဖိုလ်ဉာဏ်ဖြစ်ပေါ်တယ်။

ထိုမဂ်ဖိုလ်တို့က ဥပနိဿယပစ္စည်းဆက်ပေးလို့ သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်သို့လည်း အလိုလိုရောက်တော်မူတယ်။

ထို့နောက် ရုပ်နာမ်ဆိုတဲ့ သင်္ခါရတရားတို့ကို ဝိပဿနာ ထပ်မံရှုပွားလို့ ဒေါသကိလေသာကို ပယ်သတ်နိုင်တဲ့ အနာဂါမိမဂ်သို့ ဆိုက်ပြီး အခြားမဲ့မှာ အနာဂါမိဖိုလ်သို့ ဆိုက်ရောက်တော်မူတယ်။

ထို့နောက်တစ်ဖန် ရုပ်နာမ်သင်္ခါရတရားတို့ကို ဝိပဿနာထပ်မံရှုပွားသဖြင့် ကိလေသာအကြွင်းအကျန်ဟူသမျှကို ပယ်

www.burmeseclassic.com

www.burmeseclassic.com



သတ်နိုင်တဲ့ အရဟတ္တမဂ်ဉာဏ်ဖြစ်ပေါ်လာတယ်။ ဒီမဂ်ဉာဏ်ရဲ့ အခြားမဲ့မှာ အရဟတ္တဖိုလ် ဖြစ်ပေါ်တယ်။ အဲဒီအခါမှာ သဗ္ဗညုတရွှေဉာဏ်တော်နဲ့တကွ ဗုဒ္ဓမြတ်စွာတို့ရဲ့ ဂုဏ်ကျေးဇူး အလုံးစုံကို ရရှိတော်မူတယ်။ အဲသလို သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်ရှိတဲ့အချိန်မှာ နေအရုဏ်လည်း တက်လာပါတယ်။

သာဝကဆုလောက်ကိုသာ ဆုပန်ပြီး ပါရမီဖြည့်ကျင့်ခဲ့တဲ့ လူတွေဟာ အရဟတ္တမဂ်ဖိုလ်ဖြစ်ပြီးရင် ရဟန္တာပဲ ဖြစ်ကြတယ်။ ဘုရားဆုပန်ပြီး ဘုရားဖြစ်အောင် ပါရမီဖြည့်ကျင့်ခဲ့တဲ့ ပုဂ္ဂိုလ်မှာမှ အရဟတ္တမဂ်ဖိုလ်ဖြစ်ပြီးတာနဲ့တစ်ပြိုင်နက် သဗ္ဗညုတဉာဏ်တော်နဲ့ အခြားဗုဒ္ဓဂုဏ်တော်များပါ ဖြစ်ပေါ်လာကြတယ်။

ဒါကြောင့် ပါရမီမဖြည့်ဆည်းဘဲနဲ့ ဘုရားမဖြစ်နိုင်ဘူး။ နောက်ဆုံးဘဝမှာ ဝိပဿနာမရှုဘဲနဲ့လည်း ရဟန္တာမဖြစ်နိုင်ဘူး။ ရဟန္တာမဖြစ်ဘဲနဲ့လည်း ဘုရားအဖြစ်သို့ မရောက်နိုင်ပါဘူး။

ဒါကြောင့် ဘုရားဖြစ်ဖို့ နည်းလမ်းကို ဘုရားညွှန်ပြပေးထားတယ်။ ဘယ်သူမဆို ဘုရားဖြစ်အောင် ကြိုးစားက ဘုရားဖြစ်နိုင်ပါတယ်။

## သာသနာပြုပုဂ္ဂိုလ်အကျော်

ဂေါတမဗုဒ္ဓဟာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူခြင်း၊ တရားတော်ကို ဆင်ခြင်ခြင်း၊ အဘိဓမ္မာတရားတော်ကို သုံးသပ်ဆင်ခြင်ခြင်း စသည်တို့ဖြင့် ၄၉ ရက်ကြာတဲ့ကာလကို လွန်မြောက်စေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရက် ၅၀ မြောက်တဲ့နေ့မှာသတ္တဝါတို့ကို တရားဟောဖို့ သင့်မသင့် ဆင်ခြင်တဲ့အခါ (၁) သတ္တဝါတို့ရဲ့ သန္တာန်မှာ ကိလေသာထူပြောတာ တစ်ကြောင်း၊ (၂) တရားတော်က အလွန်သိမ်မွေ့နက်နဲတာတစ်ကြောင်း၊ (၃) ကိုယ်တော်မြတ်ရဲ့ တရားတော်မှာ အလွန်ရှိသေမှုရှိတာ တစ်ကြောင်းတို့ကြောင့် တရားဟောဖို့ ခေတ္တဆိုင်းငံ့နေတော်မူတယ်။

အဲဒီအခါ **သဟမ္ပတိဗြဟ္မာကြီး**က ဘုရားရှင်ထံ လာရောက်ပြီး တရားဟောဖို့ တိုက်တွန်းတယ်။ အဲဒီအချိန်အခါမှာ လူတွေ၊ ရသေ့ ရဟန်း ပုဏ္ဏားတွေက ဗြဟ္မာကို အလေးအမြတ်ပြုနေကြတဲ့ အခါဖြစ်လို့ ဗြဟ္မာကြီးက ဘုရားရှင်ကို ရိုသေကိုင်းညွှတ်ပြီး ပန်ကြားလာရင် တစ်လောကလုံး ဘုရားရှင်ကို ညွှတ်တွား ကိုင်းရှိုင်းလာဖို့ ရှိတယ်။ ဒီအခြေအနေ ရောက်အောင် ဗုဒ္ဓမြတ်စွာ စောင့်ဆိုင်းနေတာပါပဲ။

ဗြဟ္မာကြီးပြန်သွားတဲ့အခါ ရှေးဦးစွာ တရားဟောသင့်တဲ့ ပုဂ္ဂိုလ်ကို ဆင်ခြင်တော်မူတယ်။ အာဠာရနဲ့ ဥဒကဆိုတဲ့ ကျေးဇူးရှင် ဂိုဏ်းဆရာကြီးနှစ်ဦးမှာ မကြာမီက ကွယ်လွန်သွားကြကြောင်းကို သိတော်မူတယ်။ မိမိ ဒုက္ကရစရိယာကျင့်စဉ်က မိမိအား စောင့်ရှောက်ပြုစုခဲ့ကြတဲ့ ပဉ္စဝဂ္ဂီငါးဦးကို ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ရှာဖွေကြည့်တဲ့အခါ ဗာရာဏသီပြည်အနီး ဣသိပတနအမည်ရှိ မိဂဒါဝုန်တောကြီးမှာ နေထိုင်ကြတာကို မြင်တွေ့ရတယ်။

ဒါကြောင့် မိဂဒါဝုန်တောသို့ကြွပြီး ဝါဆိုလပြည့်နေ့ နေဝင်ရီတရောအချိန်မှာ **ဓမ္မစကြာတရားတော်**ကို ဟောကြားတော်မူတယ်။ ဒီဖွဲ့ဆော်ဦးတရားပွဲမှာ လူပုဂ္ဂိုလ်ငါးဦးသာ ရှိပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



စကြဝဠာတိုက်တစ်သောင်းက ကျွတ်ထိုက်တဲ့ ဗြဟ္မာ ၁၈ ကုဋေ တို့ကလည်း တရားသံကို စကြားတာနဲ့ စုဝေးရောက်ရှိလာကြ တယ်။ တရားဆုံးတော့ အရှင်ကောဏ္ဍညနဲ့အတူ ဗြဟ္မာ ၁၈ ကုဋေတို့ဟာ သောတာပတ္တိဖိုလ်၌ တည်ကြတယ် (သောတာ ပန် ဖြစ်ကြတယ်။)

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ ပဉ္စဝဂ္ဂီလေးဦးတို့က ဆွမ်း ခံကြွပြီး ဗုဒ္ဓမြတ်စွာနဲ့ ဝပ္ပမထေရ်တို့ ကျန်ရစ်တယ်။ ဗုဒ္ဓမြတ်စွာ ရဲ့အဆုံးအမဩဝါဒဖြင့် အဲဒီနေ့မှာ ဝပ္ပမထေရ်သောတာပန် ဖြစ် တယ်။ နောက်နေ့မှာ ဘဒ္ဒိယမထေရ်ကျန်ရစ်ပြီး ဗုဒ္ဓအဆုံးအမ ဩဝါဒနဲ့ သောတာပန်ဖြစ်ပြန်တယ်။ နောက်နှစ်ရက်မှာလည်း မဟာနာမ မထေရ်နဲ့ အဿဇိမထေရ်တို့အသီးသီး အလားတူ သောတာပန်ဖြစ်ကြတယ်။

ဝါဆိုလပြည့်ကျော် ၅ ရက်နေ့မှာတော့ **အနတ္တလက္ခဏာ သုတ္တန်** ကို ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူလို့ ပဉ္စဝဂ္ဂီငါးဦးစလုံး အာသဝေါကုန်ခန်းပြီး ရဟန္တာများ ဖြစ်ကြတယ်။

ဗုဒ္ဓမြတ်စွာဟာ အနီးကပ်စောင့်ရှောက်ပြီး အဆုံးအမဩဝါဒ ပေးခြင်း၊ နည်းညွှန်ပြခြင်းတို့ဖြင့် သတ္တဝါတို့ကို ကယ်ချွတ်ပေး တော်မူတာ အလွန်ချီးကျူးစရာကောင်းပါတယ်။

(ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏာသုတ်၊ ပဋိစ္စသမုပ္ပါဒ် တရားတော်စတဲ့ တရားတော်များရဲ့အကြောင်းကို 'မြတ်ဓမ္မ' စာ အုပ်မှာ ကြည့်ပါ။)

ဗုဒ္ဓမြတ်စွာဟာ ပဉ္စဝဂ္ဂီတို့နဲ့အတူ မိဂဒါဝုန်တောမှာ ပထမဝါ ကို ကပ်ဆိုနေစဉ် တစ်နေ့နံနက်၌ စောစောစီးစီးထပြီး လွင်တီး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်မှာ စကြီံလျှောက်နေတယ်။ လူတစ်ယောက် လာနေတာကို စောင့်မျှော်နေတယ်။

ဗာရာဏသီသူဌေးသား **'ယသ'** က နွေမိုးဆောင်းပြာသာဒ်သုံးဆောင်ထက်မှာ ကြီးကျယ်တဲ့ ကာမဂုဏ်စည်းစိမ်ကို ခံစားနေစဉ် သန်းခေါင်လွန်အချိန်မှာ လန့်နိုးပြီး ကြည့်လိုက်တော့ မိမိကို ဖြေဖျော်ခဲ့ကြတဲ့ ကချေသည်တွေ ပိုးလိုးပက်လက် ဆံပင် ဖရိဖရဲ တံတွေးတွေ ယိုစီးပြီး ဟောက်ဟတ်နေကြတာကို မြင်တွေ့ရတော့ သုသာန်တစပြင်လို ထင်မိတယ်။

ကာမဂုဏ်စည်းစိမ်မှာ အပြစ်မြင်လာ၊ ငြီးငွေ့လာလို့ ပြာသာဒ်ပေါ်က ဆင်းပြီး ခြေဦးတည့်ရာ တောထဲကို လျှောက်ဝင်လာတယ်။ သူ့ရဲ့နှုတ်ကလည်း...

"အို...ခပ်သိမ်းသော သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ဆိုး ဒုက္ခအိုးကြီးကို အမျိုးမျိုးသော ကိလေသာတွေ လွှမ်းမိုးနှိပ်စက်နေပါကလား" လို့ အထပ်ထပ်အခါခါ ရွတ်ဆိုလာတယ်။

"ချစ်သားယသ...ငါဘုရား သိရှိထားတဲ့ နိဗ္ဗာန်တရားဟာ ကိလေသာတို့ မနှိပ်စက် မညှဉ်းပန်းနိုင်တဲ့ တရားမဲ၊ ချစ်သား...လာပါ၊ သင့်ကို နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းကို ငါဟောကြားမယ်"

မြတ်ဗုဒ္ဓရဲ့ အောင်မြင်လေးနက်တဲ့အသံတော်ကိုကြားရတော့ ယသ သတို့သားဟာ ဝမ်းမြောက်ရွှင်လန်းသွားတယ်။ ရွှေခြေနင်းကို ချွတ်ပြီး မြတ်ဗုဒ္ဓထံ ချဉ်းကပ်လာတယ်။ မြတ်ဗုဒ္ဓက ယသရဲ့ စိတ်နေစိတ်ထား တဖြည်းဖြည်းနူးညံ့သိမ်မွေ့ပြီး အမှန်တရား

www.burmeseclassic.com

www.burmeseclassic.com



ကို ထိုးထွင်းသိမြင်နိုင်အောင် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာတို့ကို အစဉ်အတိုင်း ဟောကြားတော်မူတယ်။

**ဒါနကထာ** = ဒါနနဲ့ စပ်တဲ့ စကား။

"ချစ်သား ယသ ...မိမိရဲ့ ပစ္စည်းဥစ္စာကို စွန့်လွှတ်ပေးကမ်းခြင်း ဆိုတဲ့ ဒါနဟာ မျက်မှောက်ဘဝချမ်းသာ၊ တမလွန်ဘဝချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့ကို ရရှိစေနိုင်တဲ့ အကြောင်းတစ်ပါးဖြစ်တယ်၊ လူတွေနတ်တွေရဲ့ အသုံးအဆောင်ပစ္စည်းများကိုရော အဲဒီပစ္စည်းဝတ္ထုတွေကို သုံးဆောင်တဲ့အခါ ဖြစ်ပေါ်လာတဲ့ ချမ်းသာ ပျော်ရွှင်မှုကိုရော ဒါနကောင်းမှုရဲ့အကျိုးက ဖြစ်ပေါ်စေပါတယ်။

"စည်းစိမ်ဥစ္စာ ပျက်စီးခြင်း စတဲ့ ဗျသနဘေးဆိုးတွေ ကျရောက်တဲ့အခါ မပျက်စီးအောင် ဒါနကောင်းမှုက စောင့်ရှောက်ပေးတယ်၊ ဒါကြောင့် ဒါနကောင်းမှုဟာ မှီခိုပုန်းအောင်းရာ အားထား လဲလျောင်းရာ ဖြစ်ပေတယ်၊ ဤပစ္စုပ္ပန်ဘဝ၊ တမလွန်ဘဝတို့မှာ ဒါနနဲ့တူတဲ့ မှီရာတည်ရာ ဆွဲတွယ်ရာ ပုန်းအောင်းရာ လဲလျောင်းရာ အစောင့်အရှောက်ကောင်းဆိုတာ မရှိဘူး။

"ဒါန ကောင်းမှုဟာ အပါယ်ဘေးမှ လွတ်မြောက်အောင် ကူးထွက်ဖို့ သင်္ဘောလှေနဲ့ တူတယ်၊ မနာလိုခြင်း – ဣဿာ၊ ဝန်တိုခြင်း– မစ္ဆရိယ၊ ကာမဂုဏ်အာရုံကို လိုချင်တပ်မက်ခြင်း– လောဘ စတဲ့ အကုသိုလ်အညစ်အကြေးတွေ မလိမ်းကပ်အပ်တဲ့ ပဒုမ္မာကြာပန်းနဲ့လဲ တူတယ်၊ ဆင်းရဲမွဲတေခြင်းဘေးမှ ကင်းဝေးအောင် စောင့်ရှောက်တတ်လို့ ခိုင်ခံ့စွာ ပြုပြင်စီရင်ထားတဲ့ မြို့ကြီးနဲ့လဲ တူတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား ယသ ...နတ်ပြည်သို့ တက်လှမ်းဖို့ ဒါနနဲ့ တူတဲ့ စောင်းတန်းလှေကားဆိုတာ မရှိဘူး၊ သံသရာခရီးတစ်လျှောက်လုံးမှာ သုံးစွဲဖို့အတွက် ဒါနနဲ့တူတဲ့ ဥစ္စာထုပ်ဆိုတာလဲ မရှိဘူး။

"ဒါန ကောင်းမှုဟာ လောကီဘက်မှာ လူမင်းစည်းစိမ်၊ သိကြားမင်းစည်းစိမ်၊ စကြာမင်းစည်းစိမ် စသည်တို့ကို ပေးစွမ်းနိုင်တယ်၊ လောကုတ္တရာဘက်မှာလဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာတို့ကို ပေးစွမ်းနိုင်တယ်"

**သီလကထာ=** သီလနဲ့ စပ်တဲ့ စကား။

"ချစ်သား ယသ ...ကာယဒုစရိုက်၊ ဝစီဒုစရိုက်များကို မလွန်ကျူးမိအောင် ကိုယ်နဲ့နှုတ်ကို ကောင်းစွာစောင့်ထိန်းခြင်း ဆိုတဲ့ သီလဟာ ကုသိုလ်တရားအားလုံးတို့ရဲ့ တည်ရာမှီရာ အခြေခံအုတ်မြစ် ဖြစ်တယ်၊ ကုသိုလ်တရားတို့မှာ သီလဟာ အမြတ်ဆုံးတရားဖြစ်လို့ သူတော်ကောင်းတို့က သီလကို အသက်တမျှ ချစ်မြတ်နိုးကြတယ်။

"မြတ်လေး၊ စံပယ် စတဲ့ ပန်းရနံ့တွေဟာ လေညာမဆန်နိုင်ကြဘူး၊ သီလရဲ့ သင်းရနံ့ကတော့ အထက်ဘဝဂ်တိုင်အောင် ကြိုင်လှိုင်သင်းပျံ့တယ်၊ နတ်တို့ဟာ သာမန်လူတို့ရဲ့ ကိုယ်ရနံ့ကို မခံနိုင်ကြပေမယ့် သီလရှိသူရဲ့ ကိုယ်ရနံ့ကို နှစ်သက်တယ်။

"ကိလေသာကြောင့် သတ္တဝါတို့ရဲ့ ပူလောင်နေမှုကို ရေ၊ လေ၊ စန္ဒကူး၊ လရောင်၊ ပန်းစံပယ် စတဲ့ အအေးဓာတ်တို့နဲ့ မအေးစေနိုင်ဘူး၊ သီလ အအေးဓာတ်ဖြင့်သာ အေးစေနိုင်ပါတယ်။

"သတ္တဝါတို့မှာ စွဲကပ်နေတဲ့ ရာဂစတဲ့ အညစ်အကြေးကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မြစ်ရေ ချောင်းရေနဲ့မှ မဆေးကြောနိုင်ဘူး၊ သီလရေစင်ဖြင့်သာ ဆေးကြောနိုင်ပါတယ်။

“သုဂတိဘုံသို့ တက်လှမ်းဖို့အတွက် သီလနဲ့တူတဲ့ စောင်းတန်း လှေကားဆိုတာ မရှိဘူး၊ နိဗ္ဗာန်ရွှေပြည်ကြီးကို ဝင်ရောက်ဖို့အတွက်လဲ သီလနဲ့ တူတဲ့ တံခါးပေါက်ဆိုတာ မရှိဘူး”

**သဂ္ဂကထာ** = နတ်ရွာနဲ့ စပ်တဲ့ စကား။

“ချစ်သား ယသ...ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှု ပြုလုပ်ထားကြတဲ့ လူတွေဟာ သေလွန်တဲ့အခါ နတ်ပြည်သို့ ရောက်ကြရပါတယ်၊ ကုသိုလ်ကံတို့ရဲ့ အစွမ်းကြောင့် နတ်တို့ရဲ့ အဆင်းဟာ လူတွေရဲ့အဆင်းထက် အဆပေါင်း များစွာ ပိုလှတယ်၊ နတ်တို့ရဲ့ အဆင်တန်ဆာတွေကလဲ လူတို့ရဲ့ အဆင်တန်ဆာထက် ပိုပြီး ကောင်းမွန်ကြတယ်။ နတ်တို့ရဲ့ အစာအာဟာရကလဲ လူတို့ရဲ့ အစာအာဟာရထက် များစွာပိုပြီး အရသာရှိကြတယ်။

“နတ်တို့ဟာ ကုသိုလ်ကံရဲ့အစွမ်းကြောင့် စိုက်ပျိုးလုပ်ကိုင်စရာမလိုဘဲ စားချင်တာစားနိုင်တယ်၊ ဝတ်ချင်တာဝတ်နိုင်တယ်၊ သုံးဆောင်ချင်တာတွေ သုံးဆောင်နိုင်တယ်၊ အမြဲတစေ စည်းစိမ်ချမ်းသာတွေအလယ်မှာ ပျော်ပျော်ရွှင်ရွှင်နေနိုင်ကြတယ်။

“နတ်တို့ရဲ့မျက်စိဟာ အလွန်ဝေးလံတဲ့အရာ၊ ဖုံးကွယ်ထားတဲ့ အရာတွေကိုလဲ မြင်နိုင်တယ်၊ နတ်တို့ရဲ့ နားကလဲ အလွန်ဝေးလံရာက လာတဲ့အသံ၊ အလွန်တိုးတဲ့အသံတို့ကိုလဲ ကြားနိုင်တယ်၊ နတ်တို့ရဲ့သက်တမ်းဟာ လူတို့ နှစ်အရေအတွက်အား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စတုမဟာရာဇ်ဘုံမှာ ကိုးသန်း၊ တာဝတိံသာဘုံမှာသုံးကုဋေနဲ့ ခြောက်သန်း စသည်ဖြင့် ရှည်ကြာကြတယ်။

"ချစ်သား…နတ်တို့ရဲ့စည်းစိမ်ချမ်းသာကို လူတိုင်းလူတိုင်း အလိုရှိကြမှာပဲ၊ စိတ်နှလုံးကိုလဲ တိုးပွားစေ ရွှင်လန်းစေမှာပဲ"

**မဂ္ဂကထာ=** မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ကြောင်း စကား။

"ချစ်သားယသ…လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ဟာ မမြဲတဲ့ အနိစ္စသဘော ရှိကြတယ်၊ မခိုင်ခံ့တဲ့ အဒ္ဓုဝတရားများ ဖြစ်ကြတယ်၊ ဒါကြောင့် လူ့ချမ်းသာ၊ နတ်ချမ်းသာတို့မှာ သာယာ တပ်မက်မှု ဆိုတဲ့ ဆန္ဒရာဂကို မဖြစ်စေသင့်ဘူး၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့ဟာ သာယာဖွယ်နည်းပါးပြီး ဆင်းရဲပင်ပန်းဖွယ်သာ များလှကုန်တယ်။

"ချစ်သား…ကာမဂုဏ်အာရုံတို့ဟာ ကိလေသာတို့ကို တိုးပွားစေကြတဲ့အတွက် စိတ်နှလုံးကို ပူလောင်စေ၊ ဆင်းရဲစေ၊ ယုတ်နိမ့်စေကြပါတယ်၊ ဒါကြောင့် ကာမဂုဏ်တို့ကို သူယုတ်တို့သာ မှီဝဲကြပြီး သူတော်သူမြတ်တို့ မမှီဝဲမသုံးစွဲကြဘူး"

ကာမတရားတို့မှာ အပြစ်များပြားပုံ၊ ကာမတရားတို့က သတ္တဝါတို့အား ညှဥ်းပန်းနှိပ်စက်ပုံတို့ကို မြတ်ဗုဒ္ဓအကျယ်တဝင့် ဟောကြားတော်မူတယ်။ ပြီးတော့ ရဟန်းပြုတာကအစ၊ နိဗ္ဗာန်တိုင်အောင်သော နေက္ခမ္မတရားအစုမှာ အပြစ်ဒေါသ ကင်းစင်ပုံ၊ ဆင်းရဲဒုက္ခနည်းပါးပုံ၊ အကျိုးထူးခြားပုံတို့ကိုလည်း အကျယ်တဝင့် ဟောကြားတော်မူတယ်။

ယသသူဌေးသားရဲ့စိတ်မှာ ခံ့ကျန်းခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကြည်လင်ရွှင်ပျခြင်းတို့ ဖြစ်ပေါ်လာကာ မသဒ္ဒါခြင်း၊ ပျင်းရိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



မေ့လျော့ခြင်း၊ ပျံ့လွင့်ခြင်း၊ တွေဝေခြင်းတို့လည်း ကင်းစင်လာတာကိုမြင်ရတဲ့အခါ မြတ်ဗုဒ္ဓက သစ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူတယ်။

## သစ္စာတရားရဲ့ လိုရင်း

သုံးဆယ့်တစ်ဘုံလုံးမှာ ကျင်လည်နေကြတဲ့ သတ္တဝါများရော၊ ဒီသတ္တဝါတွေ ခံစား စံစားနေကြတဲ့ စည်းစိမ်ဥစ္စာဘုံဗိမာန်တွေရော အားလုံးဟာ ရုပ်တရား နာမ်တရားတို့သာ ဖြစ်ကြတယ်။ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားဟာ လက်ဖျစ် တစ်တွက်မှာ ကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွားနိုင်တယ်။ ရုပ်ရဲ့အသက်က နာမ်အသက်ရဲ့ ၁၇ ဆ ရှည်ကြာလို့ ရုပ်တရားတွေကလည်း အလွန်လျင်မြန်စွာပဲ ဖြစ်ပျက်နေကြတယ်။

ရုပ်တရား နာမ်တရားတွေဟာ အလွန်လျင်မြန်စွာဖြစ်ပျက်နေကြတဲ့အတွက် မတည်မြဲတဲ့ အနိစ္စတရားများသာ ဖြစ်ကြတယ်။ အလွန်လျင်မြန်တဲ့ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ရာတို့ဖြင့် အဆက်မပြတ် နှိပ်စက်နေလို့ ဆင်းရဲတဲ့ ဒုက္ခတရားလည်း ဖြစ်ကြတယ်။ ပြီးတော့ ရုပ်နာမ်တရားတို့ဟာ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းတို့နဲ့ အကြောင်းအကျိုးဆက်နွယ်ကာ အစဉ်မပြတ်ဖြစ်ပျက်သွားကြတဲ့ တရားများသာ ဖြစ်ကြတယ်။ မိမိအလိုသို့လည်း မလိုက်၊ အတ္တကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင် ဆိုတဲ့ အနှစ်အသားလည်း မရှိတဲ့အတွက် အနတ္တတရားများသာ စင်စစ် ဖြစ်ကြတယ်။

ဒါကြောင့် ၃၁ ဘုံမှာ ကျင်လည်နေကြတဲ့ ရုပ်တရား နာမ်

www.burmeseclassic.com

www.burmeseclassic.com



တရားတွေဟာ ဒုက္ခတရားချည်း သက်သက်ပဲ။ ဒါဟာ **ဒုက္ခသစ္စာ** = ဆင်းရဲခြင်း အမှန်တရားပဲ။

ရုပ်တရား နာမ်တရားတို့ရဲ့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို ပကတိမျက်စိနဲ့ မမြင်တွေ့ရတဲ့အတွက် ရုပ်နာမ်အစုတို့ကို တည်မြဲတဲ့ သတ္တဝါကောင် ငါကောင်၊ သူကောင်အဖြစ် မောဟ (အဝိဇ္ဇာ) က အမြင်မှားစေပြီး ဒိဋ္ဌိက အယူလွဲစေတယ်။ ဒါကြောင့် တဏှာ (လောဘ) က မိမိခန္ဓာ၊ သူတစ်ပါး ခန္ဓာ၊ စည်းစိမ်ဥစ္စာ စသည်တို့ကို တပ်မက်တွယ်တာတယ်။ ဒီတပ်မက်တွယ်တာတဲ့ တဏှာကြောင့် ဘဝသစ်တွေ ထပ်ကာထပ်ကာ ဖြစ်ရပြီး ဆင်းရဲတဲ့ ရုပ်နာမ်တရားစုကို ထပ်ကာ ထပ်ကာ ရရှိတယ်။ ဒါကြောင့် တဏှာကို ဆင်းရဲဒုက္ခကိုဖြစ်စေတဲ့ အကြောင်းတရား **သမုဒယသစ္စာ** လို့ သတ်မှတ်ပါတယ်။

အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိ စတဲ့ ကိလေသာတရားတို့ကိုအမြစ်ပြတ်အောင် ပယ်သတ်လိုက်နိုင်ရင် နောက်ထပ်ဘဝသစ် မဖြစ်တော့ဘူး။ ရုပ်နာမ် အစဉ်ချုပ်ငြိမ်းသွားလိမ့်မယ်။ ဒါကို **နိရောဓသစ္စာ** လို့ ခေါ်တယ်။ ဆင်းရဲတွေ ချုပ်ငြိမ်းသွားတဲ့အခါ သန္တိသုခလို့ ခေါ်တဲ့ တည်မြဲတဲ့ချမ်းသာသက်သက်ပဲ ကျန်တော့မယ်။ ဒီလို ထာဝရချမ်းသာနေခြင်းကို နိဗ္ဗာန်လို့ ခေါ်တယ်။

ကိလေသာတရားတွေကို ပယ်သတ်ဖို့အတွက် ရုပ်တရား နာမ်တရားတို့ရဲ့ သဘောမှန်ကို သိမြင်ဖို့လိုတယ်။ ဒီလို အသိမှန် အမြင်မှန် ရဖို့အတွက် ပထမ သီလဖြင့် အကြမ်းစား ကိလေသာတွေကို ချိုးနှိမ်ရမယ်၊ ဒုတိယ သမာဓိဖြင့် အလတ်စား ကိလေသာတွေကို နှိမ်နင်းရမယ်၊ တတိယ ပညာဖြင့် အနုသယ ကိလေ

www.burmeseclassic.com

www.burmeseclassic.com



သာ ခေါ်တဲ့ ကိလေသာမျိုးဓာတ်တွေကို အမြစ်ဖြတ် ပယ်သတ်ရမယ်။

သီလစင်ကြယ်တဲ့ပုဂ္ဂိုလ်ဟာ ဝမ်းမြောက်ရွှင်လန်းပြီး စိတ်ချမ်းသာတယ်။ စိတ်ချမ်းသာတဲ့သူဟာ သမာဓိကို ထူထောင်နိုင်တယ်။ သမာဓိနဲ့ယှဉ်တဲ့ ဘာဝနာစိတ်ဟာ ရုပ်နာမ်တို့ရဲ့ တဖွားဖွားဖြစ်ပျက်နေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကို မြင်အောင် ရှုနိုင်တယ်။ ၃၁ ဘုံလုံးမှာ ရှိတဲ့ ရုပ်နာမ်တရားတွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေပဲလို့ ထင်ထင်ရှားရှား လွှမ်းခြုံပြီး ရှုမှတ်နိုင်တဲ့အခါ အဝိဇ္ဇာအမှောင်ထုကြီး ပယ်ကွာပြီး တဏှာတွယ်တာစရာ သုခလည်း မရှိတဲ့အတွက် အဝိဇ္ဇာ တဏှာစတဲ့ ကိလေသာတွေ အကုန်ချုပ်ငြိမ်းသွားပါတော့တယ်။

အဲသလို နိဗ္ဗာန်သို့ ပေါက်ရောက်စေနိုင်တဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ပါဝင်တဲ့ ကျင့်စဉ်တရားကို **မဂ္ဂသစ္စာ** လို့ ခေါ်တယ်။

ဒါကြောင့် ရုပ်နာမ်ရဲ့သဘောမှန်ကို သိဖို့ ဝိပဿနာတရားကို ကိုယ်တိုင်ရှုမှတ်လို့ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ရင် နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်တယ်ဆိုတဲ့ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ဟာ အလွန်သဘာဝကျပြီး လက်တွေ့လည်း ကျပါတယ်။ လက်တွေ့ ကျင့်ကြံအားထုတ်လို့ အတုမရှိချမ်းသာတဲ့ နိဗ္ဗာန်ချမ်းသာကို **ကိုယ်တိုင်** တွေ့ရှိခံစားနေကြရတဲ့လူတွေကို အခုမျက်မှောက်ခေတ်မှာပဲ အများကြီးပြသပေးနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ပုဂ္ဂိုလ်လေးမျိုး

(၁) ဥဃ္ဃဋိတညူပုဂ္ဂိုလ် – ရေပေါ်မှာ ပေါ်တက်နေပြီး နေရောင်ခြည် ရတာနဲ့တစ်ပြိုင်နက် ငွားငွားစွင့်စွင့် ပွင့်လာမယ့် ကြာပန်းကဲ့သို့ တရားအကျဉ်းမျှ ဟော လိုက်ရုံနဲ့ သစ္စာလေးပါး မြတ်တရားကိုသိမြင် ကာ ကျွတ်တမ်းဝင်ကြတဲ့ ပုဂ္ဂိုလ်။

(၂) ဝိပဉ္စိတညူပုဂ္ဂိုလ် – ရေမျက်နှာပြင်နဲ့အညီ တည်နေကာ နက်ဖြန် ပွင့်တော့မယ့် ကြာဖူးကဲ့သို့ တရားအကျဉ်းကို ကြားနာရရုံဖြင့် ကျွတ်တမ်းမဝင်နိုင်သေးဘဲ ထိုတရားအကျဉ်းကို အမျိုးမျိုးချဲ့ထွင်ပြီး ဟောမှ သစ္စာလေးပါး မြတ်တရားကို သိမြင်ကာ ကျွတ် တမ်းဝင်ကြတဲ့ ပုဂ္ဂိုလ်။

(၃) နေယျပုဂ္ဂိုလ် – ရေအတွင်းမှာ နစ်မြုပ်ကာ ဖွံ့ဖြိုးကြီးထွားလျက် သန်ဘက်ခါမှပွင့်မယ့် ကြာဖူးများကဲ့သို့ တရား တော်ကို အကျဉ်းအကျယ် နာကြားရပါသော် လည်း ကျွတ်တမ်းမဝင်နိုင်သေးဘဲ ကလျာဏ မိတ်ဆွေကို အမှီပြုကာ ထိုတရားကို အဖန်ဖန် ပွားများလေ့လာ နှလုံးသွင်းမှ သစ္စာလေးပါး မြတ်တရားကို သိမြင်ပြီး ကျွတ်တမ်းဝင်ကြတဲ့ ပုဂ္ဂိုလ်။

(၄) ပဒပရမပုဂ္ဂိုလ် – ရေမှ အထက်သို့ တက်လည်းမတက်၊ ပွင့် လည်း မပွင့်တော့ဘဲ ရေထဲမှာပဲ ငါးစာ လိပ် စာ ဖြစ်ရမယ့် အနာအဆာ မကင်းတဲ့ ကြာဖူး

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ ယခုဘဝမှာ ဘယ်လောက်ပဲ တရားမြတ်ကို နာယူလေ့လာပွားများစေကာမူ မဂ်ဖိုလ်မရနိုင်တဲ့ ပုဂ္ဂိုလ်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက ဥဃဋိတညူ ပုဂ္ဂိုလ်နဲ့ ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုးဟာ အမြောက်အမြား ရှိကြတယ်။ ကျွတ်တမ်းဝင်ဖို့ရာ ဘုရားတစ်ဆူဆူကို စောင့်ဆိုင်းနေကြတာနဲ့ တူတယ်။ ဒါကြောင့် မြတ်စွာဘုရား တရားတစ်ကြိမ်ဟောရင် လူနတ်ဗြဟ္မာတွေ ထောင်သောင်းများစွာ ကျွတ်တမ်းဝင်သွားကြတာပဲ။

ကျွန်တော်တို့တစ်တွေက တရားတော်ကို အကြိမ်ကြိမ် လေ့လာ နာကြားပြီး ဖြစ်လင့်ကစား မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးတာကို ထောက်ရှုရင် နေယျပုဂ္ဂိုလ်အမျိုးအစားထဲမှာ ပါဝင်နေကြလိမ့်မယ်။ ဒါကြောင့် စာတွေ့သာမက လက်တွေ့ပါ လေ့လာ အားထုတ်ပါမှ ဘုရားအမွေဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ခံစားကြရပေလိမ့်မယ်။

## သာသနာတော် စည်ပင်လာပြီ

ယသ သူဌေးသားဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရင်း သောတာပန်ဖြစ်သွားတယ်။ ယသရဲ့ဖခင် သူဌေးကြီးက သားကိုရှာရင်း ဘုရားရှင်ထံ ရောက်လာတဲ့အခါ သားအဖ နှစ်ဦးတို့အား တစ်ဦးကိုတစ်ဦး မမြင်ရအောင် ဘုရားရှင်က တန်ခိုးနဲ့ ကွယ်ထားလိုက်တယ်။

ပြီးတော့ ဖခင်သူဌေးကြီးကို ဘုရားရှင်က တရားဟောတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ သူဌေးကြီး သောတာပန်တည်ပြီး ယသက ရဟန္တာဖြစ်သွားတယ်။ ဘုရားရှင်က တန်ခိုးတော်ကို ရုပ်သိမ်းလိုက်တဲ့အခါ သားအဖနှစ်ဦးတို့က မိမိတို့ဘေးချင်းယှဉ်ထိုင်နေကြတာကို အံ့သြစွာ တွေ့ကြရတယ်။

ယသက ရဟန်းအဖြစ် ခံယူတယ်။ သူဌေးကြီးက ဆွမ်းစားပင့်တဲ့အတွက် ဘုရားရှင်နဲ့ အရှင်ယသတို့ သူဌေးကြီးအိမ်သို့ ကြွသွားကြတယ်။ အဲဒီမှာ တရားဟောပြန်တော့ အရှင်ယသရဲ့ မယ်တော် သုဇာတာနဲ့ ယခင် လူ့ဘဝက ဇနီးတို့ သောတာပန်ဖြစ်ကြပြန်တယ်။

အရှင်ယသရဲ့ သူငယ်ချင်းဟောင်း ၅၄ ဦးတို့ကလည်း ယသ ရဟန်းပြုကြောင်း သတင်းကြားလို့ ဘုရားရှင်ထံ လာကြတယ်။ ဘုရားရှင်က တရားဟောတော့ အားလုံး သောတာပန်ဖြစ်ကြတယ်။ ရဟန်းပြုကြပြီး ဘုရားရှင်ရဲ့အဆုံးအမ ဩဝါဒကိုဆက်လက် ခံယူကြရလို့ မကြာမီ ရဟန္တာများ ဖြစ်ကုန်ကြတယ်။

အရှင်ယသနဲ့ သူငယ်ချင်း ၅၄ ဦးတို့က ရှေးလွန်လေပြီးတဲ့ ဘဝက ခိုကိုးရာမဲ့တဲ့ သူတို့ရဲ့ ဥတုဇရုပ်ကလာပ်များကို အခမဲ့ ဖုတ်ကြည်းသင်္ဂြိုဟ်ပေးကြတယ်။ တစ်နေ့ ကိုယ်ဝန်ဆောင် မိန်းမ တစ်ယောက်ရဲ့ ရုပ်ကလာပ်ကို သင်္ဂြိုဟ်ရာမှ အသုဘသညာကို ရရှိသွားကြတယ်။ ဒီအကျိုးကြောင့် ဘုရားရှင်နဲ့ တွေ့ဆုံကြတဲ့ အခါ အလွယ်တကူနဲ့ ရဟန္တာများ ဖြစ်သွားကြရတယ်။

ပထမဝါကျွတ်တဲ့ သီတင်းကျွတ်လပြည့်နေ့မှာ မြတ်ဗုဒ္ဓက ရဟန္တာသာဝက ခြောက်ကျိပ် (၆၀) တို့ကို ခေါ်ယူပြီး မိန့်တော်မူတယ်။

www.burmeseclassic.com
F-6-R

www.burmeseclassic.com



"ရဟန်းတို့...သင်တို့ဟာ ငါဘုရားကဲ့သို့ တဏှာလောဘရဲ့ ကျော့ကွင်းမှ ကင်းကင်းရှင်းရှင်း လွတ်မြောက်ခဲ့ကြပြီ၊ မြောက်မြားလှစွာသော လူ နတ် ဗြဟ္မာ သတ္တဝါတို့ရဲ့ ချမ်းသာစီးပွားရေးအလို့ငှာ အရပ်ရှစ်မျက်နှာသို့ ဒေသစာရီ လှည့်လည်ကြကုန်လော့၊ အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နဲ့ ပြည့်စုံတဲ့ တရားတော်ကို ဟောကြားကြကုန်လော့၊ လမ်းတစ်ကြောင်းမှာ ရဟန်းနှစ်ပါး စုပေါင်းပြီး မသွားကြပါနှင့်၊ ငါဘုရားသည်လဲ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ချေချွတ်ရန် ဥရုဝေလတောအုပ်သို့ သွားပေအံ့"

ဗုဒ္ဓမြတ်စွာရဲ့ ရဲရဲတောက် သာသနာပြုမိန့်ခွန်းပေပဲ။

ဗုဒ္ဓမြတ်စွာဟာ သူမိန့်ဆိုတဲ့အတိုင်း ဥရုဝေလတောအုပ်သို့ တစ်ပါးတည်း ကြွပြီး ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပဆိုတဲ့ ရသေ့ညီနောင်သုံးဦးနဲ့ တပည့်တစ်ထောင်တို့ကို ချေချွတ်ပြီး ရဟန္တာအဖြစ် တည်စေပါတယ်။

ထို့နောက် ဘုရားရှင်ဟာ ရဟန္တာတစ်ထောင် ခြံရံပြီး ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူတယ်။ ဗိမ္ဗိသာရမင်းကြီးနဲ့ မာဂဓတိုင်းသား သူဌေးပုဏ္ဏား တစ်သိန်းနှစ်သောင်းတို့က ကြိုဆိုကြတယ်။ မာဂဓတိုင်းသားတို့က ဥရုဝေလကဿပကို နှစ်စဉ် ရှိခိုးပူဇော်ခဲ့ကြလို့ ဥရုဝေလကဿပဟာ ဘုရားရှင်ရဲ့ တပည့်ဖြစ်ကြောင်း ထင်ရှားအောင် ပြုပြီးတော့မှ ဘုရားရှင်တရားဟောတော်မူတယ်။ မင်းနဲ့တကွ ပုဏ္ဏားသူဌေးပေါင်း တစ်သိန်း တစ်သောင်းတို့က သောတာပန်ဖြစ်ကြပြီး ကျန်ပုဏ္ဏားသူဌေး တစ်သောင်းတို့က သရဏဂုံတည်တဲ့ဥပါသကာများဖြစ်ကုန်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ဘုရားရှင်ဟာ ကပိလဝတ်ပြည်၊ သာဝတ္ထိပြည်၊ ဝေသာလီပြည်၊ ကောသမ္ဗီပြည်၊ မလ္လတိုင်း စသည့် တိုင်းနိုင်ငံများသို့ ကြွရောက်ကာ မင်းနှင့်ပြည်သူတို့ကို ဗုဒ္ဓဘာသာ အယူ၌ တည်စေတယ်။ ကုဋေပေါင်းများစွာသော လူအပေါင်းတို့ကိုလည်း မြင့်မြတ်တဲ့ အရိယာပုဂ္ဂိုလ်များအဖြစ်မှာ တည်စေတော်မူတယ်။

ဒါကြောင့် ဘုရားပွင့်ပြီး နှစ်အနည်းငယ်အတွင်းမှာပဲ ဗုဒ္ဓသာသနာရဲ့ အင်ပါယာကြီးဟာ မဇ္ဈိမဒေသတစ်ဝန်းလုံးမှာ ပျံ့နှံ့သွားပါတော့တယ်။ ကျောင်းကြီးကျောင်းငယ် အသွယ်သွယ်နဲ့ အဂ္ဂသာဝက နှစ်ပါး၊ မဟာသာဝက ၈၀၊ ပကတိသာဝက မြောက်မြားစွာနဲ့ ဗုဒ္ဓသာသနာတော်ရဲ့ အောင်လံတော်ဟာ တလူလူ လွင့်ထူနေနိုင်ပေတယ်။

ဗုဒ္ဓမြတ်စွာဟာ တုတ် ဓား လက်နက် မကိုင်၊ သွေးတစ်စက်မျှ မြေမကျစေဘဲ မေတ္တာ ကရုဏာ သက်သက်ဖြင့် အေးချမ်းသာယာစွာ သာသနာဖြန့်ချိရာမှာ တိုတောင်းတဲ့ကာလအတွင်း ကြီးကျယ်လှတဲ့ အတိုင်းအတာအထိ အောင်မြင်ပေါက်မြောက်သွားခြင်းဟာ အလွန်အံ့သြချီးကျူးစရာကောင်းတာနဲ့အညီ ဘုရား တရား သံဃာတို့ရဲ့ စစ်မှန်တဲ့ ဂုဏ်စွမ်းရည်ကြောင့် ဖြစ်တာကို ဂုဏ်ယူဝမ်းမြောက်နိုင်ပါတယ်။

ဒီကမ္ဘာမှာ သွေးမြေမကျစေဘဲ မေတ္တာ ကရုဏာဖြင့် သာသနာဖြန့်ချိခဲ့တာ ဗုဒ္ဓဘာသာတစ်ခုပဲ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အရဲရင့်ဆုံး ပုဂ္ဂိုလ်

ရဲစွမ်းသတ္တိရှိတဲ့သူကို လူအများကြည်ညိုတတ်ကြတယ်။ သတ္တိကောင်းတယ်ဆိုတဲ့ လူအများစုက အပေါင်းအဖော်ငယ်သားတွေရဲ့အထောက်အကူနဲ့ လက်နက်ကောင်းတွေရဲ့ အထောက်အပံ့နဲ့ ဗိုလ်ကျရဲကြတာဖြစ်တယ်။

ဗုဒ္ဓမြတ်စွာက လက်နက်ကိရိယာမကိုင်ဆောင်ဘဲ တပည့်တပန်းများလည်း မပါဘဲ တစ်ဦးတစ်ယောက်တည်းနဲ့ကို စင်ပြိုင်ဝါဒရှိတဲ့ တိတ္ထိတွေ၊ တက္ကတွန်းတွေ၊ ပရိဗိုဇ်တွေရဲ့ နေရာဌာနသို့လည်း သွားဝံ့တယ်။ ကောသလမင်းကြီး ကိုယ်တိုင်နောက်ပါစစ်သည်တော်များနဲ့ ထွက်ဖမ်းဖို့ ကြောက်ရွံ့နေရတဲ့ လူဆိုးကြီး အင်္ဂုလိမာလနဲ့လည်း တစ်ဦးတည်း ရင်ဆိုင်ဝံ့တယ်။ အဆိပ်အခိုးပြင်းတဲ့နဂါးမင်း၊ အာဠဝကဘီလူး၊ နာဠာဂိရိဆင်စသည်တို့နဲ့လည်း မကြောက်မရွံ့ယှဉ်ပြိုင်ဝံ့တယ်။

တိတ္ထိတွေက တန်ခိုးပြိုင်မယ်လို့ ကြေညာတာကိုလည်း တစ်ဦးတည်း ထွက်ပြီး ယှဉ်ပြိုင်တယ်။ တိတ္ထိတွေက ကြောက်လန့်ပြီး တန်ခိုးမပြိုင်ဝံ့ဘဲ ပုန်းအောင်းနေကြရတယ်။

ညီတော်ရှင်ဒေဝဒတ်က အဇာတသတ်မင်းနဲ့ပေါင်းပြီး လေးသည်တော်များကို စေလွှတ်ကာ မိမိအား မြားနဲ့ပစ်ခိုင်းတာကိုလည်း မြတ်ဗုဒ္ဓက မထိတ်လန့်ဘူး။ ရှင်ဒေဝဒတ်ကိုယ်တိုင်ဂိဇ္ဈကုဋ်တောင်ပေါ်က ကျောက်မောင်းဆင်ပြီး သေကြောင်းကြံတာကိုလည်း မရွံ့ထိတ်ဘူး။ ရဟန်းသံဃာများက ဘေးရန်ကာကွယ်ပေးဖို့အတွက် ကိုယ်တော်ကိုဝန်းရံစောင့်ရှောက်နေတာကိုလည်းမြတ်ဗုဒ္ဓက ဖယ်ရှားတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော
ယံပရူပက္ကမေန တထာဂတံ
ဇီဝိတာ ဝေါရော ပေယျ။

အနုပက္ကမေန ဘိက္ခဝေ
တထာဂတာ ပရိနိဗ္ဗာယန္တိ။

"ချစ်သားရဟန်းတို့...သင်တို့ဆရာ ငါဘုရားဟာ သူတစ်ပါးတို့ရဲ့ လုံ့လပယောဂဖြင့် ရုပ်နာမ်နှစ်ဖော် အသက်တော်မှ ချွတ်ချော်တိမ်းပါးရမယ်ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။

"ငါဘုရားကို စောင့်ရှောက်နေကြ‌ား အိုချစ်သားတို့...ရှေးရှေး မြတ်စွာဘုရားတို့ရဲ့နည်းတူ ကြွတော်မူလာကြတဲ့ ဘုရားရှင်တို့ဟာ သူတစ်ပါးတို့ရဲ့လက်နက် လုံ့လပယောဂမပါဘဲနဲ့သာ ပရိနိဗ္ဗာန်စံဝင်ကြပေတယ်"

အထက်ပါ 'အဋ္ဌာနမေတံ... ' ဂါထာဟာ ကောင်းမြတ်တဲ့ အလိုဆန္ဒတို့ ပြည့်စုံပြီး ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေတဲ့ သဗ္ဗသိဒ္ဓိအန္တရာယ်ကင်းဂါထာပဲ။ အရေးအကြောင်းရှိရင် အချိန်ရသရွေ့ ရွတ်ဖတ်ပါ။ ထူးထူးခြားခြား အလုပ်ကိစ္စတွေ အောင်မြင်ပြီး ဘေးရန်အပေါင်းမှ ကင်းဝေးရပေလိမ့်မယ်။

## မဟာကရုဏာရှင်

ဘယ်လိုပုဂ္ဂိုလ်ကို မဟာကရုဏာရှင် 'သတ္တဝါအပေါင်းတို့ကို ဆင်းရဲတွင်းမှ လွတ်မြောက်စေသူ' လို့ ခေါ်နိုင်မလဲ။

သတ္တဝါတွေ ဝဋ်ဆင်းရဲထဲမှာ နစ်မျောနေရတယ်ဆိုတာကို မှန်မှန်ကန်ကန် သုံးသပ်တတ်ဖို့ လိုပါတယ်။ သတ္တဝါတွေ ရရှိ

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ရုပ်နာမ်နှစ်ပါးဟာ **တကယ်ဆင်းရဲအမှန်တရား– ဒုက္ခသစ္စာ** ကို မမြင်သိရင် သတ္တဝါအားလုံးကို သနားကြင်နာတတ်မှာ မဟုတ်ဘူး။

သတ္တဝါတွေကို ဝဋ်ဆင်းရဲတွင်းမှ ကယ်ဆောင်နိုင်ပြီး နိဗ္ဗာန်သာခေါင် ဘေးမဲ့သောင်သို့ ပို့ဆောင်ရမယ့်နည်းလမ်း – **မဂ္ဂသစ္စာ** ကို မပိုင်နိုင်လျှင်လည်း သတ္တဝါတွေကို မကယ်တင်နိုင်ပါဘူး။

မိမိကောင်းစားရေးနဲ့ သားသမီး ဆွေမျိုးတွေရဲ့ ကြီးပွားရေးကို ငဲ့ကွက်ကြောင့်ကြမှုရှိနေသေးတဲ့ ပုဂ္ဂိုလ်တွေဟာလည်း သူတစ်ပါးတွေ ဆင်းရဲငြိမ်းဖို့အတွက် လွတ်လွတ်ကူညီစောင့်မနိုင်မှာ မဟုတ်ပါဘူး။

တကယ့်ဆင်းရဲအစစ်မှ ထုတ်ဆောင်ပြီး တကယ့်ချမ်းသာအစစ်ဖြစ်တဲ့ အို, နာ, သေ ကင်းတဲ့ ထာဝရချမ်းသာကို ပေးဆောင်နိုင်မှ မဟာကရုဏာရှင်လို့ ခေါ်ထိုက်မယ်မဟုတ်လား။

ဗုဒ္ဓမြတ်စွာက အလောင်းတော်သုမေဓာဘဝကတည်းက မိမိတစ်ဦးတည်း နိဗ္ဗာန်ခေမာသောင်ကမ်းသို့ ကူးသွားချင်ရင် အလွယ်တကူသွားနိုင်တယ်။ ဒါပေမဲ့ မိမိနဲ့အတူ သတ္တဝါတွေကိုပါ ခေါ်ယူသွားချင်လို့ ဘုရားဆုကို ပန်ခဲ့တယ်။

ဒီပင်္ကရာမြတ်စွာဘုရားထံ ဗျာဒိတ်ရတဲ့အခါ အောက်ပါစကားသုံးခွန်းကို ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲ ကြွေးကြော်ခဲ့တယ်။

**ဗုဒ္ဓေါဗောဓေယျံ** = ငါသိမြင်သလို သတ္တဝါတွေကို သိစေအံ့။

www.burmeseclassic.com

www.burmeseclassic.com



**မုစ္စေတ္တာမောစေယျံ** = ငါ လွှတ်မြောက်သလို သတ္တဝါ အများကို လွှတ်မြောက်စေအံ့။

**တိဏ္ဏော္တာတောရေယျံ** = ငါ ကူးမြောက်သလို သတ္တဝါ အများကို ကူးမြောက်စေအံ့။

သတ္တဝါအပေါင်းကို ကယ်ချွတ်ချင်တဲ့အတွက်ကြောင့်လည်း လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင်တိုင် အသက်အိုးအိမ်စည်းစိမ်ကို ပဓာနမထားဘဲ ခက်ခက်ခဲခဲ ပါရမီဖြည့်ခဲ့တယ်။

ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့အခါ တစ်ရက်မှာ မိုးသောက်ယံရဲ့ သုံးဖို့ တစ်ဖို့ဆိုတော့ ၁ နာရီ မိနစ် ၂၀ လောက်သာ ကျိန်းစက်တော်မူပြီး ကျန်အချိန်အားလုံးကို သတ္တဝါများကို ကယ်တင်ဖို့ အသုံးပြုတော်မူတယ်။

ဗုဒ္ဓမြတ်စွာဟာ မိမိအတွက် အလုံးစုံပြည့်စုံနေပြီဖြစ်လို့ သူတစ်ပါးထံမှ မည်သည့်လက်ဆောင်ပဏ္ဏာကိုမျှ၊ မည်သည့် ကျေးဇူး တုံ့ပြန်မှုကိုမျှ မမျှော်လင့်ဘူး။ သိဒ္ဓတ္ထမင်းသားဘဝက စိုးပိုင်ခဲ့တဲ့ ထီးနန်းစည်းစိမ် မောင်းမမိဿံအလုံးစုံကိုလည်း စွန့်လွှတ်ခဲ့ပြီးဖြစ်တယ်။

တစ်ခါ သတ္တဝါအားလုံးကို ကျောသားရင်သား မခွဲခြားဘဲ သားသမီးအရင်းကဲ့သို့ သဘောထားနိုင်တဲ့နေရာမှာလည်း မြတ်စွာဘုရားကို ဘယ်သူမှ မမီနိုင်ဘူး။ သတ္တဝါတို့ရဲ့ ဆင်းရဲပုံနဲ့ သတ္တဝါတို့ကို ကယ်ချွတ်နိုင်ပုံ၊ ကယ်ချွတ်နိုင်တဲ့နည်းတွေကို သိရှိသုံးစွဲတတ်တဲ့ နေရာမှာလည်း ဘယ်သူမှ မြတ်စွာဘုရားကို လိုက်မမီဘူး။

ကုဋေပေါင်းများစွာသော သတ္တဝါဝေနေယျတို့ကို နိဗ္ဗာန်

www.burmeseclassic.com

www.burmeseclassic.com



သို့ ပို့ဆောင်ပေးနိုင်ခဲ့တဲ့အထောက်အထားအရ ဗုဒ္ဓမြတ်စွာဟာ တကယ့် မဟာကရုဏာရှင်ကြီးဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

## ကယ်တင်ရှင်အစစ်

ဂျာမနီ၊ အင်္ဂလန်၊ အမေရိကန်ပြည်ထောင်စု စသည်တို့မှာ ပညာဆည်းပူးနေကြတဲ့ မြန်မာများကို နိုင်ငံခြားသားတွေက မေးတယ်။

“သင်တို့ရဲ့ ဗုဒ္ဓဘာသာဘုရားက သင်တို့ကို ကယ်တင်ပေးနိုင်သလား”တဲ့။

“ဟာ…ဗုဒ္ဓမြတ်စွာက မကောင်းမှုဒုစရိုက်တွေနဲ့ ကောင်းမှုသုစရိုက်တွေကိုညွှန်ပြပေးတယ်၊ မကောင်းမှုလုပ်ရင် မကောင်းမှုကံဖြစ်ပြီး ကောင်းမှုလုပ်ရင် ကောင်းမှုကံ ဖြစ်တယ်၊ အဲဒီကောင်းကံ မကောင်းကံတွေက ကိုယ်နဲ့အတူ အမြဲလိုက်ပါပြီး အကျိုးပေးတတ်တယ်၊ ကောင်းကံတွေက ကောင်းကျိုးကိုပေးပြီး မကောင်းကံတွေက မကောင်းကျိုးကိုပေးတယ်၊ သတ္တဝါတွေဟာ ကိုယ်ပြုလုပ်ထားတဲ့ကံတွေ စီရင်တဲ့အတိုင်း သံသရာမှာ ကျင်လည်နေကြရတယ်”

“အို…ဒီလိုဆိုရင် သင်တို့ရဲ့ ဗုဒ္ဓဘာသာဘုရားက သင်တို့ကို မကယ်တင်နိုင်ဘူးပေါ့၊ သင်တို့ဟာ သနားစရာပဲ၊ တို့ ကိုးကွယ်တဲ့ဘုရားသခင်က သူ့ကိုယုံကြည်ပြီး ကိုးကွယ်တဲ့လူတွေကို သူတို့ကျူးလွန်ထားတဲ့ အပြစ်တွေရှိရင်လဲ ခွင့်လွှတ်ပြီး ကောင်းကင်ဘုံရောက်အောင် ကယ်တင်ပေးတယ်”

www.burmeseclassic.com

www.burmeseclassic.com



အင်း…ဒီလိုဆိုရင် ဗုဒ္ဓဘာသာဝင်တွေဟာ သနားစရာဖြစ်နေကြပြီပေါ့။ ဘုရားသခင်ကပဲ ကယ်တင်နိုင်သလား၊ ကိုယ့်ကံကပဲ ကိုယ့်ကြမ္မာကို ဖန်တီးသလားဆိုတာ ဆန်းစစ်ကြည့်ပေါ့။

အင်္ဂလန်စာနယ်ဇင်းလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ **ဂျွန်ဝေါလ်တာ (John Walters)**က ဒုတိယကမ္ဘာစစ်အတွင်းက အရှေ့တောင်အာရှနိုင်ငံများမှာ သတင်းလိုက်ယူရင်း ဗုဒ္ဓဘာသာကို လေ့လာပြီး ဗုဒ္ဓဘာသာဝင်ဖြစ်လာခဲ့တယ်။ ပြီးတော့ **The Essence of Buddhism** (ဗုဒ္ဓဝါဒ၏အနှစ်သာရ) အမည်ရှိတဲ့ စာအုပ်တစ်အုပ်ကို ရေးတယ်။

အဲဒီစာအုပ်မှာသူ တောင်ကိုရီးယားနိုင်ငံကို ရောက်သွားတော့ မဟာမိတ်လေယာဉ်များက ဆိုးအောမြို့တော်ကို အကြီးအကျယ် ဗုံးကြဲနေတယ်။ သာသနာပြုမစ်ရှင်အဖွဲ့ရဲ့ မိဘမဲ့ ကလေးကျောင်းတစ်ကျောင်းမှာ ဆရာမက ဦးဆောင်ပြီး ကလေးများအားလုံး 'ဘုရားသခင် ကယ်တော်မူပါ' သီချင်းကို သံပြိုင်သီဆိုနေကြတယ်။ ဗုံးတစ်လုံးက သူတို့အပေါ် ကျလာလို့ အားလုံး သေကုန်ကြရောတဲ့။

အဲဒီတော့ 'ဘုရားသခင် ကယ်တင်တယ်' ဆိုတာ အခြေအမြစ် မရှိဘူး။ အသက်ရှင်နေတဲ့အခိုက်မှာတောင် မကယ်တင်နိုင်ရင် သေတဲ့အခါ ဘယ်လိုကယ်တင်နိုင်မှာလဲလို့ သူမှတ်ချက်ရေးထားပါတယ်။

ဗုဒ္ဓဘာသာအရ ကောင်းကင်မှာ နတ်ပြည်ခြောက်ထပ်နဲ့ ဗြဟ္မာ့ဘုံ ၂၀ တောင် ရှိတယ်။ သူတို့ပြောတဲ့ 'ကောင်းကင်ဘုံ'

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘယ်ဘုံလဲ။ အခြားသီးသန့်တစ်ဘုံများ ဖြစ်နိုင်သလား။ ရုပ်နာမ်ရှိတဲ့ဘုံလား၊ ရုပ်နာမ်မရှိတဲ့ ဘုံလား။ ရုပ်နာမ်ရှိတဲ့ ဘုံဆိုရင် ထာဝရမတည်မြဲနိုင်ဘူး။ ရုပ်နာမ်တရားတွေက ပျက်တတ်တဲ့ တရားတွေကိုး။

ဗုဒ္ဓဘာသာက သိထားတဲ့ ဘုံတွေဆိုတာ ဗုဒ္ဓမြတ်စွာတစ်ဆူတည်း မြင်သိတာမဟုတ်ဘူး။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် စတဲ့ အဘိညာဉ်ကိုရတဲ့ သာဝကများလည်း မြင်သိကြတာ၊ အရှင်မြတ်တွေကိုယ်တိုင် တက်ရောက်ကြသေးတာ။

ပြီးတော့ ကံ ကံရဲ့အကျိုးရှိတာကို မြတ်စွာဘုရားသာမက ဒိဗ္ဗစက္ခုအဘိညာဉ်၊ ယထာကမ္မူပဂ အဘိညာဉ် ရကြတဲ့ လူများလည်း သိမြင်ကြတာ။ ကံအကျိုးပေးတာ ရှိလို့ အတိတ်ဘဝ၊ နောက်ဘဝ ဆိုတာ ရှိတယ်။ သံသရာဆိုတာ ရှိတယ်။ ဒီအကြောင်းကို ကျွန်တော့်ရဲ့ 'ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ' စာအုပ်မှာ ခိုင်ခိုင်လုံလုံ တင်ပြထားတယ်။ ဒါကို အားမရ မကျေနပ်သေးရင် ဖားအောက်တောရ စကြံကျောင်းမှာ တရားအားထုတ်ကြည့်ပါ။ ကိုယ်တိုင် ကျေကျေ နပ်နပ်ကြီး သိရှိသွားစေရမယ်။

ကယ်တင်ရှင်ရှိသလားဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး မြတ်ဗုဒ္ဓကိုယ်တိုင် ဖြေဆိုခဲ့ဖူးတယ်။

အခါတစ်ပါးမှာ မြတ်စွာဘုရားဟာ နာဠန္ဒမြို့ ပါဝါရိက သူဌေးရဲ့ သရက်ဥယျာဉ်မှာ သီတင်းသုံးနေတော်မူတယ်။ အဲဒီအခါ **အသိဗန္ဓကရဲ့သား ရွာသူကြီး**က ဘုရားရှင်ထံ ချဉ်းကပ်ပြီး လျှောက်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား…ပစ္ဆာဘူမိမှာနေတဲ့ ပုဏ္ဏားတွေဟာ လူသေရင် နတ်ပြည်ကိုရောက်အောင် လုပ်ပေးနိုင်တယ်လို့ ဆိုပါတယ်၊ အရှင်ဘုရားကော လူသေရင် နတ်ပြည်ကို ရောက်အောင် ပို့ပေးနိုင်ပါသလား"

ဒီတော့ မြတ်စွာဘုရားက "ရွာသူကြီး…သင့်ကိုပဲ ပြန်မေးပါရစေ၊ သင်ကြိုက်သလို ဖြေပါ၊ လူတစ်ယောက်ဟာ ကျောက်တုံးကြီးတစ်ခုကို ရေတွင်းထဲ ပစ်ချလိုက်တယ်၊ အဲဒီနောက် 'ဟော့ ကျောက်တုံး…ပေါ်ပါလော့၊ ဟော့…ကျောက်တုံး ကုန်းပေါ်သို့ တက်ခဲ့ပါလော့' လို့ လူအများက ဝိုင်းပြီး တောင်းပန်တယ်၊ လက်အုပ် ချီပြီး အကြိမ်ကြိမ်ဆုတောင်းတယ်၊ ဒီလို ဆုတောင်းတဲ့ အတွက် ကျောက်တုံးက ရေထဲက ပေါ်လာမည်လား၊ ကုန်းပေါ်ကို တက်လာမည်လား"

"မပေါ်လာနိုင်ပါ၊ မတက်လာနိုင်ပါဘုရား"

"ရွာသူကြီး…လူတစ်ယောက်ဟာ ထောပတ်အိုးတစ်လုံးကို ရေကန်ထဲမှာ နှစ်မြှုပ်ပြီး ရိုက်ခွဲလိုက်တယ် ဆိုပါတော့၊ အဲဒီအခါ အိုးခြမ်းကွဲတွေက အောက်ကိုကျလာပြီး ထောပတ်တွေက ရေပေါ်ကို တက်လာကြမယ်မဟုတ်လား။ အဲဒီအခါ လူတွေ စုဝေးပြီး 'ဒီထောပတ်တွေ ရေအောက်ကို ကျသွားပါစေ၊ နှစ်မြုပ်သွားပါစေ' လို့ လက်အုပ်ချီပြီး အကြိမ်ကြိမ်ဆုတောင်းကြမယ်၊ ဒီလိုဆုတောင်းတဲ့အတွက် ထောပတ်တွေက ရေအောက်ကိုနှစ်မြုပ်သွားပါမည်လား"

"မနှစ်မြုပ်နိုင်ပါ ဘုရား"

"ရွာသူကြီး…ဒီဥပမာလိုပဲ လူတစ်ယောက်က ကုသိုလ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို မပြုဘဲ ဒုစရိုက်တွေကိုသာ ကျူးလွန်နေမယ်ဆိုရင် ဒီလူ သေတဲ့အခါ နတ်ပြည်ရောက်ပါစေလို့ ဘယ်သူတွေက ဘယ်လောက်ပဲ ဝိုင်းပြီး ဆုတောင်းတောင်း ဒီလူ ငရဲကျမှာပဲ၊ အခြားလူ တစ်ယောက်ကတော့ ဒါန သီလ ဘာဝနာ ကောင်းမှုတွေကိုပဲ အများကြီးလုပ်ထားရင် ဒီလူသေတဲ့အခါ ဒီလူ ငရဲကျပါစေလို့ ဘယ်သူတွေက ဘယ်လောက်ပဲ ဝိုင်းပြီး ဆုတောင်းတောင်း ဒီလူ နတ်ပြည်ရောက်တော့မှာပဲ”

“ကဲ ... မြတ်စွာဘုရားပေးတဲ့ ဥပမာက သဘာဝမကျဘူးလား၊ တရားမျှတမှု မရှိဘူးလား၊ မကောင်းမှုလုပ်ထားတဲ့ လူက နတ်ပြည်ရောက်ပြီး ကောင်းမှုလုပ်ထားတဲ့လူက ဘုရားသခင်ကို ရှိမခိုးတဲ့အတွက် ငရဲကျရင် ဒီဘုရားသခင်ဟာ တရားမျှတပါဦးမလား”

စိတ္တေန နိယတေ လောကော။

စိတ်က လောကကို ဦးဆောင်နေတာတဲ့။ စိတ်က လောကကို ဖန်တီးနေတယ်။ ကုသိုလ်စိတ်က ကုသိုလ်ကံမျိုးစေ့ကို ဖြစ်စေပြီး ကောင်းကျိုးကို ပေးမယ်။ အကုသိုလ်စိတ်က အကုသိုလ်ကံ မျိုးစေ့ကို ဖြစ်စေပြီး မကောင်းကျိုးကို ပေးမယ်။

မြတ်စွာဘုရားက ဒီလို ကံသဘော – ကမ္မနိယာမ ရှိတာကို ရှင်းပြပြီး ကုသိုလ်တရား၊ အကုသိုလ်တရားတွေကို ခွဲခြားပြထားပေးတယ်။ လူတိုင်းလူတိုင်း ကောင်းတာလုပ်ဖို့နဲ့ မကောင်းတာကို လုပ်ဖို့အတွက် ကိုယ်တိုင်ရွေးချယ်နိုင်တယ်။ ကိုယ်လုပ်တဲ့ကံကို ကိုယ်အမွေခံရမယ်။ ကံရဲ့အစွမ်းသတ္တိကို ဘယ်ဘုရားသခင်မှ မပြောင်းလဲနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ကံသဘောတွေကို အမှန်အတိုင်းညွှန်ပြပြီးတော့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်တဲ့ နည်းလမ်းကိုလည်း ညွှန်ပြကာ တကယ် ထာဝရချမ်းသာရာ နိဗ္ဗာန်ရွှေပြည်သို့ ပို့ဆောင်ပေးတဲ့ မြတ်စွာဘုရားသည်သာ တကယ့်ကယ်တင်ရှင်အစစ် မဟုတ်ပါလား။

## ဆင်းတုရှိခိုးတာ အကျိုးရှိသလား

ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်သွားတာ နှစ် ၂၅၀၀ ကျော်ပြီ။ မရှိတော့တဲ့ မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်လို့ ရသေးသလား။ ကိုးကွယ်နေလို့ကော အကျိုးရှိပါ့မလား။

ဗုဒ္ဓဘာသာက ဆင်းတုတွေ ရုပ်ပုံပန်းချီကားတွေကို ကိုးကွယ်တဲ့ ဘာသာလား၊ ဆင်းတုတွေ ရုပ်ပုံတွေကို ရှိခိုးကိုးကွယ်နေလို့ ဘာအကျိုးရှိမှာလဲ။

ဒါတွေက အနောက်နိုင်ငံသားတွေ ဘာသာခြားတွေ မေးတတ်တဲ့ မေးခွန်းတွေပဲ။

ဂေါတမမြတ်စွာဘုရားဟာ ပရိနိဗ္ဗာန်စံလွန်သွားပြီဖြစ်ပေမယ့် သူဟောကြားထားတဲ့ တရားအဆုံးအမတွေက ပကတိ အတိုင်း ရှိနေကြတုန်းပဲ။ သူဘုရားဖြစ်အောင် ကြိုးပမ်းခဲ့တာ အခုလို တရားအဆုံးအမကို ဟောပြဖို့ပဲ။ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်တရားကို ညွှန်ပြပေးခဲ့ဖို့ပဲ။

ဒါတွေက အခုအကုန်ရှိနေသေးတာမို့ ဒီတရားတော်အတိုင်း လိုက်နာကျင့်ကြံအားထုတ်ရင် မြတ်ဗုဒ္ဓရှိစဉ်တုန်းကလိုပဲ ထပ်တူ ထပ်မျှ အကျိုးထူးများကို ခံစားရပါတယ်။ နိဗ္ဗာန်ချမ်းသာကိုလည်း မျက်မှောက်ပြုနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်မစံမီမှာ ဗုဒ္ဓကိုယ်စား ကိုးကွယ် ဆည်းကပ်ဖို့အတွက် စေတီလေးမျိုးကို သတ်မှတ်ပေးတော်မူခဲ့တယ်။

**ဓာတုစေတီ**...ဗုဒ္ဓရဲ့ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်တဲ့ အခါ ကျန်ရစ်တဲ့ ဓာတ်တော်များကို ဘုရားရှင်ကိုယ်စား ကိုးကွယ်နိုင်တယ်။

**ဓမ္မစေတီ**...ဗုဒ္ဓမြတ်စွာ ၄၅ နှစ်တိုင်တိုင် ဟောကြားတော်မူခဲ့တဲ့ ပိဋကတ်သုံးပုံ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်နဲ့ နိဗ္ဗာန်တရားတို့ကို ဘုရားရှင်ကိုယ်စား ကိုးကွယ်ဆည်းကပ်နိုင်တယ်။

**ဥဒ္ဒိဿစေတီ**...သက်တော်ထင်ရှား မြတ်ဘုရားကို ရည်မှန်းပြီး ရေးသားတဲ့ ပုံတော်ပန်းချီကားချပ်တွေ၊ သစ်သားဆင်စွယ်စသည်တို့ကို ထုလုပ်ထားတဲ့ ဆင်းတုတွေ၊ အုတ် သဲ အင်္ဂတေစသည်တို့ဖြင့် တည်ဆောက်ထားတဲ့ စေတီပုထိုးတွေ၊ ဒီအရာတွေအားလုံးကို ဘုရားရှင်ကိုယ်စား ရှိခိုးပူဇော်နိုင်တယ်။

**ပရိဘောဂစေတီ**...မဟာဗောဓိပင် အပါအဝင် ဘုရားရှင်အသုံးပြုတော်မူခဲ့တဲ့ သပိတ် သင်္ကန်း တောင်ဝှေးစသည်တို့ကိုလည်း ဘုရားရှင်ကိုယ်စား ဆည်းကပ်ကိုးကွယ်နိုင်တယ်။

အဲဒီတော့ ဗုဒ္ဓဘာသာဝင်များက မြတ်ဗုဒ္ဓရဲ့ပုံတော်ပန်းချီကားတွေ၊ ဆင်းတုတော်တွေ ရှိခိုးပူဇော်တာဟာ ဥဒ္ဒိဿစေတီအဖြစ် ရည်မှန်းပြီး ရှိခိုးပူဇော်ခြင်းဖြစ်တယ်။ ပန်းချီကားအနေနဲ့ ရုပ်တု ဆင်းတုများအနေနဲ့ ရှိခိုးပူဇော်နေတာ မဟုတ်ဘူး။

ဥပမာ...ကွယ်လွန်သွားပြီးတဲ့ မိဘများရဲ့ဓာတ်ပုံကို ရှိခိုးကန်တော့နေတဲ့သူဟာ စက္ကူဓာတ်ပုံကို ရှိခိုးကန်တော့နေတာ မဟုတ်ဘူး။ သူ့မိဘကို ရည်မှန်းပြီး ရှိခိုးကန်တော့နေခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မိဘဓာတ်ပုံက အသက်ထင်ရှားရှိစဉ်အခါက မိဘတို့ရဲ့ ရုပ်ပုံကို ထင်မြင်လာအောင် အထောက်အပံ့ပြုတယ်။ မိဘရဲ့ ဂုဏ်ကျေးဇူးတွေ ထင်ပေါ်လာအောင် ကျေးဇူးပြုပေးတယ်။

စက္ကူဓာတ်ပုံကို ကျော်လွန်ပြီး မိဘတို့ရဲ့ တကယ့်ရုပ်သွင်နဲ့ မိဘတို့ရဲ့ ဂုဏ်ကျေးဇူးများ ပေါ်လွင်လာအောင် ကြည့်ရှုရသလို ဘုရားပန်းချီရုပ်တု ဆင်းတုများကို ကျော်လွန်ပြီး မြတ်စွာဘုရားရဲ့ တကယ့်ရုပ်သွင်နဲ့ ဂုဏ်တော်များ ကျေးဇူးတော်များ ပေါ်လွင်လာအောင် ကြည့်ရှုကြရမှာဖြစ်ပါတယ်။

ဒါကြောင့် ပုံတော် ဆင်းတုတော်တို့ဟာ အထောက်အပံ့ ပစ္စည်းမျှသာဖြစ်တယ်။ ပုံတော်ဆင်းတုတော်တွေ မရှိဘဲနဲ့လည်း မြတ်စွာဘုရားရဲ့ ဂုဏ်တော်များကို ရည်မှန်းပြီး ရှိခိုးပူဇော်နိုင်ပါတယ်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါကလည်း ဘုရားဂုဏ်တော်များကိုသာ ရည်မှန်းပြီး ပူဇော်ရပါတယ်။

မြတ်စွာဘုရားရဲ့ ဂုဏ်တော်များဆီသို့ စိတ်ရောက်တာချင်း တူရင် အကျိုးကျေးဇူးကလည်း တူမှာပဲ။ ဂုဏ်တော်များ စုပေါင်းထားတဲ့ ဘုရားရှင်ကို ဉာဏ်နဲ့မြင်အောင် အာရုံပြုရမယ်။

ဒါကြောင့် ဗုဒ္ဓဘာသာဆိုတာ ရုပ်ပုံရုပ်တုတွေကို ဆည်းကပ်ကိုးကွယ်တဲ့ ဘာသာမဟုတ်ပါဘူး။ ဒါက မသိနားမလည်သူတွေရဲ့ လွဲလွဲမှားမှား စွပ်စွဲမှုမျှသာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်တွေ ဆည်းကပ်ကိုးကွယ်နေတာက အရဟံ အစ ဘဂဝါအဆုံး အတုမရှိတဲ့ ဂုဏ်တော်များရဲ့ပိုင်ရှင် ဖြစ်တဲ့ ဗုဒ္ဓဘုရား၊ ထိုမြတ်စွာဘုရား ဟောကြားညွှန်ပြခဲ့တဲ့ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်လို့ ဆိုတဲ့ အတုမရှိမြင့်မြတ်တဲ့ ဓမ္မ

www.burmeseclassic.com

www.burmeseclassic.com



တရား၊ သစ္စာလေးပါးမြတ်တရားကို သိမြင်ကြပြီးတဲ့ အရိယသံဃာများနဲ့ မြတ်စွာဘုရားရဲ့အဆုံးအမသြဝါဒအတိုင်း ကျင့်ကြံနေကြတဲ့ သမုတိသံဃာ၊ ဒီဘုရား တရား သံဃာလို့ ဆိုအပ်တဲ့ ရတနာမြတ်သုံးပါးပဲ။

ဒီလို ကိုးကွယ်ဆည်းကပ်ထိုက်တဲ့ အမြတ်ဆုံးရတနာသုံးပါး ဆိုတာ အခြားဘယ်မှာ ရှာဖွေလို့ ရနိုင်ပါတော့မလဲ။

## နိုင်ငံခြားပါမောက္ခများ အရှုံးမပေးပြီ

ယခုအခါ မြန်မာနိုင်ငံသို့ နိုင်ငံခြားသားတွေ အဆက်မပြတ်ရောက်လာနေကြတယ်။ ရောက်လာရင် အများအားဖြင့် ရွှေတိဂုံဘုရား၊ ပုဂံဘုရားများ၊ မန္တလေး မဟာမြတ်မုနိဘုရား၊ စစ်ကိုင်းဘုရားများကို လည်ပတ်ဖူးမြော်ပြီး အဆင်သင့်ရင် တောင်ကြီးနဲ့ အင်းလေးကန်သို့ တစ်ရက်သွားလည်ကြတယ်။ ပြီးတော့ပြန်ကြတာပဲ။

မကြာသေးမီအချိန်က အင်္ဂလိပ် ပါမောက္ခ နှစ်ယောက်နဲ့ အမေရိကန် ပါမောက္ခနှစ်ယောက်တို့ မြန်မာနိုင်ငံသို့ ရောက်လာကြတယ်။ ထုံးစံအတိုင်း ဘုရားဖူးကြတဲ့အခါ 'အုတ်ပုံစေတီကို လူတို့က ပန်းပူဇော်တာ မီးပူဇော်တာ ရှိခိုးတာတွေဟာ ဘာအကျိုးကျေးဇူးရှိသလဲ' လို့ တွေ့တဲ့လူကြီးတွေကို မေးကြတယ်။ အင်္ဂလိပ်လိုမေးတယ်ဆိုတော့ မြန်မာဂေါပကလူကြီးတို့က ဖြေဖို့ ခက်နေကြတယ်။

အဲ...ဆူးလေဘုရားကို ပါမောက္ခအဖွဲ့ ရောက်လာကြတယ်။ ထုံးစံအတိုင်း သူတို့ရဲ့မေးခွန်းကို ဂေါပကလူကြီးများကို မေး

www.burmeseclassic.com

www.burmeseclassic.com



တယ်။ လူကြီးတွေက စေတီရင်ပြင်မှာ နေ့စဉ် တစ်နေကုန် ဝေယျာဝစ္စပြုလုပ်နေတဲ့ **မစ္စတာဘဲလူး** ကို အခေါ်ခိုင်းလိုက်ကြတယ်။

မစ္စတာဘဲလူးဟာ ဘရုတ်ကင်း အင်္ဂလိပ်ရှ် (Broken English) တော်တော်ပြောနိုင်တာကိုး။

မစ္စတာဘဲလူး ရောက်လာတဲ့အခါ အမေရိကန်ပါမောက္ခက မေးတယ်။

Why do you worship this Pagoda?

ဒီစေတီကို သင်တို့ဘာကြောင့် ကိုးကွယ်ကြသလဲ။

This Pagoda is made of bricks.

ဒီစေတီဟာ အုတ်နဲ့ တည်ဆောက်ထားတယ်။

Your houses are made of bricks.

သင်တို့ရဲ့အိမ်များကို အုတ်နဲ့ပဲ ပြုလုပ်ထားကြတယ်။

And your offices are made of bricks.

ပြီးတော့ သင်တို့ရဲ့ရုံးများကိုလဲ အုတ်နဲ့ပဲ ပြုလုပ်ထားကြတယ်။

What is the difference?

ဘာခြားနားမှုရှိသလဲတဲ့။

အဲဒီအခါ မစ္စတာဘဲလူးက အမေရိကန်ပါမောက္ခကို ပြန်မေးတယ်။

Do you have a wife, mister?

ဆရာ...သင့်မှာ ဇနီးမယား ရှိသလား။

Oh yes. အို...ရှိတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



Do you have mother?

သင့်မှာ အမေရှိရဲ့လား။

Oh yes, I have.

ဟာ…ရှိတာပေါ့ကွာ။

Do you have sister?

သင့်မှာ ညီမကော ရှိသလား။

Oh yes. အို…ရှိပါတယ်။

Now at night with whom do you sleep?

ကဲ…မိုးချုပ်တဲ့အခါ သင်ဘယ်သူနဲ့ အိပ်သလဲ။

Of course, I sleep with my wife.

ဟာကွာ…ငါ့ဇနီးနဲ့အတူ ငါအိပ်တာပေါ့။

Why don't you sleep with your mother?

သင့်အမေနဲ့ ဘာကြောင့်အတူမအိပ်သလဲ။

Why don't you sleep with your sister?

သင့်နှမနဲ့ ဘာကြောင့်အတူမအိပ်သလဲ။

Your mother is woman.

သင့်ရဲ့အမေဟာ မိန်းမပဲ။

Your sister is also woman.

သင့်နှမကလဲ မိန်းမပဲ။

And your wife is woman.

ပြီးတော့ သင့်ဇနီးကလဲ မိန်းမပဲ။

What is the difference?

ဘာခြားနားမှုရှိသလဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ အမေရိကန်ပါမောက္ခက မျက်လုံးမျက်ဆံပြူးပြီး ပြောလိုက်တယ်။

**Oh boy, I get your point.**

ဟုတ်ပြီကွာ၊ မင်းဆိုလိုတာကို ငါ နားလည်ပြီ။

မစ္စတာဘဲလူး နာနပ်ပေးလိုက်တာ အမေရိကန်၊ အင်္ဂလိပ် ပါမောက္ခတွေ မေးခွန်းထပ်မမေးနိုင်ကြတော့ဘဲ နှုတ်ပိတ်ပြီး ခေါင်းတညိတ်ညိတ်နဲ့ ထွက်ခွာသွားကြတော့တယ်။

အခြားဘာသာအယူရှိကြတဲ့ နိုင်ငံခြားသားတို့ဟာ စေတီကို အုတ်ပုံလို့ မြင်နေကြတယ်။ သစ္စာလေးပါးကိုမြင်သိတဲ့ ဗုဒ္ဓဉာဏ်တော်နဲ့ သဗ္ဗညုတဉာဏ်တော်ကို ကိုယ်စားပြုတဲ့အထိမ်းအမှတ်ဖြစ်တာကို သူတို့ မမြင်နိုင်ကြဘူး။ ဒီဉာဏ်တော်တို့ဟာ ထိပ်တန်းအကျဆုံး၊ အမြတ်ဆုံး ဉာဏ်တော်များဖြစ်ကြလို့ ဒီဉာဏ်တော်ဆီသို့ အာရုံညွှတ်သွားနိုင်တယ်ဆိုရင်ပဲ ကြည်ညိုစိတ်ဖြစ်သွားတယ်ဆိုရင်ပဲ ကြီးကျယ်တဲ့ ကုသိုလ်ကံစေတနာတွေ ကုဋေချီပြီး ဖြစ်ပေါ်လာကြတာကို သူတို့ မသိကြဘူး။

## ဗုဒ္ဓအောင်လံတော်

၁၉၆၄ ခုနှစ်က ရန်ကုန်ဆိပ်ကမ်းမှာ နိုင်ငံခြားသင်္ဘောတွေ အများကြီး ဆိုက်ကပ်ထားတယ်။ သင်္ဘောအစင်းတိုင်းမှာ သက်ဆိုင်ရာသင်္ဘောကုမ္ပဏီအလံနဲ့ နိုင်ငံတော်အလံကိုတပ်ဆင်ထားတယ်။

'အိစ်တင်းဆားဂါး (Eastern Saga အရှေ့တိုင်းရတနာ) အမည်ရှိတဲ့ သင်္ဘောတစ်စင်းမှာတော့ အင်ဒိုချိုင်းနားသင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီအလံ တင်ထားပြီးတော့ အလံတိုင်ထိပ်မှာ ဉာဏ်တော် ၁၈ လက်မခန့်ရှိ ရွှေရောင်ဝင်းနေတဲ့ ဗုဒ္ဓဆင်းတုတော်တစ်ဆူကို ဝင့်ဝင့်ကြွားကြွား ထူးထူးခြားခြား ခိုင်မြဲအောင် ပူဇော်ထားတယ်။

စာရေးဆရာ တက္ကသိုလ်မောင်ငြိမ်းချမ်းက စိတ်ဝင်စားလို့ သင်္ဘောမာလိန်မှူးဖြစ်သူ အင်္ဂလိပ်အရာရှိကို မေးကြည့်တယ်။

"သင်္ဘောအလံတိုင်ထိပ်မှာ ဗုဒ္ဓဆင်းတုတော်ကို ဘာကြောင့်တပ်ထားရတာလဲ၊ သင်္ဘောသားတွေက ဗုဒ္ဓကို ကိုးကွယ်ကြလို့လား"

"နိုး...မဟုတ်ဘူး"

"ဒါဖြင့် အလှထားတာလား"

"နိုး...နိုး မဟုတ်ပါဘူး၊ ဒီရုပ်တုထားတာ ကံကောင်းလို့"

"ဘယ်လိုကံကောင်းပါသလဲ၊ ကျွန်တော်သိခွင့်ရှိပါသလား"

"ဒီရုပ်တုမထားခင်က သင်္ဘောသားတချို့ ပင်လယ်ထဲကျပြီး သေကြတယ်၊ ကုန်ပစ္စည်းတွေ ပျောက်တယ်၊ သင်္ဘောသားအချင်းချင်း ရန်ဖြစ်ကြတယ်၊ ဒီရုပ်တုထားတဲ့အချိန်ကစပြီး အားလုံး အဆင်ပြေသွားတယ်၊ အေးချမ်းသွားတယ်"

ဒီလိုကြားရတော့ တက္ကသိုလ်မောင်ငြိမ်းချမ်း အလွန်ပီတိဖြစ်သွားတယ်။ သူတော်ကောင်းဓာတ် ရိုက်ခတ်ပုံ့နှံ့ပုံမှာ အလွန်ထူးခြားတယ်။

ဗုဒ္ဓဆင်းတုတော်ထားရှိရတဲ့ မူလအကြောင်းရင်းကို မောင်ငြိမ်းချမ်း ထပ်စူးစမ်းတော့ အင်္ဂလိပ်အရာရှိက မဖြေနိုင်တော့ဘူး။ မူလအကြောင်းရင်းကိစ္စက သူ့မတိုင်မီ ဖြစ်ခဲ့တာကိုး။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ သင်္ဘောမှာ လုပ်သက်အရင့်ဆုံးဖြစ်တဲ့ တရုတ်လက်သမား ဆရာကို ထပ်မေးမြန်းရတယ်၊ တရုတ်လက်သမားက စိတ်ရှည် လက်ရှည် ရှင်းပြတယ်။

"ဒီသင်္ဘောဟာ ကမ္ဘာ့အရှေ့ဖျားနိုင်ငံများက ကုန်တွေတင် ဆောင်ပြီး မြန်မာပြည်ကို ပထမဆုံးအကြိမ် ထွက်လာတုန်းက ပေါ့၊ မာလိန်မှူးက အင်္ဂလိပ်လူမျိုးပဲ၊ အရာခံမှူးနဲ့ သင်္ဘော သားများက တရုတ်လူမျိုးတွေပါ။

"အစကတော့ ရာသီဥတုက သိပ်ကောင်းမွန်နေပါတယ်၊ ရုတ်တရက် ကောင်းကင်ဟာ နီရဲလာပြီး မိုးသားတိမ်လိပ်တွေ တက်လာတယ်၊ လေပြင်းထန်လာတယ်၊ မုန်တိုင်းကြီး ဆင်လာ တော့တာကိုး၊ သင်္ဘောကြီးတစ်ဖက်စောင်းပြီး လွင့်သွားတယ်၊ အိမ်လောက်ကြီးတဲ့ လှိုင်းလုံးများက သင်္ဘောကို နှစ်မြှုပ်ပစ်တော့ မလို တဝုန်းဝုန်းဆောင့်ရိုက်ကြတယ်၊ သင်္ဘောကုန်းပတ်ပေါ် မှာရှိတဲ့ ပစ္စည်းတွေ အသက်ကယ်လှေတွေ အကုန်လွင့်စဉ်သွား ကြတယ်။

"သင်္ဘောသားတွေအားလုံး သေကြတော့မယ်ထင်ပြီး ငိုသူ ငို၊ အဖေအမေ ခေါ်သူ ခေါ်၊ အသက်ကယ်ကြေးနန်း ဆက်သူ က ဆက်၊ ဘုရားသခင် တ,သူက တ,နဲ့ တုန်လှုပ်ချောက်ချားနေ ကြတယ်၊ အဲဒီအခိုက် ကောင်းကင်တစ်ပြင်လုံး မှောင်မိုက်သွား လိုက်တာ သင်္ဘောတစ်စင်းလုံး နစ်မြုပ်သွားပြီလို့ ထင်လိုက်ကြ ရတယ်၊ သင်္ဘောရဲ့ တက်မကိုလဲ ထိန်းလို့ မရတော့ဘူး၊ လူတွေ ရဲ့ မျက်နှာမှာ သွေးမရှိတော့ဘူး။

"မုန်တိုင်းက ပိုထန်၊ လှိုင်းလုံးတွေက ပိုကြီး၊ သင်္ဘောဦးကို

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းလုံးများ ရိုက်ချတဲ့အခါ ဦးပိုင်းမြုပ်လိုက်၊ ပြီးတော့ လှိုင်းပေါ် သင်္ဘောမြင့်တက်လိုက်နဲ့ ဖြောင်းဆန်နေတုန်း ထူးခြားမှုတစ်ရပ်ဖြစ်ပေါ်လာတယ်၊ ရှေ့က လိမ့်လိမ့်ပြီး တက်လာကြတဲ့လှိုင်းလုံးကြီးများက ရွှေရောင်ဝင်းဝါနေပြီး အဲဒီလှိုင်းလုံးကြီးတွေကို သင်္ဘောဦးနဲ့ ထိုးခွဲလိုက်တဲ့အခါ အဝေးက ပြေးလာနေကြတဲ့ ရွှေရောင်လှိုင်းလုံးကြီးများပေါ်မှာ တင်ပျဉ်ခွေ ဗုဒ္ဓရုပ်ပွားတစ်ဆူ ထင်ထင်ရှားရှားပေါ်လာတယ်။

"အင်္ဂလိပ်မာလိန်မှူးက သူ့မျက်နှာက ရေတွေကို လက်နဲ့သပ်ချပြီး ရုပ်ပွားတော်ကို သေသေချာချာ စူးစိုက်ကြည့်တယ်။ သူ့ဘေးက အရာခံမှူးတရုတ်ကို မေးကြည့်တယ်။

"ဟေး...ဟိုမှာ ဘာလဲကွ"

"ဟာ...ဗုဒ္ဓ...ဗုဒ္ဓ၊ ရှိခိုးကြ...ရှိခိုးကြ"

အရာခံမှူးက အော်ပြောလိုက်တော့ မာလိန်မှူးကအစ အားလုံးပဲ ရှိခိုးဦးညွှတ်ပြီး "ဗုဒ္ဓ ကယ်တော်မူပါ၊ ဗုဒ္ဓ ကယ်တော်မူပါ" လို့ အော်ဟစ်ကြတယ်။ အဲဒီအခါ အံ့သြစရာကောင်းပုံက လေမုန်တိုင်းရော၊ လှိုင်းလုံးကြီးတွေရော အားလုံးငြိမ်ကျသွားကြတယ်၊ သင်္ဘောပေါ် လူတွေက ကြောင်စီစီနဲ့ အံ့အားသင့်ပြီး ငေးနေကြတယ်။

"ဗုဒ္ဓဟာ တယ်တန်ခိုးကြီးပါလား၊ ဗုဒ္ဓကယ်ပေလို့ပဲ"

လူတိုင်း သက်ပြင်းချပြီး ဝမ်းသာမဆုံးဖြစ်ကြရတယ်၊ ခရီးဆက်နှင်လို့ စင်ကာပူရောက်တဲ့အခါ တို့ကို ကယ်ခဲ့တဲ့ ဗုဒ္ဓရုပ်ပွားတော်မျိုး ရအောင် ထွက်ရှာကြတာ ဉာဏ်တော် ၁၈ လက်မ

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ဗုဒ္ဓဆင်းတုတစ်ဆူကို ရုပ်ပွားတော်ဆိုင်မှာ မြင်တွေ့တော့ ဝယ်ယူပြီး အခုလို တိုင်ထိပ်မှာ တင်ထားခဲ့တာပါပဲ”

တကယ်ဖြစ်ပျက်ခဲ့တဲ့ ဇာတ်လမ်းကလေးတော့ ပြီးဆုံးသွားပြီ။ ဗုဒ္ဓဂုဏ်တော်ရဲ့ အကျိုးကျေးဇူးများကတော့ ကမ္ဘာပျက်သည်းသော်လည်း ကုန်ဆုံးမည်မဟုတ်ပါ။

## ဗုဒ္ဓါနုဿတိ

ဗုဒ္ဓမြတ်စွာရဲ့ ဂုဏ်တော်တစ်ပါးပါးကို အထပ်ထပ် အဖန်ဖန် ဆင်ခြင်နှလုံးသွင်းနေသူဟာ ဗုဒ္ဓါနုဿတိကို ရှုပွားနေခြင်း ဖြစ်တယ်။

ဗုဒ္ဓါနုဿတိဆိုတာ အမြတ်ဆုံးသမထဘာဝနာဖြစ်တယ်။ အလွန်ကြီးကျယ်တဲ့ ကုသိုလ်တွေကို ရတဲ့အပြင် သဒ္ဓါထက်မြက်လာတယ်၊ အမှတ်သတိ ကောင်းလာတယ်၊ ပညာကြီးလာတယ်၊ နှစ်သက်ရွှင်လန်းခြင်း ပီတိနဲ့ ဝမ်းမြောက်မှု ပါမောဇ္ဇတို့ များစွာ ဖြစ်တယ်၊ ဘုရားနဲ့အတူနေရတဲ့ အမှတ်သညာ ရပြီး ဒုစရိုက်တရားတွေက ရှောင်နိုင်တယ်၊ မဂ်ဖိုလ်ရဖို့ အကြောင်းအထောက်အပံ့လည်း ဖြစ်တယ်။

ပွားများသူရဲ့ ခန္ဓာကိုယ်ဟာ စေတီထိုက်လာတဲ့အတွက် အများပူဇော်ခြင်းကို ခံယူထိုက်တယ်။ မကောင်းဆိုးဝါးများကလည်း အန္တရာယ်မပြုနိုင်တော့ဘူး။

ဒါကြောင့် အောက်ပါဂုဏ်တော်တစ်ပါးပါးကို အမြဲ နှလုံးသွင်းပါလေ။

www.burmeseclassic.com

www.burmeseclassic.com



၁။ **အရဟံ** = လွန်ကဲထူးမြတ်တဲ့ သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပြည့်စုံတော်မူသောကြောင့် လူနတ်ဗြဟ္မာသတ္တဝါတို့ရဲ့ မြတ်သောအလှူနဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ မြတ်စွာဘုရား။

**အရ-ဟံ** = တစ်ထောင့်ငါးရာကိလေသာတို့ကို အရဟတ္တမဂ်၊ ဉာဏ်သန်လျက်ဖြင့် ဝါသနာခလေ့ အငွေ့ပါမကျန်ကြွင်းရအောင် အလျှဉ်းပယ်ဖြတ်တော်မူတဲ့မြတ်စွာဘုရား။

**အ-ရဟံ** = ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုဟူသမျှတို့ကို ပြုတော်မမူ၊ ပြောတော်မမူ၊ ကြံစည်တော်မမူသော မြတ်စွာဘုရား။

၂။ **သမ္မာသမ္ဗုဒ္ဓ** = ခပ်သိမ်းသောတရားတို့ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကောင်းစွာထိုးထွင်းသိမြင်တော်မူတဲ့ မြတ်စွာဘုရား။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နော** = ဝိဇ္ဇာဉာဏ် ရှစ်ပါး၊ စရဏအကျင့်တရား ၁၅ ပါးတို့နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။

၄။ **သုဂတော** = ဟုတ်မှန်အကျိုးရှိပြီး သူနာခံလိုတဲ့စကားနဲ့ သူမနာခံလိုတဲ့ စကားနှစ်ရပ်ကိုသာ အကျိုးလိုလား၍ ပြောဆိုတတ်ပေတဲ့ မြတ်စွာဘုရား။

၅။ **လောကဝိဒူ** = သတ္တလောက၊ သြကာသလောက၊ သင်္ခါရလောကတို့ကို ဉာဏ်ဖြင့်ထွင်းဖောက်၍ အကုန်အစင်သိမြင်တော်မူတဲ့ မြတ်စွာဘုရား။

www.burmeseclassic.com

www.burmeseclassic.com



၆။ **အနုတ္တရောပုရိသဒမ္မသာရထိ** = မယဉ်ကျေးသေးတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးအောင်ဆုံးမမှု၌ အတုမရှိ၊ အမြတ်ဆုံးဖြစ်တော်မူတဲ့ မြတ်စွာဘုရား။

၇။ **သတ္ထာဒေဝ မနုဿာနံ** = နိဗ္ဗာန်သို့ ဆိုက်ရောက်အောင် ညွှန်ပြသွန်သင်တတ်တဲ့ လူနတ်တို့ရဲ့ ဆရာမြတ်အစစ် ဖြစ်တော်မူတဲ့ မြတ်စွာဘုရား။

၈။ **ဗုဒ္ဓေါ** = သစ္စာလေးရပ် မြတ်တရားကို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူပြီး သူတစ်ပါးတို့အားလည်း သိစေတော်မူတတ်တဲ့ မြတ်စွာဘုရား။

၉။ **ဘဂဝါ** = ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ တို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။

## ဘုရားဂုဏ်တော်အဖွင့်

### (ဘုရားရှိခိုးရန်)

**အရှင်ဇနကာဘိဝံသဆရာတော်၏ 'ရတနာ့ဂုဏ်ရည်' စာအုပ်မှ** ထုတ်နုတ်ဖော်ပြအပ်ပါတယ်။

၁။ သောဘဂဝါ – ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန – တစ်ထောင့်ငါးရာကိလေသာတို့ ဝါသနာဓလေ့ အထုံငွေ့မျှ မငွေ့မရိပ် ဝင်းဝင်းဖိတ်သို့ ရွှေစိတ်ပျံ့သင်း လွန်သန့်ရှင်း၍ မင်းမင်းပြည်သူကြည်ဖြူကော်ရော် အလှူတော်မှန် အပူဇော်ကို ခံတော်မူထိုက်သောဤအကြောင်းကြောင့်လည်း၊ အရဟံ – အရဟံဟူသော ဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးဖြင့် အံ့ချီး၍မကုန် ဖြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

၂။ သောဘဂဝါ – ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန – သဗ္ဗညုဉာဏ်အား စွမ်းပကားဖြင့် များသင်္ခါရ ဝိကာရနှင့် လက္ခဏပညတ် နိဗ္ဗာန်ဓာတ်ဟု ငါးရပ်သိရန် ဉေယျမြေကို ဖောက်ပြန်မရှိ ကိုယ်တော်တိုင် သိတော်မူသော ဤအကြောင်း ကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ – သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

၃။ သောဘဂဝါ – ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန – သုံးပါး ရှစ်ပါး နှစ်မျိုးအားဖြင့် ဟောထားပညာ ဉာဏ်ဝိဇ္ဇာတည်း နိဗ္ဗာနဓာတ်အမြိုက်ရပ်သို့ ဆိုက်ကပ်ရန်ဖြင့် အမှန်သင့်သည့် အကျင့်စရဏဆယ့်ငါးဝနှင့် တကွဥသုံ ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော – ဝိဇ္ဇာစရဏသမ္ပန္နဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

၄။ သောဘဂဝါ – ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန – ဒီပင်္ကရာထွတ်ချာသနင်း ခြေတော်ရင်းမှ မှန်ကင်းသီရိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင် ဆယ်ခိုင်ပါရမီ စုံပြည့်ညီလျက် သုံးလီဘဝ များသတ္တ၏ သုခစီးပွား ကျင့်သောအားဖြင့် မိုက်မှားအယူ မိစ္ဆာဟူက ဆံမြူ

www.burmeseclassic.com

www.burmeseclassic.com



တစိ မကပ်ငြိဘဲ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် သဗ္ဗညုဉာဏ်တော် ရကြောင်းရော်၍ ကြွတော်မူခဲ့သော ဤအကြောင်းကြောင့်လည်း၊ သုဂတော – သုဂတဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍ မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

၅။ သောဘဂဝါ – ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန – သတ္တောကာသ သင်္ခါရဟု လောကသုံးဘုံ အလုံးစုံကို အာရုံထင်စွာ ပိုင်းခြားကာဖြင့် ကောင်းစွာကုန်စင် သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း၊ လောကဝိဒူ – လောကဝိဒူဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

၆။ သောဘဂဝါ – ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန – ဆုံးမသင့်ရန် သတ္တဝါမှန်သော် ခြောက်တန်လျှင် ခြောက် မြှောက်တန် မြှောက်၍ အောက်အောက်ထက်ဂုဏ် ဆင့်ဆင့်ဆုံဖို့ ဖုံဖုံသင်ပေး အစဉ်ပေးလျက် ယဉ်ကျေးလေအောင် သွေးဆောင်ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ အနုတ္တရော ပုရိသ ဒမ္မ သာရထိ – အနုတ္တရော ပုရိသ ဒမ္မသာရထိ ဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

၇။ သောဘဂဝါ – ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန – သတ္တဝါဟော် ကုန်

www.burmeseclassic.com

www.burmeseclassic.com



သည်ကျော်သည် ဖော်လှော်ငယ်သား နောက်ပါများကို ရေရှား ဘေးခ ကန္တာရမှ ခေမမြေငှ ထုတ်ကယ်ယူသို့ ထို့တူတစ် ခဲယဉ်း ဘိသည့် ဇာတိဇရာ မရဏာဟု ကန္တာရကြမ်း ခရီးလမ်းမှ ရွှေနန်း မြေငှ ပြည်နိဗ္ဗူသို့ နတ်လူဗြဟ္မာ သတ္တဝါကို ကောင်းစွာဆောင် ယူ ကယ်တင်တော်မူတတ်သော ဉာဏ်အကြောင်းကြောင့်လည်း၊ သတ္တာဒေဝ မနုဿာနံ - သတ္တာဒေဝမနုဿာနံ ဟူသော ဂုဏ် တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင်ကျော် ကြား ထင်ရှားတော်မူပေသည်တကား။

၈။ သောဘဂဝါ - ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ် ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန - ဒုက္ခ သမုဒယ နိ ရောဓနှင့် မဂ္ဂမည်သာ လေးသစ္စာကို ဦးစွာပိုင်ပိုင် သိမြင်နိုင်၍၊ သုံးဆိုင်ဝေနေ များဗိုလ်ခြေကို မသွေအတူ သိစေတော်မူနိုင်သော ဉာဏ်အကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ - ဗုဒ္ဓဟူသော ဂုဏ်တော်ကြီး ဖြင့် အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင်ကျော်ကြား ထင် ရှားတော်မူပေသည်တကား။

၉။ သောဘဂဝါ - ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ် ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန - အဏုမြူသဖွယ် ပျောက်ကွယ်သိမ်မွေ့ မမြင်မတွေ့အောင် ရုပ်ဆောင်ဖန်ဆင်းနိုင် သော 'အဏိမာ' ဘုန်းတော်...

စိတ်၏အလား ကောင်းကင်ဖျား၌ ပေါ့ပါးလျင်မြန် ဈာန်ပျံ ကြွသွားနိုင်သော 'လဃိမာ' ဘုန်းတော်...

ကိုယ်တော်သဏ္ဌာန် ပုံဟန်တိုင်းပြား မနှိုင်းအားဖို့ ကြီးမား လေအောင် ရုပ်ဆောင်ဖန်ဆင်းနိုင်သော 'မဟိမာ' ဘုန်းတော်

www.burmeseclassic.com

www.burmeseclassic.com



ဆီးတားကွယ်ကာ မရှိပါဘဲ လိုရာတိုင်းပေါက် တစ်ခဏလောက်ဖြင့် ကြွရောက်နိုင်သော 'ပတ္တိ'ဘုန်းတော်...

အဆင်းအတန်တန် ပုံသဏ္ဌာန်ကိုစီမံဖန်တီး တစ်ခဏတည်းဖြင့် ပြီးစီးနိုင်သော 'ပါကမ္မ' ဘုန်းတော်...

ကိုယ်တော်မြတ်၏ စိတ်ဓာတ်တော်မှ စ၍မကြွင်း လူနတ်မင်းကို ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သော 'ဤသိတာ'ဘုန်းတော်...

သမာပတ်ဈာန် အအဘိညာဉ်ကို ဝင်စံလိုက တစ်ခဏချင်းပိုင် ဝင်စားနိုင်သော 'ဝသိဘာ'ဘုန်းတော်...

ကိစ္စတစ်ခု ပြုစုတုန်းပင် ပြီးဆုံးချင်သော် ဆောလျင်မသွေပြီးဆုံးစေနိုင်သော 'ယတ္ထကာမဝသာယိတာ'ဘုန်းတော်...

ရှစ်ဖော်အပြား ဤသို့အားဖြင့် ထင်ရှားလေဘိ 'ဣဿာရိယ' ဘုန်းတော်...

ကိလေသာရန် ပယ်ဖျက်လှန်ဖို့ နိဗ္ဗာန်မဂ်ဖိုလ် ကိုးချက် အပြား လောကုတ္တရာတရားဟူသော 'ဓမ္မ'ဘုန်းတော်...

ဟုတ်တိုင်းမှန်စွာ ဖြစ်ပေါ်လာ၍ ကမ္ဘာတိုက်ပေါင်းသောင်းလောကဓာတ်ပွဲတင်ထပ်မျှ နှံ့စပ်သတင်း ကျော်စောခြင်းဟူသော 'ယသ'ဘုန်းတော်...

ရွှေမျက်နှာတော် လက်ခြေတော်မှ စ၍မကြွင်း ပင်လုံးဝင်းသည့် ပန်းမင်းအနေ ကျက်သရေမင်္ဂလာ စုဝေးကာဖြင့် လွန်စွာတင့်တယ် သပ္ပာယ်တော်မူသော 'သိရီ'ဘုန်းတော်...

အလိုတော်အတိုင်း တောင့်တတိုင်းပင် မဆိုင်းမတွ ပြီးစီးရမည့် 'ကာမ'ဘုန်းတော်...

www.burmeseclassic.com

www.burmeseclassic.com



တစ်လောကလုံး ညွှတ်ရုံးကိုးစား အားထားဖို့ရာ လွန်စွာကြီးကျယ် အားထုတ်တော်မူသော 'ပယတ္တ' ဘုန်းတော်...

ဤခြောက်ဖော်ဂုဏ် ဘုန်းတော်ဟုန်နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊ ဘဂဝါ – ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပေသည်တကား။

ဒေါက်တာ မင်းတင်မွန်

www.burmeseclassic.com